
စိန်စာပေ
ရင်မသည်းဖို အချစ်ဝတ္ထု
အယာဒုက
သင်္ဘောကြီးပေါ်မှာ
ဧရာမ အပျော်စီး ခရီးသည်တင် သင်္ဘောကြီးတစ်စီးပေါ်က ခွဲစိတ် ဆရာဝန်တစ်ဦး

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☐ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☐ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ☐ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☐ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ☐ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☐ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ☐ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☐ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☐ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☐ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ☐ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☐ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☐ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☐ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

"ကျေး ဇူး တင် လွှာ"

ကနဦးကတည်းက အားပေး ဖတ်ရှုကြပါသော ရပ်ဝေးရပ်နီး နယ်ဝေးနယ်နီး ရေခြား မြေခြားမှ စာဖတ် ပရိသတ် အပေါင်းအား လည်းကောင်း၊

ဖြန့်ချိ၊ ရောင်းချ၊ ငှားရမ်း ပေးပါသော စာပေ လုပ်ငန်းရှင်ကြီးများနှင့် မိတ်သင်္ဂဟ ရောင်းရင်း ဘော်ဒါ အပေါင်းအား လည်းကောင်း၊

ကူညီသမျှပြုကြသူများ အားလုံးအား လည်းကောင်း

ကျေးဇူးများစွာ တင်ရှိပါကြောင်း။

ဖြန့်ချိရေး စိန် စာပေ

# ဘယာနိုက

## သင်္ဘောကြီးပေါ်မှာ

ရင်မသည်းဖို နှင့် အချစ်ဇာတ်လမ်း

ဇာတ်လမ်း စိတ်ကူးရှင် ကျူးရင့်စာ နှင့် ဖူးရွှေစာ

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၇၂၇၀၇၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၈၄၃၀၈၁၀ |
| ထုတ်ဝေသူ | ဦးကျော်ဟင်း (ယုံကြည်ချက် စာပေ)<br>၁၁၁၊ ၃၃လမ်း၊ ကျောက်တံတား မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်း/အဖုံး ပုံနှိပ်သူ | ဦးကျင်ရင် (၀၅၄၁၇)<br>ရွှေခြသေ့် ပုံနှိပ်တိုက်<br>အမှတ်၁၂ ၊ စောရန်ပိုင်အနောက်ရပ်ကွက်၊<br>သရဖီလမ်း၊ အလုံ၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ၂၀၁၀၊ အောက်တိုဘာလ<br>ပထမအကြိမ် |
| အုပ်ရေ | ၁၀၀ |
| တန်ဖိုး | ၁၀၀၀/ ကျပ် |
| ဇာတ်လမ်း စိတ်ကူးရှင် | ကျူးရင့်စာ နှင့် ဖူးရွှေစာ |
| cover graphic | စိုးစီစာ နှင့် ခွန်းရွှေစာ |
| DTP | ညင်းညံ့စာ နှင့် သံချိုစာ |
| ဖြန့်ချိရေး | စိန်စာပေ ၀၉၅၀၂၇၅၆၆၊ ၀၉၅၀၁၁၂၈၄ |

၈၉၅. ၈၃

ဘယာနက

သဘော်ကြီးပေါ်မှာ/ ဘယာနက ။ – ရန်ကုန်

ယုံကြည်ချက် စာပေ ၊ ၂၀၁၀ ။

၁၄၀ – စာ ၊ ၁၃ × ၂၀ . ၇ စင်တီ

( ၁ ) သဘော်ကြီးပေါ်မှာ

## “ခရီးသည်တင် သင်္ဘောကြီးပေါ်မှာ”

ရောမ မဟာ ဟိုတယ်ကြီးကို ရေပေါ်မှာ ခိုင်ခိုင်ကြီး တည်ဆောက်ထားလေသလားဟု ထင်မှတ်မှားယူရလောက်သည့် အပျော်စီးခေတ်မီ ခရီးသည်တင် သင်္ဘောကြီး တစ်စီး။

ဆောင်းနှောင်းနှင့်နွေဦးအကြား စပ်ကူးမတ်ကူးကာလ ညနေခင်း ဆိပ်ကမ်းအလှ၏ ရောင်စုံအရောနှော မီးများကြားမှာ သည်သင်္ဘောကြီးထက်က ထိန်လင်း ဝင်းပ ရွှန်းမြ မီးရောင်စုံ ပသာဒများက ပိုမို တောက်ပ နေကြလျက်ရှိနေကြသည်။

ဤသင်္ဘောကြီးသည် သူမ ခေတ္တ နားခိုနေထိုင်ဝပ်စင်းရမည့်ဆိပ်ခံတံတားကြီး တစ်ခုဆီသို့ တဖြည်းဖြည်းချင်း ဦးတည် ချဉ်းကပ်လာနေသည်။

ကမ္ဘာလုံးချီပြီး နေ့ညစွာ ကြီးမားကြွယ်ဝသူများ အဖို့တော့ မိမိကိုယ်ပိုင် အပျော်စီးခေတ်မီ သင်္ဘောများပေါ်တွင် အေးအေးလူလူ စိတ်ကြိုက်အနားယူဖိမ်ခံ အပန်းဖြေနိုင်ကြပါလျက် ဤသို့သော ကမ္ဘာအနှံ့သမုဒ္ဒရာများဖြတ် မဟာ့ မဟာ ဆူပါ ပါစင်ဂျာ သင်္ဘောကြီးများပေါ်မှာမှ တကူးတကန့်ကြီး လာပြီးပဲ ပျော်နိုင်ရသလားလေ။ ထူးလည်း ထူးကြပါပေ့။

သူတို့ အဖို့တော့ ဖျော်ဖြေမှု၊ ပျော်ရွှင်မှု၊ ချမ်းမြေ့မှု၊ သာယာမှု တစ်ခုခု ခြားနားကြ၍ပဲ ဖြစ်မည်ထင်သည်။

နတ်ပြည်က နတ်ချမ်းသာများရထားသလို ပြည့်စုံ သာယာလှသော သည်လိုလူမျိုးခြား လူတန်းစားကြီးများကြားတွင် သာမာန် အညတြဗမာပျိုမငယ်လေးတစ်ယောက် ဘာအကြောင်းကြောင့်ရယ်များ ရောက်နေရပါလိမ့်။

စိန်စာပေ

မှုန်းရွှေစင်။

တည်ခင်း ကျွေးမွေး ဖြည့်ဆီးဆောင်ရွက်ပေးရေးဆိုင်ရာဌာနစိပ်မှ အလုပ်သင်မလေး။ ငယ်ရွယ်နုနယ်ပြီး ပြစ်မျိုးမှည့်မထင် ချစ်စရာ ချောမော စိုပြေ လှပသူ ကလေး။

ဤသင်္ဘောကြီးပေါ်ရောက်သည့်မှာလည်း ရက်ပိုင်းမျှသာရှိသေး။

အလုပ်စတင်ဝင်ရောက် လာသည့်မှာလည်း နာရီပိုင်းထက်မပိုသေး။

သွက်သွက် လက်လက် ချက်ချက်ချာချာ။

ခုတော့ အကြောက်ကြီးကြောက်ကာ တုန်တုန်ရီရီပင် ဖြစ်နေပါသည်။

သူမ ဖြည့်ဆီးဆောင်ရွက်ရန် တာဝန်ကျရာ စားတော်ပွဲပိုင်းကြီးဆီမှ သည့်အကြောက်တရားကြီးကို မမျှော်လင့်ဘဲ ရရှိခဲ့ခြင်းဖြစ်ပါသည်။

မှုန်းရွှေစင်တစ်ယောက် သူမကိုယ် သူမ သိပါသည်။

အန္တရာယ်တစ်ခု ကျရောက်တော့မည်ဆိုလျှင် သူမ၏ အတွင်း စိတ်ထဲမှာ မွေးရာပါ သတိပေးသံများ ပေါ်ပေါက်လာတတ်စမြဲ မဟုတ်ပါလား။

ခုလည်း သည်အသံတွေ လာနေပါပြီ။

နောင်ခါနောင်ခါချေး၊ လုပ်ငန်းခွင်ထဲ ဖြစ်ချင်ရာသာ ဖြစ်စေတော့။

သူမ၏ ဝန်ထမ်းများဆိုင်ရာ ကေဗင် အခန်းဆီသို့ အမြန်သွားရောက် ပြေးပုန်း ချင်စိတ်သာ ပေါ်ပေါက်နေလေသည်။

လက်ရှိ အလုပ်လုပ်နေရာ ဤနေရာမှ နည်းနည်းလေးမှ မခွာသင့်မှန်း သူမ သိပါသည်။ သို့သော်လည်း လောလောဆယ် သူမအတွက် ထိုစားပွဲကြီးမှ ဧည့်သည်များအနီး သွားချင်စိတ် လုံးဝ မရှိဖြစ်နေ၏။

ယခုလောလောဆယ်တော့ သူမ အပေါ် သားကောင် တစ်ကောင်သဖွယ် ဝိုင်းဝန်းကြည့်ရှုကြရင်း အကြံအစည်တစ်ခုခုကိုတိုင်ပင်နေလိုက်ကြသည့် ထိုသူတို့၏ ဟန်ကို မြင်လိုက်ရကတည်းက သူမ၏ မသိစိတ်က အချက်ပေးလာကြပါပြီ။

ခြေလှမ်းလေးပင် လှမ်းနိုင်စွမ်း မရှိရှာပါပေ။

ဤနေရာမှ ခေတ္တယာယီ ဖယ်ခွာနေချင်စိတ်များ ပေါက်နေပါသည်။

ထို့ကြောင့်လည်း သူမ လုပ်ငန်းစိပ်ရှိ အကြီးအကဲ ဆားဗီးယား အမျိုးသမီး အစ်မကြီးထံ မိန်းကလေးတို့၏ အလွန် အရေးကြီးသော ကိစ္စတစ်ခု ရုတ်တရက်ကြီး ဖြစ်ပေါ်နေပါသည်ဟု ဖွတ်အကြောင်းပြ တောင်းပန်ကာ လုပ်ငန်းခွင်ထဲမှ ခေတ္တ ထွက်ခွာလာခဲ့မိ၏။

ထိုဆားဗီးယား အမျိုးသမီး ဝန်ထမ်း အကြီးအကဲ အစ်မကလည်း ကိုယ်ချင်း စာနာတတ်ပြီး တာဝန်ယူလိုစိတ် ရှိရှာပါပေသည်။

စောစောက စားပွဲမှ အခြေအနေ တော်တော်လေး အေးပြီး အချိန်လေး အနည်းငယ်ကြာတော့မှ သည်အစ်မကိုတောင်းပန်ပြီး တစ်ခုခုကို မှန်းရွှေစင် တောင်းဆိုရပါလိမ့်မည်။

သူမတာဝန်ကျရာ တည်ခင်းကျွေးမွေးရေးခန်းမကြီးရှိ စားတော်ပွဲပိုင်းနှင့် အခြား တည်ခင်းကျွေးမွေးရေးခန်းမကြီးရှိ ဝန်ထမ်းမလေးတစ်ဦးဦး၏ စားတော်ပွဲ ပိုင်းချင်း လဲလှယ်ပေးပါမည့် အကြောင်းကို အကြောင်းပြချက် ခိုင်ခိုင်လုံလုံ မရှိဘဲ အနူး အညွတ် မေတ္တာရပ်ခံ တောင်းဆိုရပါလိမ့်မည်။

ခုတော့ သူမ အချိန်လေးရသခိုက် သူမ၏ ဝန်ထမ်း ကေဗင်ခန်းလေးမှာ ခဏလေးသွားပြီး စိတ်ဓာတ် နည်းနည်းလေး အားမွေး အားဖြည့် ပြုလိုက် ချင်ပါသေးသည်။

တာဝန်ရှိဝန်ထမ်းများချည်း သီးသန့် သွားလာအသုံးပြုရသော စင်္ကြံမှ တစ်ဆင့် ဝန်ထမ်းသုံး ဓာတ်လှေကားရှိရာဘက်သို့ ချိုးကွေ့လိုက်သည်။

တာဝန်ရှိ ဝန်ထမ်းများမှတစ်ပါး မည်သူမျှ မဝင်ရ။

ဝန်ထမ်း ဝတ်စုံဝတ် မဟုတ်သူများ မဝင်ရ နယ်မြေ။

သို့သော်။

ဓာတ်လှေကားပေါက်ရှေ့မှာ အမျိုးသားတစ်ဦး။

အထက်အောက် အနောက်တိုင်းဝတ်စုံ ဝတ် ထားသည်။

သူမ ကို မြင်လိုက်သည်နှင့် ထိုသူက အလွန် လျှင်မြန်သောနှုန်း ဖြင့် သူမ ထံ စတင် ပြေးလာလေသည်။

ကနဦးတော့ မှန်းရွှေစင်ခမျာ ကြောင်တက်တက်လေး ဖြစ်နေသေး၏။

သို့သော် စက္ကန့်ပိုင်းအတွင်း ထိုသူ ပြေးလာပုံက သူမကိုပဲ မရ အရ အမိဖမ်းတော့မလိုလို အသည်းအသန် ဟန်ပန်ဖြစ်နေကြောင်း သိလိုက်ရသည်။

နဂိုကမှ အချက်ပြသံများပေးနေသည့် မှန်းရွှေစင်၏ မသိစိတ်ခမျာ အထူးတပ်လှန့်သံ အနီရောင်အဆင့် အချက်ပေးမှုများကို စက္ကန့်ပိုင်းအတွင်း ထုတ်လွှတ်လိုက်လေတော့သည်။

♛ ♛ ♛

## "နောက်ယောင်ခံ လိုက်နေကြသူများ"

သူမ အဖို့ ထွက် မပြေးသင့်မှန်း သိပါသော်လည်း အခြေအနေက သူမ၏ခြေထောက်လေးများကို သုတ်ခြေတင်ပြေးရန် ဖွတ်တရွတ်ကြီးကို တိုက်တွန်းလိုက်ပါချေပြီ။

မသိစိတ်၏ လွန့်တုံ့မှုက ထိုခြေထောက်လေးများကို အလိုလို နှိုးကြားစေလိုက်ပြီထင့်။ တစ်လမ်းထဲသာရှိတော့သော သူမ၏ပြေးလမ်းက သင်္ဘောစီးခရီးသွား ဧည့်သည်များချည်းသာ သွားလာ အသုံးပြုရာဘက် အခြမ်းဆီသို့။

စကြံဘက် တံခါးကြီး။

ထိုမှာဘက်သို့စကြံဘက်တံခါးကြီးကို ဖွင့်ပြီး ထွက်ပြေးရန်ပင်ဖြစ်သည်။

တကယ်တော့ ထိုမှာဘက်ဆီကို မည်သည့် သင်္ဘောပေါ်ရှိ ဝန်ထမ်းကမှ တာဝန်မရှိဘဲ သွားလာ လည်ပတ် လှုပ်ရှားခွင့် မရှိချေ။

ခုတော့ဖြင့် မတတ်နိုင်ပါပြီ။

ထိုတံခါးကြီးကို ဆတ်ခနဲ ဆွဲဖွင့်ပြီး အပြင်ဘက်သို့ ထွက်လိုက်သည်။

တံခါးကိုချက်ခြင်းပြန်ပိတ်ပြီးနောက် သူမ၏ နောက်သို့ ထိုလူ ချက်ခြင်းလိုက်လာ၍ မရအောင်လည်း တစ်လက်စတည်း စဉ်းစားလိုက်သည်။

ဖျတ်ထိုးဉာဏ်က လုစ်ခနဲ ထွက်လာသည်။

ထိုတံခါးကြီးရှိ ဘယ်ညာ စတီးလက်ကိုင်ကွင်း နှစ်ခုထဲသို့ သူမ၏ ခါးမှာ ပတ်ထားသော တည်ခင်းကျွေးမွေးရေး ဝတ်စုံမှ ပဝါစကြီးကို ထိုးထည့်လိုက်

သည်။ ပြီးနောက် သုံးလေး ငါးခေါက် အပိုင်ချည်ကာ အသေထုံးလိုက်သည်။

စက္ကန့်များ မကြာမီမှာပင် ထိုတံခါးကြီးကို ခပ်ကြိတ်ကြိတ်တွန်းနေပါချေပြီ။ နာနာတွန်းလေ အထုံးပိုကျစ်လေ ဖြစ်နေပါပြီ။

အပြင်ဘက်မှနေ၍ ထိုအဝတ်စကြီးကို ဓားနှင့် ဖြတ်ပြီး မထုတ် သရွေ့ ထိုတံခါးကြီး တော်တော်နှင့် ပွင့်လာဖို့ လမ်းမမြင်။

အလုပ်ဝင်ကတည်းက မှူန်းရွှေစင် ဧည့်သည်များသွားလာ လှုပ်ရှားရာ ကန့်သတ် ဧရိယာဘက်ဆီသို့ တစ်ခါမှ မရောက်ဖူးပါ။

ထို့ကြောင့် မှူန်းရွှေစင် သည်စကြံလမ်းများကို ကောင်းကောင်း မကျွမ်းကျင်လှပါ။ ဘယ်ကွေ့သို့ ရောက်လျှင် ဘာတွေရှိပြီး ဘယ်ထောင့်သို့ ရောက်လျှင် ဘယ်အခန်းများရှိနေကြောင်း သူမ နှံ့နှံ့စပ်စပ် မသိရှာပါ။

လမ်းညွှန်ဆိုင်းဘုတ်လေးများ အားကိုးလေးဖြင့် မှားသွား ပြန်လှည့်၊ မမှန်လျှင် ပြန်ပြင် စံနစ်ကို သုံးနေရ၏။ အကန်းစမ်းနေသလို ဖြစ်နေရသည်။

စကြံလမ်းတစ်လျှောက် ထိုလမ်းညွှန်အချက်ပြ နီယွန် ဆိုင်းဘုတ်လေးများကို တစ်မျှော် တစ်ခေါ်ကြီး မြင်နေရသော်လည်း စိတ်ကသာ သိနေပြီး ခြေထောက်များက သိကြသေးဟန် မတူချေ။

အချို့သော ထောင့်ကွေ့များတွင် လည်ပတ်နေသော စက်လှေကားများရှိနေကြသလို အချို့သော အချိုးအဝိုက်များတွင်တော့ ရိုးရိုးလှေကားများ ရှိနေကြ၏။ အချို့သော စကြံအဆုံးတိုင်းတွင်ကား အရေးပေါ်ထွက်ပေါက်များရှိကြောင်း တွေ့ရသည်။

စကြံလက်ဝဲလက်ယာ တစ်လျှောက် မဟော်ဂနီရောင် တောက်ပြောင်နေသော အစီအရီအခန်းများက တလက်လက် ထနေကြသည်။ အကောင်းတကာ့ အကောင်းဆုံး ပထမတန်းစား ထိပ်တန်း အခန်းများချည်း မဟုတ်ပါလား။

ဥရောပ ရှေးအနုအလှလက်ရာ ကနုတ်ပန်း အပျိုး အပြောက် အမွှမ်း တို့နှင့် မိမိတို့၏ ယဉ်ကျေးမှုများကို ဂုဏ်ယူ တန်ဆာ ဆင်ထားလိုက်သည်များမှာ ရင်သတ် ရှုမဆုံး ခန့်ငြားလှပါပေ့။

အို၊ ဒါတွေထားပါ။ မှူန်းရွှေစင်တစ်ယောက် ဒါတွေကို စက္ကန့်ပိုင်းလေးထက်ပို၍ မခံစားနိုင်အားရှာပါ။ ယခု လောလော လတ်လတ် မိနစ်ပေါင်းများစွာ ခံစား နေရသည်က ကြီးစွာသော ထိတ်လန့် ကြောက်ရွံ့မှု။

ခုနှစ်ပေခန့် အမြင့်ရှိသော စကြံကော်ဇောခင်းအမိုးကိုလည်း လှပခန့်ငြား

တင့်တယ်လှသော အကွေးအဝိုက် အလုံးအကြွ အနေအလှ ပသာဒ လေးများနှင့် မွမ်းမံထားပြန်သည်။ ထိုဂန္ထဝင် ရသလေးများကြားမှာ ခပ်မှိန်မှိန် လေးလင်းနေသော မီးဆိုင်းကြီးများကို အစီအရီ တပ်ဆင်ထားသည်။

တစ်ဖန် ထိုအမိုးဆီမှ နီကာယ်ခရိုမီယမ် သတ္တုစပ်ကိုင်း အထိန်းလေးများ အသုံးပြုလျက် လမ်းညွှန်အချက်ပြ နီယွန် အင်ဒီ ဂေးရှင်း ဆိုင်းဘုတ်လေးများကို တွဲလောင်းချ ဆွဲပြီး ပြသထား၏။

ဟော၊ တွေ့ပါပြီ၊ သူမ အရေးတကြီး ရှာဖွေနေတာ။

တွဲုင်းလက် သင်္ကေတ နီယွန် ဆိုင်းဘုတ် လင်းလင်းလေး။

ယောက်ျားနှင့် မိန်းမ သတ်မှတ်ချက် လိုဂို အမှတ်အသားပုံလေးများ။

ကိုယ်လက်သန့်စင် ကျန်းမာရေး ထိန်းသိမ်းခန်း။

နောက်ဘက် ကော်ရစ်ဒါဆီသို့ မှုန်းရွှေစင်လေး အမြန်လှည့်ကြည့်လိုက်ရပြန်သည်။ အရေးထဲ လှိုင်းက သဲ့သဲ့လေး လှုပ်သွား၏။

ဟိုးနောက်နားဆီမှာ လူတစ်ယောက် ခပ်သုတ်သုတ် ကွေ့ထွက်လာသည်။

ဉရောပဝတ်စုံ အထက်အောက် အနက်နှင့်။

သေပါပြီ။ မှုန်းရွှေစင် အရှာနှေးနေရသည်ကြောင့် စောစောက တံခါးပိတ်မိနေသူ ပြန်၍ မီလာပြီ ထင်သည်။ ကနဦးတုန်းက သူမ၏ စိတ်ကူးများ အငွေ့ပျံသလို ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားကြ၏။

သန့်စင်ခန်းထဲဝင်ပြီး ခဏလောက် ပုန်းနေမည်။ အခြေအနေ တည်ငြိမ်သွားလောက်ပြီဆိုမှ သန့်စင်ခန်းထဲမှ တိတ်တိတ်လေး ထွက်လာမည်။

ပြီးနောက် ညေ့သည်သုံး ဓာတ်လှေကား ရှိရာဆီသို့ အမြန်ပြေးမည်။

ဝန်ထမ်း မဖြတ်သန်းရ နယ်မြေများမှ တစ်ဆင့် သူမ တို့၏ ဝန်ထမ်း အခန်းများရှိရာ ဆယ့်တစ်ထပ်ဆီသို့ အရောက် သွားမည် ဖြစ်သည်။

သူမ အခန်းရှိရာနေရာကို သူတို့အား သိခွင့် မပေးနိုင်။

ယခုတော့ ထိုစိတ်ကူးကို ချက်ခြင်း ပြောင်းလိုက်ပါမှ ဖြစ်တော့မည်။

အဘယ့်ကြောင့်ဆိုသော် သူမ၏ မျက်နှာချင်းဆိုင် တူရူရှေ့ရှိ စင်္ကြံပေါ်တွင်လည်း ဉရောပဝတ်စုံ အထက်အောက် အနက်ရောင် ဝတ်ဆင်ထားသည့် လူတစ်ယောက် ထပ်မံ ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်လေသည်။

ဆင်တူနေသော ပုံစံကိုကြည့်ရခြင်းအားဖြင့် သူတို့သည်အုပ်စု တစ်အုပ်စုထဲမှ ဖြစ်မည်ဟု အမြန်ဆုံး ခန့်မှန်းလိုက်သည်။

သူတို့ကို ကြည့်ရသည်မှာ အလွန်အရေးကြီးသောပုဂ္ဂိုလ်တစ်ဦးဦး၏ တရားဝင် သက်တော်စောင့် ကိုယ်ရံတော်များ၏ ပုံစံပေါက်နေ၏။

သူမသွားလေရာနေရာတွေမှာကို သူတို့ကို ဘာကြောင့်များ တွေ့နေရပါလေသနည်း။

ဘာအကြောင်းကြောင့်များ ခုလို ဆုံဖြစ်နေရပါလေသနည်း။

မှုန်းရွှေစင် စဉ်းစားချိန် မရသေး။

လောလော ဆယ်တော့ ထိုသူများ၏ စက်ကွင်းမှ ကင်းကင်း ရှင်းရှင်း နေလို လှပါသည်။

ပြီးတော့ တစ်ဖန် မှုန်းရွှေစင်၏ သဘာဝ ရင်တွင်းစိတ်ထဲက တလှပ်လှပ်နှင့် အလိုလို ခံစား သိရှိနေသည်များ ပေါ်လာပြန်သည်။

ထိုသူများကား သူမကို စိတ်အနှောင့်အယှက်တစ်ခုခု ပေးမည့် သတ္တဝါများဟု။ ယုဆွအဆုံး ဒုက္ခ တစ်စုံတစ်ရာ ပေးတော့ မည်မှန်း သေသေ ချာချာ တပ်တပ် အပ်အပ်ချည်းကို သိနေပါသည်။

ထိုစဉ်မှာပင် သူမ အတွက် ကံကောင်းမှုတစ်ခုက အလိုလို ပေါ်ပေါက်လာသည်။

"တိန်းတောင်၊ ကလင်"

"ကျောက်၊ ချလောက်"

မှုန်းရွှေစင်၏ လက်ဝဲဘက်ရှိ ဓာတ်လှေကားပေါက်မှ ဓာတ်လှေကားတစ်စီး ရောက်ရှိကာ တံခါးပွင့်လာခြင်း ပင်တည်း။

မှုန်းရွှေစင် သည်နေရာ အရောက်မှာမှ သည်ဓာတ်လှေကားတံခါးက တိုက်တိုက်ဆိုင်ဆိုင်ကြီးရယ်မှ ပွင့်လာရခြင်းကိုက သူမအတွက် ကြီးစွာသော ကံကောင်းမှု မဟုတ်ပါလေလား။

အထဲမှာ လူတစ်ယောက်ရှိနေ၏။

ဘယ်သူဘယ်ဝါ သေသေချာချာ ကြည့် မနေအား။

စောစောက လူတွေ၏ အရောင်တော့ မဟုတ်။

သည်လို တံခါး အပွင့်လိုက်လေးမှာ သူမ ခြေလှမ်းလေး တစ်လှမ်း လှမ်းလိုက်ရုံလေးနှင့် ဓာတ်လှေကားထဲသို့ လှစ်ခနဲ ရောက်ရှိ သွားလေတော့သည်။

♛ ♛ ♛

## "ရင်ခုန်ချင်စရာ ကိုလူချောကြီး"

အထဲမှ ညှော်သည်ခမျာ ထွက်ပင် မထွက်ရသေးမီမှာပင် မှုန်းရွှေစင်က ထိုထိုဤဤ ယဉ်ယဉ်ကျေးကျေး နိုင်ငံကြီးသားတို့၏ ယဉ်ကျေးမှုများ လိုက်ဖစ်စတိုင်များ ဘေးချိတ်ကာ အရင်ဦးအောင် ဝင်လိုက်သည်။

ဒါတင်မကသေး။

အလိုအလျောက် ပိတ်သော ဓာတ်လှေကား တံခါးပိတ် အလာကိုပင် အချိန်စောင့်ဆိုင်း မနေတော့ဘဲ လက်နှင့် ခလုပ်နှိပ်ပြီး ပိတ်လိုက်လေသည်။

ပြီးတော့ သူမ သွားလိုရာ ခရီး ဆယ့်တစ်ထပ်ဆီသို့ ခလုတ်ကို လက်ညှိုးတစ်ချောင်းနှင့် တစ်လက်စတည်း ဖိုးဖိုးဖတ်ဖတ်နှင့် နှိပ်သွား၏။

မှုန်းရွှေစင် လုပ်ချင်သမျှ တစ်ဖက်သတ် အကုန်လုပ်ပြီးခိုက် စိတ်ထဲ လုံခြုံမှုလေးနည်းနည်း ရသလိုလိုရှိ သွားတော့မှပဲ တစ်စုံတစ်ခုကို သူမ သတိရ သွားဖြစ်လေတော့သည်။

စောစောက ဓာတ်လှေကားထဲရှိ မူလ ညှော်သည်ခမျာ လိုရာခရီးကို ရောက်ဖို့ နေနေသာသာ အူလည်ပတ်လည်နှင့်ပင် ပါလာပါ ပေါ့လား။ စောဒက တက် ကန့်ကွက်စကား တစ်ခွန်း တစ်ပါဒ ဘာဆိုဘာမှ မပြောရှာ၊ မဆိုရှာ။

ဘယ်လို လူစားမျိုးမို့ပါလိမ့်။

သူမ၏လုပ်ရပ်များကတစ်ဖက်သားအပေါ် အလွန့်အလွန် တင်စီးသော သဘောနှင့် စော်ကားမော်ကားနိုင်နေပါပြီ။ တောင်းပန်စကား ကောင်းကောင်းလေး

ဆိုရန် သူမ ကိုယ်လုံးလေး ကို ခပ်သွက်သွက် လေး ချာခနဲ လှည့်လိုက်လေသည်။

အထက်အောက် အဖြူရောင် ဥရောပဝတ်စုံဖြင့် ဓာတ်လှေကား အခန်းထောင့်လေးမှာ အေးအေးသက်သာ ရပ်နေသော ယောက်ျားပျိုတစ်ဦး။

ညည့်ခံပွဲတစ်ခုမှ ပြန်လာပုံရသည်။

မှုန်းရွှေစင်ကို ငေးကြည့်နေသည်။

ထိုသူ၏ နှုတ်ခမ်းများမှာ ကွဲမြီးတိုစိတ်၊ ဒေါသရိပ် အလျှဉ်း မရှိရုံမက ပြုံးယောင်ပြုံးတုံ့ အမူအယာပင်ဖြစ်နေသည်။

ဖိအားမရှိ တင်းအားမဲ့ ဖိစီးမှုမပါ၊ သောက ဗလာဟန် နှင့် သက်တောင့်သက်သာလေးရပ်ရင်း သူမကိုသာ ငေးငေးလေးကြည့်နေပါလား။

မှုန်းရွှေစင် ရုတ်တရက် အူကြောင်ကြောင် ဖြစ်သွား၏။

ပြောမည့်စကားများပါ ဘယ်ရောက်သွားသည် မသိ။

ထွက်လာသည့် စကားလေးက နှစ်လုံးတည်းသာ။

''ဆို၊ ဆောရီး''

ဥရောပဝတ်စုံနှင့်မို့သာ ထိုသူမှာ ခန့်ငြား ရင့်ကျက်နေဟန်ရှိသော်လည်း သေသေချာချာကြည့်လိုက်တော့ လူငယ်သာသာ ဘဝထဲမှာ ရှိနေဆဲ အရွယ်ရယ်။

သူမထက် ကြီးမှ မသကာ လေး ငါး ခြောက်နှစ်ပေါ့။

မူဗီစတား ရုပ်ရှင်မင်းသားတစ်ယောက်ကဲ့သို့ သန့်ပြန့် ချောမွေ့ စမတ်ကျနေသည်။ မှုန်းရွှေစင်လည်း အားနာနာနှင့် စပ်ဖန်ဖန်လေးလုပ်ရင်း ပြုံးပြလိုက်သည်။

ကိုမင်းသားက မူလထက် နည်းနည်းလေး ပိုမို ပြုံးလိုက်သည်မှ တစ်ပါး သူမ၏ မျက်ဝန်းများကိုသာ ငေးငေး မောမော ကြည့်နေ၏။

အဲသည်လောက်ကြီး ကြည့်နေပြန်တော့လည်း မှုန်းရွှေစင် တစ်ယောက် မိန်းကလေးပီပီ ရှက်စနိုး ဖြစ်ရပါသည်။

သို့သော်၊ ချက်ခြင်းသတိဝင်သွား၏။

ဒါ ရောမ ရောက်နေတာ။

ရောမ ရောက်လျှင် ရောမလို ကျင့် ဆိုသမို့လား။

ထို့ကြောင့်လည်း ကိုရွှေမင်းသား၏မျက်ဝန်းညို့ကြီးများထဲကိုပါ ပေတေတေ စွေစူစူလေး လုပ်ကာ မူမူစောင်းစောင်း နှင့် ခပ်ရဲရဲ ပြန်ကြည့် ပေးလိုက်သည်။

ရင်ခုန်ချင်စရာ ပုရိသတို့၏ ရုပ်ရည်ပါပေ။
မှုန်းရွှေစင်ရယ်။
အရေးထဲ ဘာတွေ တွေးမိနေပါလိမ့်။
ခုတော့လည်း စောစောက အကြောက် တရားတွေ ဘယ်ချောင်မှာ ပြေးပုန်းကုန်ကြလေသည် မသိ။
ချောမောပြေပြစ်သော ရုပ်ရည်ရူပကာမှာ ယောကျ်ားပီသ နိုင်ခန့် မာကျောမှုများနှင့် ပြည့်ဝနေသဖြင့် ညိုတောက်များလွှမ်းကာ ခန့်ငြား ထည်ဝါလှပါဘိတော့ရယ်။
မှုန်းရွှေစင်ကဲ့သို့ပင် သူသည် အရှေ့တိုင်းနွယ်ဖွားတစ်ဦး ဖြစ်မှန်းတော့ သိသာပါ၏။ အထူးသဖြင့် အရှေ့တောင်အာရှ ကိုကို မောင်မောင်တို့၏ အသားအရေ အရိုးအဆစ် အဆက် အပေါက် ဒီဇိုင်း။
ဖြူသလိုလို၊ ညိုသလိုလို၊ ဝါသလိုလိုနှင့် မျက်လုံး မျက်ဖန် နှာတန် အရိုးအဆစ်တို့က ရေကြော မြေကြောဆက် နေကြ လေသည်ကိုး။
သို့သော်လည်း စကားပြောဆိုဆက်ဆံ မကြည့်ရသေးသမျှ မည်သည့် နိုင်ငံသား၊ မည်သည့်လူမျိုး ဖြစ်ကြောင်းကိုမူ ဘယ်လိုမှ အပိုင် အနိုင်ချည်း မခွဲသာပါပေ။
အမလေး ခုမှ သတိရသည်။
အတွေးတွေ တစ်ပိုက်တစ်ပွေ့၊ တစ်သီကြီး ဆင့်ကာ ဆင့်ကာနှင့် ဗာရာဏသီ ဖွဲ့နေမိပါပေါ့ ကောင်မရယ်။
ဆယ်တစ်ထပ်ရှိရာသို့ သူမ၏ ဓာတ်လှေကား တက်သွား သည်ကို အောက်ဘက်မှာ ကျန်နေရစ်ခဲ့ကြသော
မားဖီးယား အဖွဲ့သားတွေလိုလို၊
ယာကူဆာ အသင်းဝင်တွေလိုလို၊
ဂိုလ်းပါဝါ ဂိုဏ်းသားများလိုလိုတွေက မသိဘဲနေမှာမို့လို့လား၊ ဘုရား၊ ဘုရား။

♛ ♛ ♛

## "ဓာတ်လှေကား ထရန်ဆစ်"

မှုန်းရွှေစင်သည် သတိရသွားသည်နှင့် တစ်ပြိုက်နက် ဓာတ်လှေကား အခန်းနံရံရှိ ထိန်းချုပ် ခလုတ်များရှိရာသို့ လက်က ချက်ခြင်း ရောက်သွား၏။

ဘာရယ်မဟုတ်၊ အောက်တက် နံပါတ်ငါး အထပ်ခလုတ်ကို နှိပ်လိုက်၏။ ပြီးတော့ စိတ်မလုံ့တစ်လုံးနှင့် ခန့်ငြား ပြုံးချို ကိုလူပို့ရှိရာသို့ ခပ်စောင်းစောင်းလေး လှည့်ကြည့်လိုက်သည်။

လောလောဆယ် သည်ပုဂ္ဂိုလ်မှာ မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံ သားမှန်း တိတိကျကျ သိရသေးသည် မဟုတ်။

ဗမာ တစ်ယောက်နှင့်တော့ အတော်ကြီးတူ၏။ သို့သော်လည်း စကား ပြော မကြည့်ရသေးသမျှ ထင်မှတ်ထားသလို ဟုတ်ချင်မှ ဟုတ် တတ်သည်။

တောင်ကျော်ရေဖြတ် ရွှေ့ပြောင်းလုပ်သားများစွာ ကူးလူး နေကြသည့် အခါသမယဖြစ်သဖြင့် ယောကျ်ားလေး မိန်းကလေးတို့ကိုကြည့်လိုက်လေတိုင်း မလေးလိုလို၊ ဖိလစ်ပိုင်လိုလို၊ ဗီယက်နမ်လိုလို၊ ယိုးဒယားလိုလို၊ ကမ္ဘောဒီးယား တရုပ်လိုလို၊ ကပြားလိုလိုနှင့် ဝေခွဲရ ခက်တတ်သည်။

ဘို လိုပြောခြင်းကသာ အသေချာဆုံးဖြစ်မည်။

မှုန်းရွှေစင်သည် အမိမြေက ထိပ်ထိပ်ကျဲ ဟိုတယ်ကြီး တစ်ခုမှာ အသင့်အတင့်သော အတွေ့အကြုံ လုပ်သက်လေးများ ရှိထားခဲ့သဖြင့် ဧည့်သည် များ အပေါ်တွင် စိမ်းပြီး ရှိန်နေခြင်း၊ ရှိန်းနေခြင်း၊ ရှဲနေခြင်းမျိုးကား မရှိ။

လူမကြောက်။

ထို့ကြောင့်လည်း ကိုယ့်အမှား ခပ်များများတွေအတွက် တောင်းပန်သမှု ပြုရန်အရေး နည်းနည်းလေးမှ တွန့်ဆုတ်ခြင်း မရှိပါ။

ခု သူမ ထံမှာ လုံးလုံးလျားလျားချည်း တာဝန်ရှိနေပါပြီ။

သူမ ပျာပျာသလဲ ဖြေရှင်းသမှု မြန်မြန်ပြုရပါတော့သည်။

အပြည့်ပြည့်ဆိုင်ရာသုံး ဘာသာစကားလေးများက ဒိုးဒိုးဒေါက်ဒေါက်နှင့် လက်တန်း ထွက်လာသည်။

ကျွန်မမှာ အင်မတန် အရေးကြီးသော ကိစ္စတစ်ခု ရုတ်ခြည်း ပေါ်ပေါက်လာပါသည့်အကြောင်း၊ ထို့ကြောင့် သူမ၏အရေးကို အရင် ဦးစား ပေးမိသွားပါကြောင်း၊ ထို့ကြောင့် လူကြီးမင်းအပေါ် ယခုလို မလေးမစားသော အပြုအမူမျိုးကို ဆောင်ရွက်သွားမိပါကြောင်း။

သည့်အတွက် ခွင့်လွှတ်ပါရန် အနူးအညွှတ်တောင်းပန်ပါကြောင်း၊ ယခု နံပါတ် ငါးအထပ်သို့ရောက်လျှင် သူမ ဆင်းပါမည့်အကြောင်း ရိုရိုသေသေ အချက်ကျကျ ရှင်းပြရလေတော့သည်။

သူကတော့ မှန်နံရံလေးကိုကာထားသော အလှူမီနီယမ်တန်းလေးပေါ် သက်တောင့်သက်သာလေး မှီပြီး ပြုံးကြည့်နေသည်။

ခွင့်လွှတ်သော အပြုံး။

အေးမြ ကြည်လင်နေသည်။

သူ့ကို ဆက် မကြည့်ရဲတော့သဖြင့် သူမမျက်နှာလွှဲရင်း အခြားတစ်ဖက်သို့ ဘာရယ်မဟုတ်ကြည့်လိုက်သည်။

ဟယ်တော့၊ မှန်ထဲမှ ကြည့်နေပြန်ပါရောလား။

ဓာတ်လှေကားတို့၏ ထုံးစံ အတိုင်း တံခါးပေါက်မှတစ်ပါး ကျန်နံရံ သုံးဖက်တို့မှာ သဘာဝပုံအတိုင်း ပုံရိပ် အတိအကျ ထွက်သောရုပ်လုံးပေါ် မှန်ကြီးများကို အလှပြ တပ်ဆင်ထားကြသည် မဟုတ်ပါလား။

ငါးထပ်သို့ ရောက်သောအခါ သူမ သူ့ကို ဦးညွှတ် နှုတ်ဆက် အရိုအသေပေးကာ ကမန်းကတန်း ထွက်လာခဲ့သည်။

ထို့နောက် ရိုးရိုးလှေကားရှိရာနေရာကို အမှန်မဆိုင်းဘဲ ခပ်သုတ်သုတ်လေး မျက်လုံး ကစားရပြန်သည်။ တွေ့သောအခါ နှစ်ထစ်ကျော် သုံးထစ် လှမ်းခနဲ လှမ်းခနဲ ခုန်ဆင်းလေတော့သည်။

နံပါတ်သုံး အထပ်သို့ လျှပ်တစ်ပြက် ရောက်လာတော့မှ အက်စ်ကလိတ်တာဟု ခေါ်သော စက်လှေကားရှည်ကြီးဆီသို့ ထပ်မံ၍ သုတ်ခြေတင်ရပြန်လေသည်။

စက်လှေကား ခရီးဆုံး ခုနစ်ထပ်သို့ ရောက်လာပြန်တော့လည်း မပြီးသေး၊ တစ်ခါ ဓာတ်လှေကားရှိရာဆီသို့ ထရန်ဆစ် ပြန်လုပ်ရပြန်သည်။

သည်လောက်ဆိုလျှင် သူမ၏နောက်သို့ ဒလကြမ်းလိုက်နေကြသော ပုဂ္ဂိုလ် တစ်သိုက် မျက်ခြေဆက်၍ မရနိုင်လောက်ပါပြီလေ။

ခုမှပဲ သက်ပြင်းမောလေးတစ်ခုကို အသာအယာ ချနိုင်ပေတော့သည်။ ဓာတ်လှေကားများရှိရာ နေရာသို့ ရောက်လာလာချင်းမှာပင် ဆယ့်တစ်ထပ်သို့ တက်ရန် ခလုပ်နှိပ်ပြီးခေါ်ထားလိုက်သည်။ ပြီးတော့ ခပ်လှမ်းလှမ်းထောင့်ကွေ့လေးရှိ အနားယူခုံလေးပေါ်ထိုင်ရင်း ခေတ္တ အမောလေးဖြေရန် စိတ်ကူးလိုက်သည်။

ထိုင်မည်အပြု ဟိုးကော်ရစ်ဒါ စကြံထိပ်ဆီမှာ လူတစ်ယောက်။

သေပြန်ပါပြီ။ စောစောက တူညီဝတ်စုံများနှင့် လူတစ်ယောက်။

မှန်းရွှေစင်ရှိရာဆီသို့ အမြန် ပြေးလာနေပါချေပြီ။

သည်တစ်ခါတော့ဖြင့် သူမတစ်ယောက် ချောင်ပိတ်မိ နေပါပကော။

ဓာတ်လှေကား မည်သည့်နေရာတွင်ရောက်နေပါကြောင်း အချက်ပြ မြင်ကွင်းတွင် ကမန်းကတန်း ကြည့်လိုက်သည်။

ဘုရား၊ ဘုရား။

ကံတရားက သူမ ဘက်မှာ နောက်တစ်ခါ ထပ်ရှိနေပြန်ပါပြီ။ သူမရှိရာ အထပ်သို့ ရောက်နေပါပြီ။ တံခါးပွင့်ရုံလေး သာကျန်ပါ တော့သည်။

''တိန်း တောင်၊ ကလင်''

''ဂျောက်၊ ချလောက်''

သူမ ဘာဘာညာညာ စဉ်းစား မနေအား၊

ဘယ်ဘယ် ညာညာ ဝေ့ဝဲကြည့် မနေအား၊

ရေကူးမယ်လေးတစ်ယောက် ရေထဲသို့ စွပ်ခနဲ ဒိုင်ဗင်ပစ် ဝင်သွားသည့် ပမာ ဓာတ်လှေကားခန်းထဲသို့ ခြေစုံပစ် ဝင်ရောက်သွားလေတော့သည်။

♛ ♛ ♛

**စိန်စာပေ**

## "ဓာတ်လှေကား ညှော်သည်"

အလိုအလျောက်ပိတ်သော ဓာတ်လှေကားတံခါးကို စောစောကအတိုင်း ကိုယ်တိုင်ပိတ်၊ သွားလိုရာ အထပ်ကို ထိန်းချုပ်ခလုတ်ခုံမှာ စောစောကပုံစံ အတိုင်းနှိပ်၊ သူမ စိတ်ကြိုက် လုပ်ချင်ရာကို ဖယ်ဆက်သလို လုပ်လိုက်လေသည်။

ဓာတ်လှေကား တရိပ်ရိပ် တက်နေပါပြီ။

စိတ်ထဲမှာ တော်တော်လေး လုံခြုံမှု ရသွားသည်။

ထိုအခါကျမှ စောစောကအတိုင်း သတိရသွားပြန်သည်။

ညှော်သည်။

ဓာတ်လှေကားထဲ ပါလာသော ညှော်သည်။

ဤအထပ်တွင် ဆင်းမည့် ညှော်သည်။ ဒုက္ခပါပဲ၊ သူမကြောင့် နောက်တစ်ယောက် ပါလာပြန်ပြီ။

ခုထိတော့ ဘာမှ မပြောရှာသေး။

ယခုညှော်သည်ကလည်း ခပ်အေးအေးမို့ တော်ရှာသည်။

တောင်းပန်ရန် အလို့ငှာ အားနာစွာသော မျက်နှာပေးလေးနှင့် သကာပေါ် ပျားရည်လူးကာ မှုန်းရွှေစင် လှည့်ကြည့်လိုက်သည်။

"ဟယ်တော့"

ကိုရွှေပြုံး။

ဓာတ်လှေကားထဲမှာ စောစောက ဆုံခဲ့ရသူ ကိုလူချော။

တိုက်တိုက်မှ ဆိုင်ဆိုင်ကြီးရယ်။

**စိန်စာပေ**

သည်တစ်ခါတော့ လူချောမောင်မောင်က သူ၏ ပွဲတက် အပေါ်ဝတ် အဖြူရောင်ကုတ်အင်္ကျီကို လူပေါ်မှာ ဝတ်မထားဘဲ ပခုန်းမှာ တွဲလောင်းလေး ဆွဲထား၏။

ဩော်၊ လက်စသတ်တော့ မှုန်းမွှေးစင် ယခုတစ်ခေါက် ဓာတ်လှေကား ထဲသို့ အူယားဖားယား ဝင်လျှင်ဝင်ချင်း စောစောက ဆုံခဲ့မိသူ အပြုံးရှင် ကိုလူချောကြီးမှန်း ရုတ်တရက် မမှတ်မိလိုက်မိသည်မှာ ဒါ့ကြောင့်ပေကိုး။

အပေါ်အင်္ကျီချွတ်ထားသဖြင့် အတွင်းဆီမှ ရှပ်အင်္ကျီ အရောင်ကိုပဲ ရိပ်ခနဲ မြင်ခဲ့ရသည် မဟုတ်ပါလား။

အင်၊ ဒါနဲ့ နေပါဦး။

ယခုမှ သတိထား မိသည်။ သူ၏ ညာဘက် ရှူးဖိနပ်ထိပ်။

အနီရောင်ပြောက်ဆီအချို့က ရှူးဖိနပ်ထိပ်ဘေးဖောင်းတွင် တင့်တယ်စွာ စံမြန်း နိတွယ် တည်ရှိနေကြ၏။

စားသောက်ပွဲမှ မတော်တဆ ပေလာပုံရသည်။

ဩော်၊ အရေးထဲ မှုန်းရယ်၊ ဘာတွေလျှောက်ကြည့်ပြီး ဘာတွေ စဉ်းစားနေမိပါလိမ့်။

သည်တစ်ခါလည်း သူမ ရိုင်းပြမှုတို့ ပြုမိခဲ့ပြန်ပါချေပြီ။

သူကတော့ ပြုံးစစလေးလုပ်ကာ သူမကိုသာ ငေးကြည့် နေပြန်သည်။

သည်တစ်ခါလည်း သူမ၏လုပ်ရပ်များကို စောစောတုန်းက တောင်းပန် ခဲ့သည့် အချက်အလက်များ အတိုင်း ထပ်မံ၍ တောင်းပန်ရပြန်တော့သည်။

သူက တစ်ခွန်းတည်းသာ ပြောသည်။

''နိုး ပရော်ဗလမ်''

ပြဿနာ မရှိပါပေါ့။

ဩဇာတိက္ကမ ရှိသော ယောက်ျားပီသသည့် အသံ။

အလွန်ကောင်းမွန်သော ဘို လေယူလေသိမ်း။

သူမ ဘာမှ အထွန့် မတက်တော့။

သူမ၏ ကေဗင်အခန်းလေးဆီသို့ အမြန်ပြန်ရောက်လိုစိတ်သာလျှင် ရှိတော့သဖြင့် ငြိမ်ငြိမ်လေးသာ နေလိုက်တော့သည်။

ဓာတ်လှေကားခန်းတို့၏ နံရံသုံးဖက် သုံးတန်ကာရံထားသော ကိုယ်လုံးပေါ် ကြည့်မှန်ကြီးတို့ကြောင့် မကြည့်ချင်လည်း တစ်ချက်တစ်ချက်

မြင်လျက်သား ဖြစ်ဖြစ် သွားရသည်။

ငေးငေးမောမော သူ့ အကြည့်များထဲမှာ တမ်းတမ်းတတ အရိပ် အငွေ့များကို တွေ့နေရသည်။

ပြီးတော့လည်း သူမအပေါ် ဟိုးရှေးယခင်ကတည်းကပဲ သိကျွမ်းလာခဲ့ သလိုလို ရင်းနှီး ခင်မင်လာခဲ့သလိုလို နွေးနွေးထွေးထွေး အကြည့်မျိုး။

ကြောက်နေရ၊ မောနေရ၊ ဇောထနေရသည့်ကြားထဲမှာ သည်လူ၏ အကြည့်များက သူမ၏ရင်ထဲမှာ မသိကျိုးကျင်၊ ဘာသိ ဘာသာနေမရအောင် ဖြစ်နေရသည်ကတော့ အမှန်။

ဆယ်တစ်ထပ်ရောက်သော် တံခါးပွင့်လျှင်ပွင့်ချင်း သူမ အပြင်ဘက်သို့ မထွက်သေးဘဲ ခေါင်းလေးသာ ထုတ်ပြီး အသာ ချောင်းကြည့် လေသည်။

"အမေ့"

♛ ♛ ♛

## "ယောင်ရှောင်ဖိန်း"

ပြုံးနေသော ခေါင်းလေးကို စွပ်ခနဲ ချက်ခြင်းပြန်ဆွဲသွင်းလိုက်ပြီးနောက် - ဓာတ်လှေကားတံခါးကို အမြန်ပိတ်ပြန်လေသည်။

ဘုရား၊ ဘုရား။

ဓာတ်လှေကားရှိရာစင်္ကြံဆီသို့ ခပ်သုတ်သုတ် ပြေးလာနေကြသော အနက်ရောင်ကုတ်အင်္ကျီ တူညီဝတ်စုံများနှင့် စောစောက လူသိုက်။

မှုန်းရှေ့စင် ရင်မဆိုင်ရဲပါ။

သူတို့ထံတွင် အကြံအစည်တစ်ခုခုရှိနေကြကြောင်း သူမ စိတ်ထဲက သေသေချာချာကြီးကို သိနေပါသည်။

သက်ဆိုင်ရာသို့ တိုင်ကြားဖို့ အထိတောင် ကြိုးစားနိုင်ခွင့် မရမီ သူမကို သူတို့လက်ရ အမိ ဖမ်းမိနိုင်ဖို့ အထူး လုံးပမ်း နေကြမှန်း သိသာနေ၏။

အောက်ဘက်သို့ ဓာတ်လှေကား ပြန်ဆင်းသွားပြန်ပါပြီ။

"ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်ရှင်၊ ကျွန်မကြောင့် ရှင့်ခရီး မှာမကြာခဏ စိတ် ကသိကအောက် ဖြစ်ရတာ ကျွန်မ အလွန်ပဲ စိတ်မကောင်း ဖြစ်ရပါတယ်ရှင်၊ ဒီတစ်ခါတော့ အောက်ထပ် လုံခြုံရေးဌာနသို့ ရောက်ရင် ကျွန်မ တကယ်ပဲ ဆင်းပါတော့မယ်ရှင်"

တစ်ချို့စကားအသုံးအနှုန်းများက ဘိုများပြောနေကျ စကားအစစ် များ မဟုတ်တဲ့ သူမ တတ်သမျှ မှတ်သမျှနှင့် ဥာဏ်ညှစ်ထုတ်ပြီး ပြောလိုက်သော

စာ စကားများ သာဖြစ်လေသည်။

ကိုလူချောက မျက်နှာချိုချို တည်တည်နှင့် လေးလေးစားစား နားထောင်နေ၏။

နားလည်ဟန်လည်း ပြုသည်။

ခေါင်း တငြိမ့်ငြိမ့်နှင့် မှုန်းရွှေစင်၏မျက်နှာကိုလည်း ကြည့်နေ၏။

ထိုသူ ပြောလိုက်သည်မှာလည်း တစ်လုံးတည်းသာ ရှိလေ၏။

''နိုး၊ ပရော်ဗလမ်''

သူ စကားများများတုံ့ပြန်ပြီး ပြောလိမ့်မည်ဟု သူမက အောက်မေ့ထား၏။

ခုတော့ စကားအလွန်နည်းပြီး တပြုံးပြုံး လုပ်နေပြန်လေသည်။

ဤပုံကိုထောက်လျှင် အင်္ဂလိပ်စကား သိပ် မတတ်သော

ကိုးရီးယား များဖြစ်နေလေရော့ သလား၊

ဒါမှမဟုတ် ဂျပန်များ ဖြစ်နေလေရော့ သလား၊

ဒါမှမဟုတ် ပြည်မကြီးက လုပ်ငန်းရှင်ကြီးများ ဖြစ်နေလေရော့ သလား၊

ထိုထိုဤဤ မှုန်းရွှေစင် ထင်ချင် သလိုလို ဖြစ်လာ၏။

ဘိုစကား ကောင်းကောင်း မပြောတတ်သဖြင့် အီးအီး အဲအဲလုပ်ကာ နားလည် သလိုလိုနှင့် ရောယောင်ချပြီး ဖိန့်နေတတ်သော ယောင်ရှောင်ဖိန်းများ လုပ်နေလေသလား ဟုလည်း အမြင် ပေါက်လာသည်။

ဟဲ့၊ မိမှုန်း၊ ဘာတွေ တွေးနေတာလဲ။

သဘောထား ကောင်းသူကို ကျပြန်တော့လည်း တယ်ပြီး အနိုင်အထက် တွေးချင်၊ ပြောချင်၊ ဆိုချင်တော့သကိုး။

သူမ အတွေးတွေ အမျှင်တန်းနေစဉ်မှာပင် သူ့အိတ်ထဲမှ ဖုန်းမြည်လာသံကို ကြားရ၏။

သူ ဘယ်လိုပြန်ပြောမလဲဟု သူမ နားစွင့်နေမိသည်။

ဓာတ်လှေကားကတော့ လူနေအထပ်များ၏အဆုံး အင်ဂျင်စက်ခန်းကြီးရှိရာ အထပ်ဆီသို့ တရိပ်ရိပ် ဆင်းနေပါချေပြီ။

သူ ပြန်ဖြေလိုက်သံကို ကြားလိုက်ရပါပြီ။

မှုန်းရွှေစင် အရမ်းကြီးကို ရယ်ချင်သွား၏။

ကြောက်နေပါသည်ဆိုသည့် အခိုက်အတန့်ထဲမှာတောင်မှ ရယ်ချင်စိတ်

က ထိန်းမရအောင် ပေါ်လာရသည် အထိပါပဲ။

"နိုး၊ ပရော်ဖလမ်"

ဟိုတစ်ဖက်မှ ဘာပြောသည်တော့ မသိ၊

သူ့ဘက်ကတော့ တစ်ခွန်းထဲ သာပြောပြီး ဖုန်းချလိုက်ကြောင်း သိလိုက်ရသည်။

သည် ဘိုစကားလေးတစ်လုံးတည်းကိုပဲ အင်တိုနေရှင်းကောင်းကောင်းရအောင် လေ့ကျင့်ထားသည်တော့ ဟုတ်မည် မထင်ရက်ပါ။

ပြီးနောက် သူမကိုသာ တစိမ့်စိမ့်ကြည့် လုပ်နေပြန်လေသည်။

သူ့ကိုကြည့်ရတာ မိန်းကလေးများကို မမြင်ဖူးလို့ ကြည့်နေသည့်အတိုင်း ဖြစ်နေပါရောလား။

တဖြည်းဖြည်းနှင့် အောက်ဘက်သို့ ရောက်လာပါပြီ။

စကားသံတစ်ခု သူမ၏နောက်မှ ဆိုင်းမဆင့်ဗုံမပါ ထွက်လာသည်။

ဒါသည် စကားဟဟပင် မပြောချင် မဆိုချင်သော သူ့ထံမှ ပထမဆုံး ထွက်လာသည့် တိုရှေရှားရေ စကား။

ကြည်လင်ပီသသော အင်္ဂလိပ်စကားကို ပြောလိုက်သည့် သူ၏ အသံက သြဇာအပြည့်နှင့် ယောကျ်ားပီသနေ၏။

ရုတ်တရက်မို့ သူမ အံ့သြသွားရသည်။

"မင်း အခု တော်တော်ကြီးမားတဲ့ အခက်အခဲ ပြဿနာ တစ်ခုခု ဖြစ်နေတယ်လို့ ငါထင်တယ်၊ ဖြစ်နိုင်ရင် ငါ အကူအညီ ပေးချင်ပါတယ်"

"နိုး၊ နိုး၊ ပရော်ဖလမ်"

"နိုး၊ ပရော်ဖလမ်"

"ဟုတ်တယ်"

"မင်း လိမ်ညာတတ်သလား"

"ဘာရှင့်"

"မင်း အင်္ဂလိပ်စကား နည်းနည်းလေးတော့ နားလည်လိမ့်မယ် ထင်ပါတယ်"

မှုန်းရွှေစင် တော်တော်လေး အောင့်သက်သက် ဖြစ်သွား၏။

ကိုယ့်ဒုက္ခနှင့် ကိုယ်ဖြစ်နေတုန်း၊ သူလည်း ဘာမှ တတ်နိုင်တာလည်း မဟုတ်ဘဲနှင့် လာပြီး လျှာရှည်နေရသည်လို့။

စောစောတုန်းက သူ၏ ခန့်ငြား တည်ကြည်သော ရုပ်ရည်နှင့် နားလည်စာနာတတ်သော စိတ်နေစိတ်ထားကို လေးလေး စားစား ဖြစ်မိပြီး အလွန်စိတ်ဝင်စားစရာကောင်းသော ဆွဲဆောင်မှု အပြည့်ရှိ ယောကျ်ား တစ်ယောက်ဟု သတ်မှတ် စွဲထင်ခဲ့မိသည်။

ခုတော့ ထင်ထားသည်နှင့်ပင် ပါစင်အောင်လွဲ။

လူကိုလည်း တစ်နေကုန် ထိုင်ပြီးကြည့် လုပ်လိုလုပ်၊

သူမကိုလည်း နှိမ်တိန်တိန်လိုလို၊ ချိုးသလိုလို ဘာလိုလို။

အင်္ဂလိပ်စကားကိုပင် သူမခမျာ ဂဏ္ဍိုးဂဏ္ဍောင် ဘဝ သို့ ရောက်နေရသလိုလိုပင် ခွကျကျ ပြောတတ်ပါပေရဲ့။

"နား မလည်ဘူး"

သူမစိတ်တိုလာသည်။

ထို့ကြောင့်လည်း တိုတိုတုတ်တုတ် ရွဲ့တဲ့တဲ့ ရွှတ်တွတ်တွတ်နှင့် ငေါ့ပြီး ဖြေလိုက်သည်။

အကြောက်တရားက လောလောဆယ် နောက်သို့ရောက်သွားပြီး ငယ်မူငယ်သွေး ရွှတ်တွတ်တွတ် စိတ်လေးက ရှေ့သို့ပေါက်လာသည်။

ထို့ကြောင့် မိခင်ဗမာဘာသာစကားနှင့် တစ်ကိုယ်တည်း ဖစ်ဖစ်၊ တုတ်ပွတုတ်ပွ ဘလာ ဘလာ တိုးတိုးလေး ပြောနေမိ၏။

"ဟင်း၊ ဘယ်လိုလူကြီးမှန်းလည်း မသိပါဘူး၊ ဟိုဝင်ပါ ဒီဝင်ပါနဲ့ တစ်ချိန်လုံးလည်း လူကိုပဲ ငမ်းကြောထနေတာပဲ၊ ပိုဆိုးတာက ဒီလူကြီး ဒီတစ်ညလုံး ဒီခတ်လေ့ကားတွေကို တက်လိုက် ဆင်းလိုက် နဲ့ အပျော်လိုက်စီးရင်း ဒစ္စနေလင်း ကစားကွင်း ကိုများ ရောက်နေတယ် မှတ် နေသလား မသိဘူး"

♛ ♛ ♛

## "ခုတင်ကျိုးကုန်မည်"

အင်ဂျင်ခန်းအစပြုရာ အထပ်သို့ ရောက်သောအခါ မှုန်းက ခတ်လေ့ကား တံခါးအပွင့်ကို စောင့်နေ၏။

ထိုစဉ်မှာပင် သူမ၏ နောက်ဘက်မှသူ့လက်က ရှေ့သို့ ကျော်ထွက်လာပြီး တံခါးအပိတ် ခလုတ်ကို နှိပ်လိုက်သည်။

ဒါတင်မက သူမ ထွက်လို့ မရအောင်လည်း တံခါးဝမှာ သူ့ကိုယ်လုံးကြီးဖြင့် တမင် ကွယ်ကာ ပိတ်ဆို့ ရပ်လိုက်သည်။

"ရှင် ဒါ ဘာလုပ်တာလဲ"

"မင်းကို စကားနည်းနည်း ပြောချင်တယ်"

"အရေးထဲကျမှ ဘာပြောမလို့လဲ၊ ကဲ၊ ပြော မြန်မြန်"

"မင်းမှာ အန္တရာယ် တစ်ခုခု ရှိနေတယ်ဆိုတာ ငါသိတယ်၊ ငါ့ရဲ့ အခန်းထဲမှာ တစ်ညလောက် ပုန်းခိုနေပါလား၊ ငါအလွန် ကူညီချင်ပါတယ်"

"ဘာရှင့်"

"ငါ့အခန်းက မင်းအတွက် လုံခြုံ ....... "

"ဒီမှာ၊ လူကို ဘယ်လိုအစားမျိုး အောင်းမေ့လို့လဲ၊ ရှင့်စကားကို ရှင် ပြန်ရုပ်သိမ်းပါ၊ ကျွန်မကို လမ်းဖယ်ပေး"

"ငါက ရင်ထဲက စေတနာ အစစ်နဲ့ ပြောတာပါ၊ စေတနာ ဆိုတာ ငွေနဲ့ မလဲနိုင်သလို ငါရင်ထဲက အဲဒါတွေကလည်း မင်းအတွက် မနည်းပါဘူး"

မှုန်းရွှေစင်လေး ဒေါသများ ထောင်းခနဲ ထသွားသည်။

ငွေဆိုတာလည်း ပါရဲ့။

မင်းအတွက် မနည်းဘူး ဆိုတာလဲပါရဲ့။

သူ့ရင်ထဲက ငွေတွေဟာ သူမအတွက် မနည်းပါဘူးလို့ ဆိုလိုတာ။

စောစောတုန်းကလည်း အားမနာ လျှာမကျိုး ပြောထား ရက်လိုက်တာ ရှိသေး၊ သူ့အခန်းသို့ လိုက်ခဲ့ပါတဲ့။

ပြောရဲလိုက်တာ။

ဒါ စော်ကားတာ။

လူကို ကြေးစား သဘောထားတာ။

လူကို အထင်သေးနေသည်ကို သည်းခံနေ၍ မဖြစ်။

အထူးသဖြင့် ဗမာမကို အထင်မသေးပါနှင့်။

''ရှင် တော်တော်ကြီးဆိုးပါလား၊ ရှင်ထွက်သွား၊ ရှင် ပါးရှစ် စိတ်ကျိုးသွားမယ်''

''ဘရိတ် (ခ်) အင်တူ  အိတ် ပိဆက်စ်  ဝပ်သယ်ဟဲလ်''

သူ အလွန့် အလွန် မျက်စိ မျက်နှာပျက်သွားလေသည်။

သူဘာမှ ပြန်မပြောနိုင်ဘဲ စိတ်မကောင်းသော မျက်လုံးများနှင့် မှိုင်းညို့စွာကြည့်နေလေ၏။

ခန့်ငြား တည်ကြည် သူ့၏ မျက်လုံးများဆီထဲမှာ ကလိန် ကကျစ် အကောက်အကွေ့ အရိပ်အငွေ့ တလူလေးမှတော့ မတွေ့ရ။

မှုန်းရွှေစင်၏စိတ်ထဲမှာ တစ်ခုခု မှားသွားပြီဖြစ်ကြောင်း သိလိုက်ရသည်။

အားနာစရာ ဖြစ်ကုန်ပြီ ထင်ပါရဲ့။

အလွန်အဆင့်အတန်းမြင့်သောစိတ်နေစိတ်ထားများမှ အခြေခံလျက် ထွက်ပေါ်လာသည့် ယဉ်ယဉ်ကျေးကျေးအသုံးအနှုန်းမှန် အလက်ာဆန်လှသော သူ့၏ အောက်စဖို့ဒ်သံ အင်္ဂလိပ် ဟန်ပန် တင်တင်စားစား စကား ဝါကျများ ပါတကား။

လျှာဉာဏ်မမီ နားအဖစ်ရှင်စီ မပီသဖြင့် အဲသည်လောက်အထိ အမိပ္ပါယ် ကောက်လွဲရသည်က သူမ၏ အပြစ်။

သူမအဖို့ရာမှာ ကြောက်၍ အားငယ် ပူပန်နေရရိုက် အခန်းကိုလိုက်ခဲ့ရန် အခေါ်ခံလိုက်ရသဖြင့် စိတ်ထဲမှ အနာ၊ အခု အခံ၊ အမျက်တို့ ရင်ဘတ်ထဲတိုင် ဖြစ်တည်ခဲ့ရသည် မဟုတ်ပါလား။

ထိုအခါ သူမ၏ အနာ အခံတို့ အရ ရုတ်တရက် နားကြား လွဲပြီး အယူအဆ အဓိပ္ပါယ် အကောက် တစ်ခြားစီ ဖြစ်ခဲ့ရပါပြီ။

သူမ မျက်လုံးလေးနှစ်လုံး ဝိုင်းစက်သွားခဲ့ပါပြီ။

တောင်းပန်အကြည့်လေးနှင့် ပြန်အကြည့်၊ သူကလည်း ရွှန်းရွှန်း စားစားကြည့်နေသည်ကို တွေ့လိုက်ရ၏။

သူမ လွဲသွားကြောင်း သူမကိုယ် သူမ သိလိုက်သလို သူကလည်း အကင်းပါးပါး နှင့် သူမ၏ နားကြားအလွဲ အပေါ် ဒက်ခနဲ သိလိုက်ဟန်ရှိ၏။

ဒါဆိုလည်း အချင်းချင်း ပြေလည်ရတော့မည့် သဘောပေါ့၊

ဒါကိုပင် သူက ငြိမ်ငြိမ်မနေ လျှာရှည်လာ၏။

ဘိုစကားမှ ပြောတတ်လောက်ပါဘူး၊ ဒါကြောင့် နှုတ်ဆိတ်နေ သူကြီး ဟုပင် သူမ အစောပိုင်း ထင်မှတ်ထားမိသူ ကိုခန့်ငြွားကြီးဆီကပဲ ဖြစ်နေသည်။

ခုမှ စကားတွေ ရှည်တော်မူပြီး သရော်နိုင်ပါပေသည်။

သူမ မျက်စောင်းရှည်ပြင်းပြင်းကြီးတစ်ခုကို အကြာကြီး ပစ်ထိုးခဲ့ ရင်း ဓာတ်လှေကားတံခါးဝရှေ့မှ သူ့ကို ဖွတ်အတင်း တိုးဝှေ့ တွန်းတိုက်ပြီး ထွက်လာခဲ့လေတော့သည်။

"ခုနက မင်း ရန်တွေ လိုက်တာလေးကို နည်းနည်းလေး လောက်ထပ် ပြောပြပါဦး၊ ရှင့် ခုတင် ရှစ်ခုကျိုးကုန်မယ်သို့များ ငါကြားလိုက်သလားလို့"

♛ ♛ ♛

## "အချစ်ရှုံးသမား ဘီလျံနာကြီး"

လိုင်လာ။

အတော်ပင် ချစ်မိရသော ချစ်ဇနီး။

ဘီလျံနာကြီး မစ္စတာမိုက်ကယ်ဒိုင်းမွန်း၏ ပဋ္ဌမမြောက်

ကြင်ယာတော်။

တကယ်တော့ သူ၏ တရားဝင် ဇနီးမယား များထဲမှာ အလှဆုံး၊ အငယ်ဆုံးနှင့် အားအကိုးရဆုံး ဟုပြောနိုင်သည်။ သူ့လုပ်ငန်းကြီးများ၏ သိပ်သည်းလျှို့ဝှက်အပ်ဆုံး ကိစ္စတော်တော် များများတွင်မှာပါ သူမ နက်နက်ရှိုင်းရှိုင်း ပါဝင် ပတ်သက်ခဲ့သည်။

ထက်မြက် စူးရှသော အကြံဉာဏ် ကောင်းကောင်းများကို ပေးစွမ်းနိုင်သလို အရေးပေါ်လာသမျှ အခက်အခဲများမှာလည်း ပါဝင် မွှေရောက် ရှင်းလင်းနိုင်စွမ်းသော ဇနီးမယားလေး ဖြစ်လာခဲ့သည်။

အစ တုန်းကတော့ သည်အရည်အသွေးလေးတွေကြောင့် သူ့အတွက် ကံများ ကောင်းသလိုလို။

သို့သော်၊ နောင်တွင် သူ့အတွက် ကံ မကောင်းခြင်းများ အတောင်ပေါက်ပြီး ရောက်ချလာခြင်းဖြစ်နေမှန်း သိလိုက်ရသည်။

ထို့နည်းတူ သူမအတွက်လည်း ကံ မကောင်းခြင်းများ စခဲ့ခြင်း ဖြစ်ကြောင်း သူ အလွန် စိတ်မကောင်းဖြစ်စွာ သိလိုက်ရပြန်သည်။

လင်ဖြစ်သူ၏ အယုံကြည်မှု အခံရဆုံးဖြစ်၍ အနက်ရှိုင်းဆုံး သိ

ထားမှုများကပင် သူမလေးကို ကံဆိုးစေခဲ့သည်ကော။
ဒါတွေကို သူမလေး အခွင့်ကောင်း ယူခဲ့မိသည်လေ။
အချစ်ရဆုံးသူလေး၏ အဆိုးဝါးဆုံး သစ္စာမဲ့မှု။
ယုံကြည်မှုကို အလွဲသုံးစားပြု ချိုးဖောက်မှု။
အရာပေးမှုကို စော်ကားမှု။
သည်သတင်းကို ရခါစက သူ လက်မခံခဲ့။
ဘယ်လိုမှ ခံစား၍ မရ။
သည့်တော့ သူမကို စမ်းသပ်ကြည့်ရသည်။
သတင်းမှား အတိုအစလေးများကို ထည့်ပေးလိုက်သည်။
သူ ထင်ထားသည်က ရဲရဲတောက် မှတ်ကျောက်တင် ခံနိုင်သည် ဟု။
သို့သော်လည်း လုံးဝ လွဲသွားခဲ့ရပါချေပြီကော။
တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်၊ထိုမှသည် အထပ်ထပ် အခါခါ။
လုပ်ငန်းလျှို့ဝှက်ချက်များ ပေါက်ကြားမှု ရှိနေကြောင်းသေချာသွားခဲ့ပါချေပြီ။
သူ ယူကြုံးမရဖြစ်ရသည်မှာ မိုးမဆုံး မြေမဆုံး ကြိမ်မီးအုံး။
အချစ်ခံ့ရဆုံးသူလေး၏ သစ္စာမဲ့မှုများ။
လုပ်ငန်း သစ္စာမဲ့မှုလောက်ကိုပင် သူ့မှာ မချိအောင်ကို ခံစားနေရလို့ မပြီးသေး အဆိုးတကာ့ အဆိုးဆုံး ကိစ္စတစ်ခုကိုပါ မမျှော်လင့်ဘဲ မဆုံချင်ဘဲ ကြုံလိုက်ရလေသည်။
အချစ်ကိုပါ သစ္စာဖောက်နေသည် ဟူ၏။
ယောကျ်ားဘသားတို့မည်သည် ကိုယ်ကိုယ်၌က မည်မျှပင် ကဲကဲ၊ ဘယ်လောက်ပင် သောင်းကျန်း သောင်းကျန်း ကြမ်းပါစေဦး၊ ကိုယ့်ချစ်သူ ရည်းစား ဇနီးမယားတို့ ဒါမျိုးလုပ်သည်ကို ကျတော့ ဘယ်သူမှ နည်းနည်းလေးမှ မခံစားနိုင်ကြဘူး မဟုတ်ပါလား။
လင်မယားချင်း ဆိုတော့လည်း လင်မယားချင်းသာ သိသင့် သိထိုက်၊ ရိပ်စားမိ ရိပ်စားထိုက်သော အကြောင်းချင်းရာ ကိစ္စများစွာ ရှိကြပါသည်။
သည်လိုကိစ္စများတွင်လည်း ကြီးစွာသော အပြောင်းလဲကြီးများ ပြောင်းလဲနေသည် မဟုတ်ပါလော။
သူ မသိချင်ပါဘဲ သိနေရတာတွေကလည်း မနည်းမနော။

သက်ာကင်း စရာဟူ၍ လောလောဆယ် နည်းနည်းလေးမှ မမြင်။

သည်တော့ မူလဆုံးဖြတ်ခဲ့ချက်ကိုပဲ ဆက်လက် အကောင် အထည်ဖော်ရပါတော့မည်။

အကောင်းဆုံးလမ်းကိုလည်း ရွေးထားပြီးပါပြီ။

သည်ချစ်ဇနီး ကောင်မလေးနှင့် အချောင်သမား ကြာကူလီပွေးကို ပိုင်ပိုင်နိုင်နိုင် ချောင်ပိတ်ဖမ်းပြီး သည်လောကကြီးထဲမှာ သူတို့ အသက်နှင့် ခန္ဓာတွဲလျက် ဆက်လက် ရှိမနေစေတော့ဖို့ပဲ ဖြစ်လေသည်။

သည်ကိစ္စအတွက် ဘယ်သူ့ကိုမှ မခိုင်း။

ဘယ်သူ့ကိုမှလည်း အသိမပေး။

ဒါကြောင့်လည်း တပည့်တပန်း အခြွေအရံ အစေအပါး အပါးတော်မြဲ သက်တော်စောင့် ကိုယ်ရံတော် လက်ထောက် ဘက်စ်မင်း ဆက္ကထရီ ဘယ်သူမှ မရိပ်မိစေရ၊ မသိစေရ၊ သက်ာမကင်း မဖြစ်စေရ။

သူ ကိုယ်တိုင်ပဲ သူ့လက်နှင့် ပိပိရိရိ မြည့်မြည့်လေး ဆွဲစိ ချင်သည်။

အားရပါးရ ကောင်းကောင်းကြီး ဆုံးမ ချင်သည်။

သည့်အတွက် ကုန်းမြေမဲ့ ပြေးမလွတ်တဲ့ ဒီသဘော်ကြီးပေါ် မကြာမီ သူ အရောက်သွားရပါတော့မည်။

အချစ်ကြီးတော့ အမျက်ကြီးပြီ။

အသည်းနှင့်တော့ ဝေဒနာမီးတွေ ဆင့်ပြီ။

နင်ကော နင့် အမြှောင်ကိုကော ဘယ်သူက လုပ်သွားမှန်းကို မသိစေရ၊ သူတို့ အချင်းချင်း အဝေ မတည့်လို့ သတ်ကြဖြတ်ကြသည့်သဘောရောက်စေအောင်ကို ခွင်ချထားသည်။

သည်လို တစ်ဘဝလုံးစာ သင်ခန်းစာ နှုတ်ဆက်စာ ကောင်းကောင်း ချည်းပေးလိုက်မှ သည်ဇာတ်လမ်း သည်မှာတင် တစ်ခန်းရပ် ကားလိပ်ချ ပွဲသိမ်းသွားပေတော့မည်။

♛ ♛ ♛

## “အမိသာ ခံလိုက်ပါတော့မည်”

မှုန်းရွှေစင်တစ်ယောက် စိတ်ဓာတ်ကျလာသည်။

အင်ဂျင်ခန်းအထပ်ရှိ သူမ သွားလိုသည့် လုံခြုံရေး ဆိုင်ရာ ဌာနအနီးမှာလည်း စောစောက ဝတ်စုံဝတ် တစ်ယောက် ကျောပေးပြီး ရပ်နေပြန်သဖြင့် ဘာလုပ်ရမှန်း မသိအောင်ပင် ဖြစ်လာ၏။

သူတို့ကပဲ နေရာအနှံ့ပြန့်ကျဲရောက်ရှိနေကြသလား၊ ဒါမှမဟုတ် သူမကပဲ လူတိုင်းလိုလို ဝတ်တတ်နေကြဝတ်စုံဂရို ဝတ် လာရုံလေးနှင့် ထိုလူအုပ်စုထဲက အဖွဲ့သားတွေချည်းပဲဟု ကဲကဲဆတ် မှတ်ထင်နေမိသလား၊

မဝေခွဲတတ်အောင်ပင် ဖြစ်နေရပါပြီ။

သူမ သိသည်ကတော့ ထိုဝတ်စုံဝတ်ထားသူတိုင်းကို သူမ၏ အတွင်းအစ္ဈတ္တက အလိုလို သံသယကြီးစွာ ထင်မှတ် နေတတ်ခြင်းပဲ ဖြစ်သည်။

သို့သော်လည်း နားထဲသို့ အချက်ပေးသံများကမူ ဒလစပ်။

သူမ ကော်ရစ်ဒါစင်္ကြံထောင့်မှနေ၍ ရှေ့သို့ တစ်လှမ်းမျှပင် မထွက်ရဲအောင်ဖြစ်နေရပြန်ပါပြီ။ ကော်ရစ်ဒါစင်္ကြံ သည်မှာဘက်ခြမ်း ခပ်ယွန်းယွန်းတွင် ရိုးရိုးလှေကားတစ်ခုကို လှမ်းမြင် နေရသည်။

ဟိုဘက်ခြမ်းက ဓာတ်လှေကားရှိရာသို့လည်း ပြန်သွား၍ မဖြစ်နိုင်တော့။

သူမ ဓာတ်လှေကားဆီ အသွား ထိုဝတ်စုံဝတ်က သည်ဘက်သို့များ လှည့်ကြည့်လိုက်သည်နှင့်ဆုံသွားခဲ့ပါက သူမကို ပြူးခနဲ တွေ့သွားပါချေလိမ့်မည်။

စိန်စာပေ

မှုန်းရွှေစင် ကြိုးစားကြံစည်သမျှ အရာထင် မလာဘဲ အချိန်တွေသာ တတိတိ ကုန်ဆုံးလာခဲ့သည်။

သူမ အလုပ်ခွင်အတွင်းမှ ပျောက်နေသည်မှာ ကြာနေပြီဖြစ်ပါသည်။ သူမ၏ ဌာနအကြီးအကဲ ဆားပီးယား အစ်မကြီး ခမျာလည်း သူမကို တိတ်တိတ် လေးကျိတ်ပြီး ရှာနေပါလိမ့်မည်။ ထိုအစ်မကြီး ရှာဖွေ မရနိုင်တော့လျှင်ဖြင့် အထက်ဌာန အဆင့်ဆင့်ထံသို့ တိုင်ကြားပါလေတော့မည်။

ဒါဆိုလျှင်ဒုက္ခဖြစ်ပြီ။

အကျယ် အကျယ် မငြိမ်းဖွယ်တွေ ဖြစ်လာပါတော့မည်။

သူမ အဖို့ ခက်ခက်ခဲခဲ ရှာဖွေရရှိထားသော သည်အလုပ်လေး၊ ရ ထားသည်မှာပင် မကြာလှသေး၊ ချက်ခြင်း ချည်း ပြုတ်သွားပါလျှင် ခက်ရပါချိမ့်။

မှုန်းရွှေစင် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချရပါပြီ။

သူမ၏ ဝန်ထမ်း နားနေခန်းဆီသို့ သွားရောက် စိတ်အမောဖြေရန် ကြိုးစားနေခြင်းအမှုကို လက်လျှော့လိုက်ပါချေပြီ။

မှုန်းရွှေစင်၏ အလုပ်ခွင်အတွင်းသို့ အမြန်ဆုံး ပြန်ရမည်။

ထိုအလုပ်ခွင် အတွင်းမှာပဲ သူမကို ဘာပဲလုပ်လုပ်၊ ဘာပဲကြံကြံ ဘယ်လောက်ပဲ ကြောက်ရ ကြောက်ရ၊ ဘယ်လောက်ပဲ အန္တရာယ်ရှိရှိ သူမ လည်စင်း၍သာ ခံရမည်ဆိုပါလျှင်လည်း ခံလိုက်တော့မည်။

ဒါဆိုလျှင် သူမ၏ တာဝန်ကင်းသည်။

ယခုကဲ့သို့ ကိုယ့်အကြောင်းတရားနှင့်ကိုယ် ထင်ရာ မြင်ရာ လျှောက်ပြေး နေလို့ကတော့ သူတစ်ပါး၏ အပြစ်ကနေ ကိုယ့်အပြစ်တွေချည်း ဖြစ်တော့မည်။

အင်း။ အားတင်း မာန်ခင်းပြီးသာ ကြိုးဝါးလိုက်ရသည်၊ ခုအချိန်မှာ တကယ်တန်း နဖူးတွေ့ဒူးတွေ့ ကြုံလာခဲ့သော် သူမ မပြေးဘဲ နေနိုင်ပါမည်လော။

မနေနိုင်ပါ။ မပြေး၍ မဖြစ်သေးပါ။ လုပ်ငန်းခွင်ထဲ ပြန် မရောက် မချင်းတော့ သူတို့၏ အမိကို ခံ၍ မဖြစ်ပါ။

လုပ်ငန်းခွင်ထဲရှိ လုပ်ဖော်ကိုင်ဖက်များ၏ကြားမှာ ရှိနေသည်ဆိုလျှင် တစ်စုံတစ်ရာသောအမှုတစ်ခုခု ဖြစ်ပျက် လာပါက မျက်မြင်သက်သေများ ရှိနေပါလိမ့်မည်။

မှုန်းရွှေစင် အကြောက်ရ သက်သာပါဦးမည်။

မပြေးဘဲနေနိုင်ပါလိမ့်မည်။

ဒါဆိုလျှင် ညစာတည်ခင်း စားတော်ပွဲကြီး တည်ခင်း ကျွေးမွေး ပြုစုရာ သူမ၏ မူလ လုပ်ခန်းခွင် ခန်းမဧည့်ခန်းကြီးရှိရာဆီသို့ အမြန်ဆုံးနည်းနှင့် ပြန်လည် ရောက်ရှိဖို့ လိုအပ်နေပါပြီ။

ဟောသည်အနိမ့်ပိုင်း အင်ဂျင်ခန်းအထပ်ဆီမှသည် ဆယ့်ငါးထပ်ရှိ သူမ၏ အလုပ်ခွင်၊ အခန်းအနားတည်ခင်း ကျွေးမွေး ကျင်းပရာ အထပ်ဆီသို့ ရိုးရိုး လှေကားမှတစ်ဆင့် အရောက် လှမ်းရပါတော့မည်။

စောစောက လူဆိုးအဖွဲ့သားတွေ မှုန်းရွှေစင် သည်လှေကားကို အသုံးပြု လိမ့်မည် ဟု ထင် မထားလောက်။

ဓာတ်လှေကားများနှင့် စက်လှေကားများ တပ်ဆင်ထားသော ခေတ်မီ ဤသင်္ဘောကြီးပေါ်တွင် မည်သူက အပင်ပန်းခံ၍ ရိုးရိုးလှေကားကိုသုံးပါမည် နည်း။ ကဲ၊ ယခု သည်ကောင်မလေး သုံးပါပြီ။

အပြေးလေ့ကျင့်နေကြ အားကစားသမ ကလေးမမို့ သည်အထပ်များ လောက်ကို အပျော့ပေါ့ ဟူသောသဘောနှင့် အပြေးလေး တက်သွားသည်။

အနှောင့်အယှက် ကင်းကင်းနှင့် တစ်ထပ်ပြီးတစ်ထပ် ထရိုင်ယာသလွန် သမလေး ပမာကျော်ဖြတ် လာသည်။

ဟောဟဲ လိုက်အောင် အမောပင် ဆို့နင့်နေသော်ငြားလည်း သူမ၏ လုပ်ငန်းခွင်အထပ်ရှိရာ စကြံတံခါးကြီးကို မြင်လိုက်ရသည်နှင့် စိတ်ထဲဖော ရင်ထဲမောနေသမျှ အမောပြေ သွားလေသည်။

ခုထက်ထိ သူမ၏ခါးဝတ် လက်ကိုင်ပဝါကြီးက တံခါး လက်ကိုင်ကြီးကို ခွလျက် ချည်ထားဆဲရှိနေ၏။

ဒါဆိုလျှင်အထဲမှ စောစောက လူဆိုးသည် အခြားတစ်ဖက်ရှိ စကြံ ထွက်ပေါက်မှ ထွက်သွားခဲ့ပြီ ဖြစ်လိမ့်မည်။

သူမ၏ ခါးလည်ဝတ်စုံ ပဝါလေးကို ခက်ခက်ခဲခဲ ပြန်ဖြည် နေရသည်။

အမြန်ကြိုးစားဖြည်နေရာ စက္ကန့်တော်တော် များများ ကုန်ဆုံးသွား၏။

ခဏအကြာမှာပင် ပဝါလေးမှာ မှုန်းရွှေစင်၏ ခါးကျင်ကျင်လေး ပေါ်သို့ သေသေသပ်သပ်လေး ပြန်လည် ရောက်ရှိ သွားလေတော့သည်။

တံခါးကြီးကို မျက်လုံးလေး တစ်လုံး ဝင်စာ အသာလေးဆွဲ ဟလိုက် သည်။ ပျော်ရွှင်စားသောက် ဖျော်ဖြေပွဲ အခန်းအနားကြီးမှာ မြိုင်မြိုင်ဆိုင်ဆိုင် စည်စည်ကားကား ဆင်နွှဲ၍ ကောင်းဆဲ။

မှုန်းရွှေစင်အဖို့ လုပ်ငန်းခွင်ထဲမှာ အချိန် တော်တော် များများ ပျက်ကွက် နေရပါပြီ။ သက်ဆိုင်ရာသို့ တောင်းပန်သမှု ကောင်းကောင်းကြီး ပြုဖို့ရန် စိတ်ကူးထားသည်။

ကြောက်စရာ လူတစ်သိုက် ရှိနေရာ စားပွဲကြီးကိုတော့ ဤတံခါးအနီးမှ လှမ်းကြည့်၍ မမြင်နိုင်။

တံခါးကြီးကို မြန်မြန်လေးလှပ်ကာ အထဲသို့ ဝင်မည်အပြု နောက်ဘက် သို့ ပြန်ကြည့် စစ်ဆေး အကဲခတ်လိုက်သည်။

အမလေး။

ကော်ရစ်ဒါစင်္ကြံထဲမှာ ဥရောပဝတ်စုံနှင့် လူတစ်ယောက်ရပ် ကြည့်နေ၏။

ကြည့်ပါဦး။ အနက်ရောင် အထက်အောက်။

မှုန်းရွှေစင် ရောက်ခါစတုန်းကတော့ သည် လူ ရှိမနေပါ။

ဒါဆို ဘယ်အချိန်တုန်း ကတည်းက ရောက်နေတာပါလိမ့်။

အထဲသို့ ဒရောသောပါး အမြန်ဝင်လိုက်ပြီး တံခါးကြီးကို အတွင်းမှ လော့(ခ်) ချလိုက်သည်။

တော်ပါသေးရဲ့ဟု သက်ပြင်းမောလေးကို ခက်ခက်ခဲခဲ ချလိုက်သည်။

ထိုစဉ်မှာပင် အစားအသောက် အလှအပ ပြုပြင် မွမ်းမံရေး ဌာန ဘက်သို့ သွားရာ ဝန်ထမ်းသုံး စင်္ကြံ ကော်ရစ်ဒါ လမ်းကွေ့လေးဆီမှာ တစ်စုံ တစ်ယောက် ကျောပေး ရပ်နေသည်ကိုပါ ရိပ်ခနဲ မြင်လိုက်ရပြန်၏။

သူသည်လည်း အနက်ရောင်ကုတ်အင်္ကျီဝတ်စုံကို အထက်အောက် ကျကျနန ဆင်မြန်းထားလို့ ပါကလား။

အရပ်တော့ သိပ် မမြင့်လှ။

ထိုဝတ်စုံဝတ်ထားသူက လှည့်ကြည့်လိုက်သည်။

"ဟယ်"

ဒါကြောင့် အရပ်က မမြင့်သကိုး။

မှုန်းရွှေစင်၏ နားထဲမှာ အချက်ပေးသံများ ဆူညံသွား၏။

ပြေးလမ်းပိတ်နေပါပြီ။

♛ ♛ ♛

စိန်စာပေ

"ပြေးမဆုံးနိုင်"

ဌာနအကြီးအကဲ ဆားဗီးယား မမကြီး။

ဤအထပ်ရှိ ညည့်ခံခန်းမကြီးအတွက် တာဝန်ခံအရာရှိမကြီး။

ဤခရီးသည်တင် ရောမသင်္ဘောကြီး၏ တည်ခင်း ကျွေးမွေး ညည့်ခံ ပြုစုရေးဆိုင်ရာ ဌာနကြီးများထဲမှာ ဤညည့်ခံရေးဌာနကြီးသည်လည်း တစ်ခု အပါအဝင် ဖြစ်သည်။

ဟိုးခပ်စောစော သူမ ခွင့်တောင်းခံခဲ့စဉ်က ထိုဆားဗီးယားမမကြီး ဝတ်ဆင်ထားခဲ့သည်က ညည့်ခံပြုစုရေးဆိုင်ရာ ဝန်ထမ်း သတ်မှတ် ဝတ်စုံကို သာ ဝတ်ဆင်ထားခဲ့ပါသည်။

ကြည့်ပါဦး ခုတော့၊ သူမ၏ နောက်သို့ သည်းကြီးမည်းကြီး လိုက်လံ နေကြသူ လူဆိုးတို့၏ ဝတ်စုံမျိုးကြီးနှင့်ပါလား။

တကယ်တော့ ဝန်ထမ်းဝတ်စုံအပေါ်မှ လွှားပြီး ခြုံထားရုံ သက်သက်သာ။

သူမကြီး၏မျက်နှာထားကြီးက တစ်မျိုးကြီး ဖြစ်နေသည်။

အထူးသဖြင့် ထိုဆားဗီးယား မမကြီး၏ မျက်နှာပေါ်မှ မရိုးမသားမှု များကို မှုန်းရွှေစင် အံ့သြစဖွယ် တွေ့လိုက်ရလေသည်။

ထိုစဉ်မှာပင် ဆားဗီးယားမကြီး ရှေ့သို့ အမြန် တိုးလာသည်။

သည်မိန်းမကြီးလည်း ထိုအုပ်စုနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း တစ်သင်းတည်း တစ်ဂိုဏ်းတည်း တစ်ဖြတ်တည်းပါလား။

ဘာတွေဖြစ်နေကြတာလဲ။

သူမအပေါ် ဒီလောက်တောင် ဖြစ်နေကြတာ ဘာအကြောင်းများကြောင့် ဖြစ်နေရသလဲ ဆိုသည်ကို သူမ အလွန်ပင် သိချင်လာ၏။

ထို့ကြောင့် မှုန်းရွှေစင် ထွက် မပြေးတော့ဘဲ အမိသာ ခံတော့မည်ဟု စိတ်ကူးလိုက်မိ၏။

သို့သော်လည်း သတိပေး အသံများကမူ နားထဲမှာ ဆူညံနေသည်။

ထိုစဉ်မှာပင် အခွင့်အရေးတစ်ခု တိုက်တိုက်ဆိုင်ဆိုင် ရလိုက်လေသည်။

ဒါ နောက်ဆုံး အခွင့်အရေး။

သူမ၏အနီးမှ ဝန်ထမ်းသုံး ဓာတ်လှေကား ပွင့်လာခြင်း ပင်တည်း။

ထိုအခါ ထွက်မပြေးတော့ပါဟု ဆိုသောသူမ၏ မူလ ဆုံးဖြတ်ချက်ကို သူမ၏ ခြေထောက်များက နည်းနည်းလေးမှ လိုက်နာခြင်း မရှိကြတော့ဘဲ မြန်းစားကြီး ချိုးဖောက် ကြလေတော့သည်။

ဓာတ်လှေကားခန်းထဲမှ ဝန်ထမ်းမတစ်ဦး ထွက်လာပြီးသည်ကိုပင် ကျဉ့်ဝတ် မစောင့်နိုင်တော့၊ အထဲသို့ ဖွတ်ကြီး တွန်းတိုက်ကာ ဝင်သွားလေသည်။

အထဲမှ ဝန်ထမ်း မိန်းကလေးခမျာလည်း ယိုင်တိ ယိုင်ထိုး ဖြစ်ကာ အူကြောင်ကြောင်နှင့် အပြင်ဘက်သို့ ရောက်သွား၏။

ဘုကြည့် ကြည့် သွားခြင်းကိုပင် မှုန်းရွှေစင် မသိချင်ယောင်ဆောင် လိုက်ခဲ့ရသည်။ စက္ကန့် အနည်းငယ်သာ နောက်ကျ သွားပါက မှုန်းရွှေစင်ကို ဆားဗီးယားမကြီး မိသွားနိုင်လေသည်။

သည်အတိုင်းဆိုလျှင် မှုန်းရွှေစင် ယုံကြည် ကိုးစားရမည့်သူ ဟူ၍ ဤသင်္ဘောကြီးပေါ်တွင် မရှိတော့ပါပြီ။

သည်လိုမျိုး ပြေးလွှားခဲ့ရဖူးသည့် သူမ၏ ဟိုးငယ်ဘဝ တစ်ခုကိုလည်း အရေးထဲ ဖျတ်ခနဲ ပြန်ပြောင်း သတိရလိုက်မိသည်။

အဲသည်တုန်းက အတွေ့အကြုံများကို ပြန် မတွေးချင်ပါ။

ကဲ၊ ခုတော့ ဖြစ်ချင်ရာလည်း ဖြစ်စေတော့။

ခုည ဆိပ်ကမ်းမှာ ကပ်တုန်း ကမ်းနားလုံခြုံရေး ကိုစ်ဂတ်ကို တိုင်ပြီး ဆင်းနေခဲ့ဖို့ပဲ ရှိတော့သည်။ လောလောဆယ် လူဆိုးများ၏ အဖမ်းအဆီးကို မခံရစေရန် သတိဝရိယ ကြီးစွာထားမှ ဖြစ်တော့မည်။

သူတို့ကတော့ သူမ၏ ဓာတ်လှေကားခရီးဆုံးကို တောက်လျှောက်

လိုက်လံ ကြည့်နေတော့မည်မှာ သေချာသည်။

သူမ စတင်ဆင်းလာသည်က ဆယ့်ငါးထပ်ရှိ သူမတို့၏ တည်ခင်းဧည့်ခံ ခန်းမဧရာမကြီး။

သူမ သွားလိုသည်က ခရီးဆုံး ဟိုး ငါးထပ်ရှိ ကုန်းပတ်မှ ကမ်းနားမြေပေါ်သို့ဆင်းရာ ဂန်းဝေးခေါ် ခရီးသည်ဆင်းလှေကားကြီး ဆီသို့။

မှန်းရွေစင် သည်အတိုင်း ဆင်းသွား၍ကတော့ ငါးထပ်အရောက်ဓာတ်လှေကားတံခါး ဖွင့်အထွက်မှာပင် ကွိခနဲ မိသွားနိုင်သည်။

ထို့ကြောင့် ဆယ့်သုံးထပ်အရောက်မှာ ဓာတ်လှေကားထဲမှ ခပ်သွက်သွက်လေးထွက်လိုက်သည်။

ဉာဏ်ကူမှပင် ရတော့မည်။

မထွက်မီ ဆယ့်နှစ်ထပ်တွင် လည်းကောင်း၊ ဆယ်တစ်ထပ်တွင်လည်းကောင်း၊ အစရှိသဖြင့် အထပ်တိုင်းတွင် ဓာတ်လှေကား ရပ်တန့်အောင်အော်တိုမက်တစ် ခလုတ်များကို ကြိုတင် နှိပ်ပြီး အမိန့်များ ပေးထားခဲ့လေသည်။

ထိုအခါဓာတ်လှေကားကြီးသည် လူလိုက်ပါလာခြင်းလည်း မရှိပါဘဲအထပ်တိုင်း၊ အထပ်တိုင်းတွင် ဘူတာစဉ်အတိုင်း အလိုအလျောက် ဝင်ရောက်ရပ်တန့်နေပေလိမ့်မည်။ ခရီးဆုံးအထပ်ဖြစ်သော နံပါတ် ငါးအထပ်သို့မရောက်မချင်းပင် အထပ်စဉ်အလိုက် ရပ်လိုက် ထွက်လိုက် ဖြစ်နေမည် ဖြစ်သည်။

သူမကတော့ အန္တရာယ် အတော်ကြီး သက်သာမည့် လမ်း မှပင်ငါးထပ်သို့ အရောက်သွားတော့မည်။

အန္တရာယ် အတော်ကြီး သက်သာမည့် လမ်းဟူသည်မှာကား . . . . .
အလွန်ခြေညောင်းစွာ ပြေးဆင်းရမည့် ရိုးရိုးလှေကားကို ဆိုလိုခြင်းပင်တည်း။

သည်လမ်းမှ သူတို့စောင့်ဆိုင်း မနေလောက်။

အဘယ့်ကြောင့်ဆိုသော် သူမသည် ရိုးရိုးလှေကားကို အသုံးပြု၍ပင်ပင်ပန်းပန်း ပြေးဆင်း နိုင်စွမ်းရှိလိမ့်မည် မဟုတ်ဟု သူတို့ ထင်ထားကြလောက်လိမ့်မည်ဟု သူမကလည်း ခန့်မှန်းမိထား၍ဖြစ်သည်။

ထို့ကြောင့်လည်း စောစောက ဤလမ်းကြောင်းမှပင် အနှောင့်အယှက်ကင်းရှင်းစွာဖြင့် လွတ်မြောက်လာခဲ့ရသည် မဟုတ်ပါလား။

ဒါက သူမ အယူအဆ။

သူမဘက်က အထင် သက်သက် ဖြစ်လေသည်။

မှန်းရွှေစင် ဓာတ်လှေကားထဲမှ ထွက်ပြီးလျှင် ပြီးချင်း ရိုးရိုး လှေကား ဘက်ဆီသို့ အသာလေး ကဲပြီး အရင် ဦးအောင် ချောင်း ကြည့်လိုက်သည်။

အထင်နှင့်အမြင် သိသိသာသာကြီး လွဲသွားရပါလေပြီ။

အောက်ဘက်မှ အပြေး တက်လာသော မဟူရာ ဝတ်စုံဝတ် တစ်ဦး ၏ကျောဘက်ကို တင်ကြို လက်ဦးအောင် မြင်လိုက်ရသည်။

သူတို့တွေသည် ပရော်ဖက်ရှင်နယ် အလုပ် ပိပြင် တိကျသူများပါ။

သူမ လှေကားခန်း ထောင့်ချိုးနှင့် အမြန် ကွယ်လိုက်သည်။

ထိုစဉ်မှာပင် သူမ တစ်စုံတစ်ခုကို မြင်လိုက်ရသည်။

လှေကားနှင့် ဘယ်ဘက်အနီးဆုံး ညှိသည်ခန်း တစ်ခန်း။

အခန်းဝ တံခါးကြီးက လက်နှစ်လုံးလောက် ဟပြီး ပွင့်နေလို့ရယ်ပါလား။

သူမ အားတက်သွား၏။

အတွေးတစ်ချက် လက်ခနဲ ဖြစ်သွား၏။

ထိုအခန်းထဲမှ ခရီးသည် ပါစင်ဂျာတစ်ဦးဦးထံ အကူအညီ မရရအောင် တောင်းခံရန် ဖြစ်သည်။

ကြာကြာ စဉ်းစား မနေအား။

စက္ကန့်ပိုင်းလေးအတွင်းမှာပင် သူမတစ်ယောက် ထိုအခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့ပါပြီ။

အခန်းတံခါးကြီးကို ချက်ခြင်းပိတ်ပြီး အတွင်းမှ ချက်ချ လိုက်သည်။ နန်းတော်ကြီးကဲ့သို့ အလွန်ခန်းနားလှပထည်ဝါလှသောညှိသည်ခန်းကြီးပါပေ။

မွှေးပျံ့ ရှင်းသန့် လတ်ဆတ်သော အခန်း၏ရနံ့လေးက လူ့ဂုဏ်တန် တို့၏ နေထိုင်မှု ဘဝဟန်ပန်ပုံစံ လိုက်ဖ်စတိုင်ကို ပြနေ၏။

သူမ ရောက်ရှိနေရာအခန်းမှာ ညှိသည်ခန်း ဖြစ်ပုံရသည်။

အခန်းရှင်တစ်ဦးဦးကိုမှ မတွေ့ရ။

အတွင်းဘက်မှာလည်း အခန်းကြီးများရှိနေသေးကြောင်း တွေ့နေရ၏။

ညှော်၊ ဟုတ်ပေသားပဲ၊ အိပ်စက်အနားယူချိန်ပဲ ဥစ္စာ။

လောလောဆယ် အခန်းရှင်များကို လေးစား အားနာ ထောက်ထားမှု များကို ခဏဘေးသို့ဖယ်ထားပြီး အပြင်ဘက်က လက်ရှိ အခြေအနေများကိုသာ ဦးစားပေး သိလိုနေပါသည်။

သူမ၏ ကျူးကျော် ချဉ်းနင်း ဝင်ရောက်မှုများအတွက် အခန်းရှင် သူဌေးမင်းများကို နောက်မှပဲ အနူးအညွတ်တောင်းပန်ရပါလိမ့်မည်။

တံခါးဝမှ ချောင်းကြည့်ပေါက် မှန်ဘီလူးခုံးလေးဆီ မျက်လုံးလေးတစ်လုံး ကပ်ကြည့်လိုက်သည်။

အမလေး၊ ဘုရား၊ ဘုရား၊

ဝတ်စုံဆင်တူနှင့် လူနှစ်ယောက် မှန်းရွှေစင်ရှိနေရာ အခန်းတံခါးဝ အနီးတွင် စန္ဒလီ ခေါက်တုန့်ခေါက်ပြန် လျှောက်နေကြ၏။

သူတို့တွေ ညှပ်ပူးညှပ်ပိတ် ဖမ်းနေကြပါလျက်နှင့် သည်နေရာမှာတင် ပျောက်သွားရခြင်းကို ထူးဆန်းပြီး ဦးနှောက်စားနေသောပုံများ ထွက်နေကြ၏။

သည်အတိုင်းဆိုလျှင် မှန်းရွှေစင်တစ်ယောက် သည်အခန်းကြီးထဲမှာပဲ ခေတ္တ အောင်းနေရပေတော့မည်မှာ သေချာနေပြီ။

အခန်းကြီးကို လှည့်ပတ်ကြည့်ရင်း တယ်လီဖုန်းကို ရှာနေမိ၏။

အလွန်လှပသော ရှေးဥရောပဟန် ဒီဇိုင်းမျိုးလေးဖြင့် စီခြယ် မွမ်းမံ ထားသည့် ဒစ်ဂျစ်တယ်လ် တယ်လီဖုန်းကို ညှော်ခံစားပွဲကြီးပေါ်၌ တင့်တင့် တယ်တယ်ကြီး တွေ့လိုက်ရ၏။

ဝမ်းသာအားရနှင့် ဖုန်းကိုမ ယူပြီး သူမ၏ နားလေး တစ်ဖက်တွင် ကပ်ကာ အပြည်ပြည်ဆိုင်ရာ ပုလိပ် တပ်ဖွဲ့တို့၏ ယေဘုယျ ဖုန်းနံပါတ်ကို လှည့်မည်ပြုလိုက်သည်။

သူမ ကြောင်တက်တက်လေး ဖြစ်သွားလေသည်။

♛ ♛ ♛

## "လူ့ဂုဏ်တန် အခန်းရှင်ကြီး"

တယ်လီဖုန်းက လုံးဝ အလုပ်လုပ်ခြင်းမှ မရှိဘဲကိုး။

အော်တို သံရှည်တုန်း မပြည်သလို အခြားသော အသံဟူ၍လည်း ဘာသံမှကို မကြား။

သူဌေးတို့ရဲ့ ဖုန်းကြီးရယ်၊ ဘယ်ကနေ ဘယ်လိုများ ဖြစ်ပြီး ဘာကြောင့်များ ပျက်ရပါသည်တဲ့တုန်း။

သူဌေးခန်းတို့ မည်သည် ဖုန်းဆိုသည်မှာ တစ်လုံးတည်းတော့ မထား လောက်၊ အတွင်းခန်း တစ်ခန်း ခန်းထဲမှာများ နောက်ထပ် တစ်လုံးလုံးတော့ ရှိလောက်သည်။ အမြန်ရှာတွေ့ဖို့ လိုအပ်သည်။

ထိုအတွေးအမြင်နှင့် မှုန်းရွှေစင်တစ်ယောက် သူတစ်ပါး၏ပိုင်နက် အတွင်းသို့ လုံးလုံးကြီး ချဉ်းနင်းဝင်ရောက်လာခဲ့ပါလေပြီ။ အခန်းတွင်း လူသွားစင်္ကြံလမ်း ခပ်သေးသေးလေး၏ ဘယ်ညာ တစ်ဖက် တစ်ချက်တွင် ခန်းမကျယ်ကြီး နှစ်ခန်းကို လှမ်းတွေ့ရ၏။

ထိုအခန်းတို့၏ရှေ့ယွန်းယွန်း စင်္ကြံလမ်းအဝတွင် ချစ်စရာ မီနီ ဘားငယ် လေးတစ်ခုကို တည်ခင်းထား၏။ ဟိုဘက်ခြမ်းတွင်ကား ဟမ်းသီရတာခေါ် ကိုယ်ပိုင် ရုပ်ရှင်ရုံငယ်လေးတစ်ရုံဖြစ်ဟန်တူသော နေရာလပ်လေးရှိသည်။

ဇာပဝါကန့်လန့်ကာ လှလှလေးများနှင့် ပိုင်းခြားထား၏။

လေးထောင့်မြင်ကွင်းကျယ် အယ်လ်စီဒီ မှန်ပါးပါး စခရင်းကြီးက

သဘော်အခန်းကာ နံရံပေါ်မှာ ထင်းထင်းကြီးရယ်။

အိနစ်နေသော ဆိုဖာအိအိကြီးများကလည်း မြင်သူတိုင်း ထိုင်ကြည့်ဖိမ်ခံချင်လာအောင် ဆွဲဆောင်နေသယောင်။

ဒေါ်လဘီ ဒစ်ဂျစ်တယ်လ် ပတ်လည်ပြေး အသံစံနစ်သုံး ဆောင်းဘောက်စ်ကြီးများကိုမူ နံရံထဲမှာ လှပစွာ မြှုပ်သွင်း တည်ဆောက်ထားသဖြင့် အမြင်ရှင်းလင်းနေ၏။

ခုထက်ထိတော့ ဘယ်သူ့ကိုမှ မတွေ့ရသေး။

စကြံအတွင်းဘက်သို့ ခေါင်းလေးကဲပြီး လှမ်းကြည့်လိုက်သည်။

မှန်ခန်းနှစ်ခန်းစလုံး အတွင်း၌ အဝါရောင် ညှကြည့်မီး မှိန်မှိန်လေးများ ထွန်းထား၏။ ပလာဇာဆိုင်ကြီးများလို မှန်သား အကြည်များဖြင့် အခန်း ဖွဲ့စည်းထားကြသည်။

သို့သော်အတွင်းဘက်ထဲမှ လိုက်ကာရှည်ကြီး များကိုမူ စေ့ နေအောင် ကာထားသဖြင့် ဘာအခန်းတွေမှန်းတော့ မသိနိုင်။

သေချာသည်ကတော့ သူ့ဌေးခန်း ဖြစ်၍ အပိုအမိုတွေနှင့် အလှအပ ပသာဒကို ရှေ့တန်းတင် တန်ဆာဆင် ထားခြင်းသာဟု ထင်မိလေသည်။

ထိုနှစ်ခန်းအဆုံးပိုင်းတွင် အသေးစား မှန်လုံခန်းလေး တစ်ခန်း ထပ်မံတွေ့ရပြီး စကြံကော်ရစ်ဒါထောင့်ချိုး အကွေ့လေး

ဟိုဘက်တွင်တော့ တို့င်းလက် သန့်စင်ခန်းတစ်ခု၊ အမျိုးသား အဝတ်များ ချိတ်ဆွဲထားသော အဝတ်ချိတ်ဘီရိုစင်ကြီးနှင့် ဖိနပ်စင်တို့ကို တွေ့ရသည်။

တို့င်းလက်ထဲသို့ရောက်သည့်တိုင် လူရိပ်လူချေ တစ်ရိပ် တစ်ယောင်မျှပင် မမြင် မတွေ့ရသေး။ အရေးထဲ သူမ ပင်လျှင် ကျန်းမာရေး ကိစ္စလေး ဘာလေးပင် ရှင်းလင်း လိုက်ဖြစ်သွားသေး၏။

အောင်မလေး၊ ခုမှ တော်တော် ပေါ့သွားရသည်။

စိတ်အေးလက်အေး ပြန်ထွက်လာစဉ်အခန်းနှစ်ခန်းကြား ကော်ရစ်ဒါ စကြံအဝနား အရောက် ခြေလှမ်းတို့ ရုတ်တရက် တုန့် သွားကြ၏။

အခန်းဝကြီးဆီမှ အသံတစ်ခုခုကို ကြားလိုက်ရ၍ဖြစ်သည်။

အလို၊ ဘာသံပါလိမ့်။

"ချပ်၊ ဂျလပ်"

ဟယ်၊ ဒါ၊ ဒါ၊ အပြင်ဘက်မှ တံခါးဖွင့်သည့် အသံ။

ပိုင်ရှင်လာပြီ ထင်သည်။

သူမ ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။

ကဲ၊ ကိစ္စအစုံ အဖုံဖုံကိုရှင်းပြပြီး၊ သူမ အတွက် အကူအညီ ပေးပါမည့်အကြောင်း အသနားခံ တောင်းပန်ရပါတော့မည်။

အခန်းထောင့် အကွယ်လေးဆီမှ ထွက်အံ့ဆဲဆဲ ဖြစ်နေပါပြီ။

သို့သော်လည်း လက်တွေ့တွင်မူ သူမမှာ သည်အခန်းထဲသို့ ခိုးဝင်ကျူးကျော် စပ်စုထားမိသဖြင့် စိတ်က သိပ် မလုံချင်။

ထို့ကြောင့် ခြေထောက်များက သတ္တိ ချက်ခြင်းချည်းတော့ မရှိချင် ကြသေး။

ကြောက်ကြောက်နှင့် သတ္တိလေးမွေးနေရင်း မှန်နံရံ လိုက်ကာ အကွယ်မှခေတ္တ ခဏ အသာလေးစောင့်ကြည့် အကဲခတ်လိုက်၏။

ဟယ်၊ သေပြီ။

ဝင်လာသူက တံခါးကိုကျောပေးလျက် နောက်ပြန်ကြီး ပေးကာဖြည်းဖြည်းချင်း ဝင်လာ၏။ မှန်းရွှေစင် ဒူးများပင် မခိုင်ချင်တော့။

အဝတ်အစားများက စောစောက သူမ၏ နောက်သို့ ဒလမန်းကြမ်းလိုက်နေကြသော လူများ၏ ဝတ်စုံများ အတိုင်းဖြစ်နေပါကလား။

ဒါ၊ ဒါဆို သည်လူသည် လူဆိုးအဖွဲ့သားတွေထဲကတစ်ယောက်ပဲပေါ့။

ဒါဖြင့် လူဆိုးတွေနှင့် ပတ်သက်နေသော အခန်း ထဲကိုမှ ဝင်ခဲ့ရမိသည်လို့။

တိုက်တိုက်ဆိုင်ဆိုင်ရယ်။

သူမ ခေါင်းလေးကို အသာရုတ်၊ ကိုယ်လေးကို ယို့ကာ ခြေသံထိန်းရန်ပင် မလိုအပ်သော ပါရှန်းကော်ဇောကြမ်းခင်းပေါ်တွင် ခြေထောက်လေးများဖော့ကာ အဝတ်ဘီရိုကြီးရှိရာသို့ လှည့်၍ သုတ်ခြေတင် ပြေးလေတော့သည်။

အဝတ်များကြားတွင် ပုန်းနေရင်းမှ အသက်ကို မျှင်းပြီး ရှူနေရသည်။

ရင်တွေက တအားကြီးခုန်ကာ လူက အလွန် မောဟိုက် ပင်ပန်းလာ၏။

အတွင်းခန်း လူလျှောက်လမ်းလေးဆီမှ ခေါင်းဟန့်သံ တစ်ခု ပေါ်လာသည်။

အခန်းပိုင်ရှင်ကြီး သည်ဘက်သို့ လာနေတာပါလား။

သူမ၏ နဖူးမှချွေးပေါက်များ မျက်ခုံးကိုကျော်ကာ ကျလာပါပြီ။

♛ ♛ ♛

**စိန်စာပေ**

## "ဗိနပ်"

အခန်းပိုင်ရှင်က ချောင်းဟန့် လိုက်ပြန်၏။

ထိုသူ ဘီရိုအနားသို့ရောက်လာကြောင်း ချောင်းဟန့်သံများ နီးကပ်လာသည်ကို နားထောင်ခြင်းအားဖြင့် သိနိုင်လေသည်။

သူမ ပုန်းနေရာ ဘီရိုအနီးသို့ တဖြည်းဖြည်း ကပ်လာ နေတာပါလား။

ဘုရား၊ ဘုရား။

ဘီရိုကြီးထဲရှိမျက်နှာသုတ် တဘက်ရှည်ကြီးများ လှမ်းထားရာ နောက်ဘက် ချောင်လေးထဲမှာ မှုန်းရွှေစင်ခမျာ အသက်ကိုပင် ပုံမှန် မရှူရဲရှာဘဲ သာသာလေး မျှင်းရှူရင်း ငြိမ်သက်နေရှာသည်။

ခဏအကြာတွင် သူမကို ကွယ်ထားသော တဘက်များ တဝုန်းဝုန်းနှင့် လှုပ်နေ၏။

အဝတ်များစွာနှင့် ကွယ်နေသဖြင့် သူမ ထိုသူကို လှမ်းကြည့်၍ မမြင်ရသလို ထိုသူကလည်း သူမကို မမြင်နိုင်လောက်သေး။

ထိုသူက လက်ကြီးနှင့် အကန်းစမ်းသလို ဟိုနှိုက် သည်ရမ်း လုပ်ပြီး ဖွနေ မွှနေသည်။

ဘီရိုထဲသို့ ကျော်ဝင်လာသော ထိုလက်ကြီးကို ရိပ်ခနဲ ရိပ်ခနဲ မြင်နေရသည်။

အကယ်၍များ သည်ဘက်သို့ နည်းနည်းလေးသာ နီးသွားလျှင် သူမ၏ ခေါင်းကို သေချာပေါက် ဂေါက်ခနဲ ရိုက်ခတ်မိ သွားနိုင်သည်။

တော်တော်ကြာမှ ထိုလက်ကြီးက ဘီရိုထဲမှ တီရှပ်အင်္ကျီ ပါးပါးလေး

တစ်ထည်ကို ဆွဲထုတ်ယူသွား၏။

စက္ကန့်အနည်းငယ် အကြာမှာပင် ခပ်လေးလေးစီးစီး အဝတ်တစ်ထည်ထည်ကို ကော်ဇောကြမ်းခင်းပေါ်သို့ ဖလော ခနဲ ပစ်ပေါက်လိုက်သံလိုလိုကို ကြားလိုက်ရ၏။

သူမရင်တွေ တလှပ်လှပ် ခုန်ရလွန်းသဖြင့် အသက်ရှူရပင်မွန်းကျပ်လာသည်။

ထိုသူထံမှ နောက်ထပ် အသံ မကြားတော့။

ကော်ဇောလှလှကြီးခင်းထားသဖြင့် ထိုသူ၏ခြေသံကို နားစွင့်၍ မရနိုင်ဖြစ်နေသည် မဟုတ်ပါလား။

တစ်ဖက်သား၏ လှုပ်ရှားမှုများကို မှုန်းရွှေစင် အချိန်နှင့် တပြေးညီသိထားဖို့ လိုနေပါပြီ။

သူမ ရှေ့ရှိ တဘက်ပဝါစကြီး၏ အောက်ဘက် တန်းလန်းကျနေသောအပိုင်းလေးကို အသာလေး မ တင်ပြီး အနီး ကော်ဇောခင်းရှိရာဆီသို့ဖြည်းဖြည်းလေး ဟ ကြည့်လိုက်သည်။

အမလေး။

ပြောင်လက်နေသော ရှူးဖိနပ် တစ်စုံ။

ထိုဖိနပ်များပေါ်သို့ အိသွဲ့နွဲ့ကျနေသော အနက်ရောင် ဘောင်းဘီရှည်အနားများ။

ထိုဖိနပ်ရှေ့တစ်မိုက်လောက်နေရာတွင် ဖရိုဖရဲ ပုံကျနေသောအနက်ရောင် ကုတ်အင်္ကျီတစ်ထည်။

စောစောက အသံမှာ သည်ကုတ်အင်္ကျီကြီးကို အရှိန်နှင့် ပစ်ပေါက်လိုက်ခြင်းပင် ဖြစ်လိမ့်မည်။

ယခု ပင့်မ ဟခဲ့ ကြည့်ပုံအရ မြင်ကွင်းမှာ ထို့ထက်ပို၍ မမြင်ရ။

သည့်ထက်ပိုပြီး ပင့်မ ဟခဲ့ ကြည့်လို့များကတော့ ထိုလူကို မှုန်းရွှေစင်ဆိုသော ကောင်မလေး သည်နေရာမှာ ပုပြား၍ထိုင်နေပါကြောင်း လှမ်းအော်ပြောလိုက်သည်ကမှ ပိုပြီး သိသာပေလိမ့်မည်။

မှုန်းရွှေစင် ရသမျှ အဟလေးကြားမှ အသာလေးကြည့် နေစဉ်မှာပင်ထိုဖိနပ် တစ်စုံက နည်းနည်းပါးပါး နေရာရွှေ့၏။

ထိုအခါကျမှ သူမ တစ်စုံတစ်ခုကို မြင်လိုက်ရ၏။

ဒါမျိုး မြင်ဖူးပါသည်။

ဖိနပ် အမျိုးအစားနှင့် ဒီဖိုင်းကလည်း တစ်ထေရာတည်း။

အရွယ်အစားကလည်း တစ်ဆိုဒ်တည်း။

သိပ် မကြာမတင်လေးတုန်းကပဲ မြင်ဖူးလိုက်ခဲ့ သလိုလို။

ညာဘက် ရှူးဖိနပ် ရှေ့ဦးထိပ် နေရာမှာ။

နီရဲရဲ တစ်စုံတစ်ခုက ထိုနေရာတွင် တင့်တယ်စွာ အခြေချ နေရာယူ စံမြန်းတွယ်ကပ် မှေးစက်နေကြ၏။

ပေကျံထားခဲ့သော အနီရောင် ပြုတ်ဆီ အခြောက်များ။

ပေကျံနေပုံက အစ နေရာမလွဲ ပုံစံ အတိအကျ။

ဖိနပ်ပိုင်ရှင်ဖြစ်သူကလည်း ထိုနေရာသို့ အပေါ်စီးမှ မြင်ရပုံ မရ။

ဒီအပေ၊ ဒီအပေ အတိုင်း ပစ်ထားသဖြင့် ခြောက်ပြီး မာ ကပ်နေပါပြီ။

စားသောက်ပွဲမှ မတော်တဆ ပေ လာပုံရသည်။

ဒါမျိုး မှုန်းရွှေစင် မျက်ဝါးထင်ထင်ကြီးကို မြင်ခဲ့ဖူးတာပါ။

စားသောက်ပွဲမှ၊

စားသောက် ပွဲ. . . . . . .။

ဟယ်၊

ဒါ၊ ဒါ၊ ဒါဆို . . . . . . .။

ဒီဖိနပ်ကို ဟိုတစ်ယောက်၊ ဟိုတစ်ယောက် စီးထား တာလေ။

ဓာတ်လှေကားထဲမှာ မြင်ဖူးခဲ့တာ မဟုတ်လား။

ဟုတ်ပါပြီ။

ဒီဖိနပ်စီးသူသာ တစ်ဦးတည်းဖြစ်ကြောင်း သေချာပါလျှင် သော်လည်း ကောင်း၊ ဒီပြုတ်ဆီသာ ဒီနေ့သည် ဒီလို နေရာမှာ ဒီပုံစံအတိုင်း ပေကျံသွားသော ဖိနပ်မှာ ဒီတစ်ဖိနပ်တည်းသာ ဖြစ်လျှင်သော်လည်းကောင်း ဒီလူသည် စောစောက ဓာတ်လှေကားထဲမှ ဒီ အစ်ကိုကြီးသာလျှင် ဖြစ်ရမည်။

ဒါဆို၊

ဒီလူလည်း ဟို ဂိုဏ်းသားတွေထဲက တစ်ယောက်ဖြစ်နေပြီပေါ့။

ဘုရား၊ ဘုရား။

ရုပ်ချောချော၊ ကိုယ်လုံးထွားထွား ကျားကျားလျားလျား၊

ဗမာဆန်ဆန် မျက်နှာပေါက်မျိုးနှင့် အစ်ကိုကြီး။

ရုပ်ချိုချို၊ ပြုံးတလဲ့လဲ့၊ ညို့မျက်ဝန်း နက်နက်။

ဒါပေမယ့်၊ ဒီအစ်ကိုကြီးသာ ဒီဂိုဏ်းသားတွေထဲကဆိုလျှင် သူမကို ဖမ်းဖို့ သူက ဘာကြောင့် မကြိုးစားခဲ့ရပါသလဲ။

ပြီးတော့လည်း သူမ၏ အတွင်းအစျတ္တ စိတ်မနောထဲမှ အန္တရာယ်ရှိပါသည်ဆိုသော သတိပေးချက်တို့ကလည်း သူလို လူဆိုးနှင့်ဆုံစည်းခိုက်မှာကျ ဘာကြောင့်များ ပေါ် မလာခဲ့ကြပါလိမ့်။

မှုန်းရွှေစင်တစ်ယောက် ချောင်ထဲမှာ ကြောက်ရွံ့ ငြိမ်ပု ပြားဝပ် အိုက်စပ်ညောင်းချိ ထိုင်နေရင်းမှ အမေးတစ်ရာ အတွေးကမ္ဘာ ဖွဲ့နေမိ၏။

ထိုစဉ်မှာပင် အင်မတန် ပီသ ရှင်းလင်း ကြည်မြလှသော အင်္ဂလိပ်လေယူ လေသိမ်း တစ်ခု ခပ်ကကျိတ်ကျိတ် ပေါ်ထွက်လာ၏။

သူ့ဘာသာသူ ပြောနေပုံရသည်။

အသံသြဇာက ယောကျာ်းပီသသူတို့၏ သြဇာတိက္ကမ သံမျိုး။

သေချာပါပြီ။

ဒါ သူ၏ အသံမှ သူ၏အသံပါ။

ယောကျာ်းတစ်ယောက်၏ ဆွဲဆောင်မှုအား အလွန် ကောင်းသော ညို့အားပြင်း ပီယဝါစာသံ။

သြ၊ သူက တစ်ယောက်တည်းလည်း စကားပြောတတ်သည့် သူ ထင်ပါရဲ့။

''တော်တော်ဆိုးတဲ့ လူတွေပဲ၊ ဒီလိုလူမျိုးတွေကို တစ်ခါမှ မမြင်ဖူးဘူး၊ ဟူး၊ တောက်''

ဘုရား၊ ဗုဒ္ဓမြတ်စွာ၊ တောက်ခေါက်သံကြီးကလည်း မော်တော်ကားဘီး ပေါက်သံကြီး ကျနေတာပဲ၊

ဒီလူ တော်တော် ဒေါသကြီး ပါကလား။

ယခုလည်း ဘယ်ကိုမှ နေရာမရွှေ့ဘဲ သည်ဘီရိုရှေ့တည့်တည့်မှာမှ လာပြီး ကသိုဏ်းပွားနေရသည်လို့။

''သွားစမ်း၊ ဟောဒီ ခါးက ဘောင်းဘီစုတ်လည်း သွား''

အလိုလေး၊

သူမ ဆက် မကြည့်တော့ဘဲ တဘက်ပဝါစ လေးကို အမြန် ချလိုက်သည်။ သူ၏ အသံကိုသာ နားစွင့်နေလိုက်သည်။

ကြားရပုံအရ ခန့်မှန်းမိသည်မှာကား သူ၏ ခါးက ဘောင်းဘီရှည်ကြီးကို ဒေါနှင့်မောနှင့် ချွတ်နေဟန်ရှိသည်။ မကြာမီ ကော်ဇောကြမ်းခင်းပေါ်သို့ ခပ်ကြမ်းကြမ်းလွှင့်ပစ် လိုက်သဖြင့် ဖလော ခနဲ ပစ်ကျလာသံကို ကြားလိုက်ရပြန်သည်။

ထို့နောက် မကျေမနပ်နှင့်တစ်ယောက်တည်း ပွစိပွစိ ပြောနေပြန်၏။

"ဒါမှားစရာလား၊ ဒါမှားစရာလား၊ တယ်လေ၊ တောက်"

သူ့ တောက်ခေါက်သံကြီးက သူ့ ပါးစပ်ထဲကလျှာကြီးပဲ ကျွတ်ထွက်လျှင်ထွက်၊ မထွက်လျှင်လည်း မှုန်းရွှေစင်၏ နားရွက်လေး နှစ်ဖက်ပဲ လွင့်ထွက်သွားရလောက်ပါ၏။

ထို့နောက်တွင်ကား ဘာသံမှ မကြားတော့ဘဲ ငြိမ်သက် တိတ်ဆိတ်နေပြန်၏။

တဘက်စ လေးကို စောစောကအတိုင်း မ တင်လိုက်ပြီး အသာလေးကဲ ကြည့်လိုက်သည်။

ဟယ်၊ သူ မရှိတော့။

ဒီအနားကနေ ဘယ်တုန်းကများ ကြွသွား ရတာပါလိမ့်။

ဘောင်းဘီကြီးကို ချွတ်ပြီး ဒီအတိုင်းချည်းများ လျှောက်သွားနေလေရော့သလား မသိ။

စောစောက ဘောင်းဘီ အနက်ရောင်ကြီးမှာတော့ သူ၏ ခါးပေါ်မှာမရှိဘဲ ကော်ဇော ကြမ်းခင်းပေါ်တွင် အပုံလိုက် အခွေအခေါက်လိုက် အတိုင်းသားမဟုတ်လား။

ဘာနဲ့များ သွားနေပါလိမ့်။

ဒုက္ခပါပဲ။

မကြာခင် သူ ပြန်ရောက်လာဦးမည် ထင်သည်။

ထင်သည့်အတိုင်းပင် သူ ပြန် ရောက်လာပါချေပြီ။

ငြူတ်ဆီဖိနပ်ဦးကို အရင်ဆုံး မြင်လိုက်ရသည် မဟုတ်ပါလား။

♛ ♛ ♛

## "ယူဂျီ ယူဂျီ"

အပေါ်ခြမ်းမှာ သူ ဘာတွေများ ဝတ်ဆင်ထားလေသည်တော့ မသိ၊ အောက်ပိုင်းကတော့ သေချာနေတာ တစ်ခုရှိနေပါပြီ။

စောစောကဘောင်းဘီ အနက်ရောင်ကြီးမှာ ကော်ဖော ကြမ်းခင်း ပေါ်တွင် အပုံလိုက် အခွေအခေါက်လိုက် အတိုင်းသား မဟုတ်ပါလား။

ခုမှ သူမ တစ်ခုတွေးမိသည်။

သူ့ကိုစောစောတုန်းက သူမ တွေ့စဉ်က သူသည် အဖြူရောင်ပွဲတက် ကုတ်အင်္ကျီကို ဆင်မြန်း ထားသည်ဖြစ်ကြောင်းပါ။

ခုတော့ သူ၏အဖွဲ့သားများနှင့် အတူတကွ အလုပ်လုပ်ကြရန် ဝတ်စုံချင်း များ ပြောင်းလိုက်လေရော့ သလား။

ဒါနှင့်များ သူ့မှာ ဒီအဝတ်တွေနှင့် ရန်ဖြစ် နေရသည်လို့။

ကိုယ်တော်ချောက ဘောင်းဘီချွတ်တုန်းကပင် မချွတ်ခဲ့သော ပြွတ်ဆီ ရှူး ဖိနပ်ကို ခုမှပဲ ချွတ်တော့သည်။

ပြီးတော့ ထိုင်ချလိုက်၏။

အမလေး၊ ဘုရား။

သူမ တဘက်စလေးကို ရုတ်ခနဲ ပြန်ချလိုက်ရသည်။

မကြာမီ ဘီရိုကြီး၏ အောက်ပိုင်း အံဆွဲများရှိရာနေရာမှ အံဆွဲ ဒရွတ် ဆွဲသံများကိုကြားရ၏။ ပါးစပ်ကလည်း ငြိမ်ငြိမ်မနေဘဲ ပူသည် အိုက်သည်ဟု အဓိပ္ပါယ်ရသည့် ဘိုစကားများကို တွင်တွင် ရွတ်နေသည်။

သူဆွဲထုတ်သမျှ အံဆွဲများတွင် သူလိုချင်သည့် ပစ္စည်းကို ရှာတွေ့ခဲ့ပုံ မရဟုထင်သည်။ ထို့ကြောင့် မှုန်း တစ်ယောက် ပုပြား ငြိမ်သက် ကျောက်ချ နိုအောင်း နေရာဘက်ရှိ အံဆွဲများဆီသို့ သူ့လက်က တဖြည်းဖြည်း ရွေ့လျား ရောက်ရှိလာပါပြီ။

ဂျလိန်းဂျလောင်း ဘရော ဟူသော အသံများထွက်အောင် အရှာကြမ်း နေပြန်ပါပေါ့လား။ မှုန်းခမျာ တုပ်ထားသော ဒူးလေး များကို မရအရ ထပ်ကွေး ထားရသလို သူမ၏ ဟပ်ဖ်ရှူးလေး များထဲမှ ခြေဖျားလေးများကိုပါ အလိုလို နေရင်း ရောယောင် ကွေး နေမိလေသည်။

သည်ဘက် အံဆွဲဆီအထိ ရောက် မလာပါစေနှင့် နော်။

အကွာအဝေးမှာ သူနှင့်သူမတို့ လှမ်းပြီး ပုတ်ရိုက်လိုက်လို့ပင် ရနေပါပြီ။

ထိုစဉ်မှာပင် သူ လိုချင်သည့်အရာကို ရသွားဟန်ရှိသည်။

ဒါ ငါရှာနေတာ၊ ငါသိပ်ကြိုက်၊ ငါသိပ်ကြိုက် ဟူသော အဓိပ္ပါယ် ရသည့်စကားဖြင့် အောင်မြင်စွာရေရွတ်လိုက်ဟန် ပြုလိုက်သည်။

ပြီးတော့ နောက်ဆက်တွဲ အော်နေသည်က ယူကို ယူကို ယူကို ဟူ၏။

ဘာကို ဆိုလိုနေမှန်းတော့ သူမ မစဉ်းစားတတ်။

မကြာမီ သူအော်နေသံက နီးရာမှ ဝေး၍ သွားခြင်းကို ကြားရခြင်း အားဖြင့် ထိုင်ရာမှ ထသွားဟန်ရှိ၏။

ထို့ကြောင့် သူမလည်း ထုံးစံအတိုင်း တဘက်ပဝါကို အသာလေး လှန်ကြည့်ရပြန်လေသည်။

ဟယ်။

သူမ ထင်မှတ် မထားသော မြင်ကွင်းကိုတွေ့လိုက်ရသည်။

အနီရောင်အခံပေါ်မှာ အဖြူနှင့်အဝါ ကန့်လန့်စင်း ပိုး ချည်ဖောက် ပုလဲပေါက် လုပသော ပုဆိုး တစ်ထည်။

သည်ပုဆိုးမျိုးဆိုသည်က အန္တိယကလာသော ပလေကပ်အနွယ်ဝင် လည်းမဟုတ်၊ ပါကစ္စတန်က ပို့သော တက်ထရက် လုံချည် အမျိုးအစားလည်း မမည်၊ မြန်မာပြည် အထက်အညာရပ်ဆီက ဂုဏ်ယူစွာ ထုတ်လုပ်ပါသော မြန်မာပြည်လုပ် မြတ်နိုးဖွယ် အာဂ ထုတ်ကုန် ပစ္စည်း။

လက်စသတ်တော့ ယူကိုဆိုသည်မှာ ဦးဂျမ်းကို ဆိုလိုခြင်း ဖြစ်လေ တော့သည်တကား။ သူ၏ခြေဖမိုးများ အထက်မှာ အံကျ ပန်ကျ ပုံကျကျ နှင့်

နေသားတကျ ဂုဏ်တင့်စွာ ဝဲပျံ့နေသည်။

ဒါကို သူ သေသေချာချာကြီး ဝတ်ဆင်တတ်နေပါကလား။

ပုဆိုးကို ဝတ်ဆင်တတ်သည့်လူမျိုးဟူ၍ သူမ သိရ သလောက်တော့ မြန်မာပြည်သား အစ်ကိုကြီးများမှ လွဲလျှင် အန္တိယပြည်ကြီးမှ အချို့သော လူမျိုးစုများနှင့် အင်ဒိုနီးရှားနိုင်ငံမှ အချို့သောလူမျိုးစုတို့သာရှိကြလေသည်။

ထိုလူမျိုးတို့ ဝတ်ဆင်ကြရာ၌လည်း ဗမာလုံချည်များကဲ့သို့ရောင်စုံ အလှအပ အကွက် အဆင်များနှင့် မဟုတ်ကြ၊ တစ်ရောင်တည်းခြယ် ကွက်တုံး ကြီးများသာ။

ခုတော့ သည်ပုဂ္ဂိုလ်ကြီးက အကျအန ဝတ်ဆင်တတ်နေပါတကား။

ပြီးတော့လည်း ကျေနပ်မှုရဟန် သူ့ရှင်ပြ အသံကို ကြားရခြင်းအားဖြင့်

ဒီပုဆိုးလေးကိုပဲ မြတ်မြတ် နိုးနိုးပုံစံလေး ပေါက်နေပါလား။

ဒါဆို၊

သည်အစ်ကိုကြီးသည် နိုင်ငံခြားသားပုံစံ အတိအကျဝင်နေသော ဗမာ လူမျိုး စစ်စစ်တစ်ဦးသာလျှင် ဖြစ်နေပြီမှန်း ကိုးဆယ့်ကိုး ဒသမ ကိုးကိုးကိုး ရာနိုင်နှုန်း သိသာ သေချာနေပါလေပြီ။

ဒါဖြင့် သူ သည် ဘာလဲ။

ဘယ်လို လူစားလဲ။

သူသည် စောစောက လူဆိုးများနှင့် တစ်ရောင်ထဲ၊ တစ်သံထဲလား။

ပြုံးပြုံးလေးနှင့် ရက်စက်တတ်သော လူစားမျိုးလား။

သူ အိပ်ပျော်သွားသည့်အခါတွင်သော်လည်းကောင်း၊ သူ၏ အလစ် အငိုက် တစ်ခုခု ပေါ်ပေါက်လာသည့် အခါတွင်သော်လည်းကောင်း သူမ ဤနေရာမှ အမြန်ဆုံး ထွက်ပြေးရပါလိမ့်မည်။

ခုထက်ထိတော့ သည်ဒုက္ခကြီး ဘယ်တော့မှ ပြီးလေမည် မသိ။

သည်လို တစ်ဆက်တည်း အနားမပေးစတမ်းဖြစ်နေသော အကျပ် အတည်းမျိုးတွေကို သူမလေး မခံစားနိုင်ရှာတော့ပါ။

စိတ်၏ ခံစားရမှုများက ရုပ်ခန္ဓာဆီသို့ ရွေ့လျားကူးပြောင်း လာပါချေပြီ။

အထူးသဖြင့် ငယ်ငယ်တုန်းက အခံရှိခဲ့သော အစာအိမ်အချဉ်ပေါက် လာမှု ဒုက္ခက တဖြည်းဖြည်း နိုးထလာရှာပါပေါ့။

♛ ♛ ♛

စိန်စာပေ

## "ဂယ်တင်ရှင်ကြီး"

သူမ ဗိုက်ထဲမှာ တဖြည်းဖြည်းနှင့် မခံ မရပ်နိုင်အောင် နာလာသည်။

ရေသောက်ခြင်း၊ အဟာရ ဖြည့်ခြင်း ကိစ္စတို့ကို ဆောင်ရွက်ရမည့်အစား အချိန်နာရီပေါင်းများစွာ တစ်ပြေးထဲပင် ပြေးနေရသော ဘဝသို့ရောက်နေရသည် မဟုတ်ပါလား။

တစ်ချိန်တည်းမှာပင် စိတ်သောကရောက်ရမှု၊ စိတ်ပူပင်ရမှု၊ စိုးရိမ်ကြောင့်ကြရမှု၊ ထိတ်လန့်ကြောက်ရွံ့ရမှု အစရှိသော စိတ်ဒုက္ခများစွာတို့က အလွန်နုနယ် ငယ်ရွယ်လှသေးသော ကလေးမလေးတစ်ဦး၏ ရုပ်ခန္ဓာကိုထောင်းထောင်းခြေ မွှန်မွှန်ကြေ နေစေခဲ့ပြီ ဖြစ်လေသည်။

လက်နှစ်ဖက်ကို ဗိုက်လေးမှာထားလျက် ဘီရိုကြီးထဲမှ ခွေခေါက်ပြီး ကျလာရှာသည်။

မျက်နှာလေးက မဲ့ရွဲ့နေရုံမျှမက ချွေးသီးချွေးပေါက်များက ဖီးကင်းများပမာ တလိမ့်လိမ့်ကျလာရှာ၏။

ကြမ်းခင်းကော်ဇောပေါ်သို့ တဖြည်းဖြည်းချင်း လိမ့်ကျလာသော သူမ၊

မျက်လုံးလေးများ တစ်ချက်ဖွင့် အကြည့် ·······

သူ့ကို သူမ မြင်လိုက်ရ သလိုလို ပါလား။

ပုခိုးလေးနှင့် လှနေသော သူပါ။

မျက်လုံး အမြင်တွေက ပိုးတိုးဝါးတား။

စိန်စာပေ

ခပ်လှမ်းလှမ်း မှ အပြေးလာနေသလိုလိုပါလား။

သူမ သိသလိုလို ရှိသည်က သူသည် သူမကို ဖြည်းဆေး ငြင်သာစွာ ပွေ့ပိုက် ကောက်ယူသွားခြင်းတည်း။

သူမ သူ့ ရင်ခွင်ကြီးထဲမှာ ကလေးလေးတစ်ယောက်လို ပါသွားသည်။

မှုန်းရွှေစင်ခမျာ လုံခြုံ နွေးထွေးမှုများ ရရှိလိုက်သလိုပါ ခံစားလိုက်ရသည်။ ဝမ်းဗိုက်ထဲမှ ဝေဒနာများ အတော်ကြီးပင် သက်သာ သွားသလိုလို ရှိနေပါလား။

သူမ အာရုံလေးများ တဖြည်းဖြည်း လွင့်ပျံ့ လာသလိုလို ရှိသည်။

တကယ်လား၊ တကယ် မဟုတ်လား ဝေခွဲ မရသော အတွေ့အထိလေး များကိုပါ သာယာညှင်းပြောင်း မွတ်သိပ်စွာ ခံစားနေရသလိုလို ရှိနေသည်။

သူမအတွက် အလွန် စိမ်းသော ခံစားမှုများပါ။

သူမ မိန်းမော လွင့်မျောနေစဉ်မှာပင် သူမကို အလွန် ညင်သာလှသော ထိတွေ့ ကိုင်တွယ်မှုလေးများနှင့် အလွန် နူးညံ့လှသည့် ကျော်အခင်း အိအိကြီး ပေါ်သို့ ရောက်ရှိစေလိုက်သည်။

သူမ ကုန်းရုန်း ထနိုင်စွမ်းပင် လုံးဝ မရှိတော့ပါလား။

သူမ အတင်း သတိထားပြီး ကြည့်လိုက်တော့ မျက်နှာ တည့်တည့် ပေါ်မှာ ငြိမ်းထားသောမီးဆလိုက်ကြီးများကို တွေ့လိုက်ရသည် ဟုထင်မှတ် လိုက်မိ၏။

ထင်ယောင်ထင်မှားလေလား၊ တကယ်လေလား ဖဝေဖဝါ။

ဘယ်ဘက်ဘေး အပေါ်ခပ်စောင်းစောင်းတွင် ပိုက်တွဲလောင်း နှင့် ပလတ်စတစ်ပုလင်း တစ်လုံးကိုပါ ခပ်ဝါးဝါးတွေ့လိုက်ရသည်ဟု မရေမရာ တွေး တွေး နေစဉ်မှာပင် သူမ၏ လက်မောင်းရင်းတွင် စစ်ခနဲ တစ်ချက်ဖြစ်သွား၏။

ဆေးထိုးအပ်။

မကြာမီမှာပင် သူမ သတိ မရတစ်ချက်၊ ရတစ်ချက်နှင့် ဝေဒနာများ တဖြည်းဖြည်း သက်သာလျော့ပါးသွားရင်း ချမ်းမြေ့ငြိမ်းချမ်းခြင်း ကမ္ဘာလောကကြီး တစ်ခုဆီသို့ ရောက်ရှိသွားလေသည်။

သူမ၏နောက်ဘက်သို့ ခွေးအ များပမာ သည်းကြီးမည်းကြီး လိုက်လံ နေကြသော လူဆိုးတစ်သိုက်လည်း မရှိတော့ပါပြီ။

ကြောက်လန့် ရင်ခုန်ရမှုများလည်း လွင့်ပြယ် ပျောက်ကွယ်သွားခဲ့ပါပြီ။

စိန်စာပေ

ကိုယ်စိတ်နှလုံးငြိမ်သက် ငြိမ်းအေး ချမ်းမြေ့ အေးမြစိတ်ချ သက်သာစွာဖြင့် အိပ်မက်စကြဝဠာကြီးထဲ ဂယ်လက်စီကြယ်စင်စုများကို စီးမျောရင်း နဂါးငွေ့တန်းများထဲမှာ ဝဲလည် လှည့်နေမိလေသည်။

ဘယ်လောက်ကြာသွားသည်မသိ၊

သူမ သတိရလာသည်။

ဘယ်ရောက် နေသလဲဟု ဆိုပြီး လူးလဲ ထရန်ပြင်လေသည်။

ဘယ်ဘက်လက်ဖျံ အထက်မှာ ဒရစ်ပ် ပိုက်တန်းလန်း ဖြစ်နေသည်။

ခွဲစိပ်ခန်းကြီးတစ်ခန်းထဲ ရောက်နေသလိုလိုပါလား။

"သတိရလာပြီလား၊ ကလေး"

အသံက ခေါင်းရင်းဘက်ဆီမှ ထွက်လာခြင်းဖြစ်သည်။

ဗမာစကားသံ။

ဟုတ်မှ ဟုတ်ပါလေစ။

အသံသာကြားလိုက်ရပြီး လူကို မမြင်ရသေး။

နည်းနည်းလေးမှ မဝဲသော ဗမာစကားသံ။

သေချာပါသည်။

ဗမာလူငယ်တစ်ဦး၏ အလွန်ကောင်းလှသော ဩဇာသံ။

♛ ♛ ♛

•

## "ငါးပိကြိုက်သူ ကိုလူချောကြီးရယ်"

ဒါ၊ ဒါ၊ ဒါ၊ ကြားဖူးသည့် အသံ။

သူ့အသံ။

တက်လေ့ကားထဲမှ ကိုလူချောကြီး၏ အသံရယ်ပေါ့။

သူမ ချာခနဲ လှည့်ကြည့်လိုက်တော့ ကန့်လန့်ကာ အဖြူလေးနှင့် ပိုင်းကာထားသော အကာလေးထဲမှ ဖြစ်နေ၏။

"ရှင်၊ ရှင်၊ ကျွန်မ၊ ကျွန်မ ဘယ်ကိုရောက်"

"သက်သာသလိုနေပါ ကလေးမ၊ မင်းအတွက် အင်မတန် လုံခြုံနွေးထွေးပြီး၊ အလွန် စိတ်ချလက်ချ သက်တောင့်သက်သာ နေလို့ရတဲ့နေရာလေးမှာ ရောက်နေတယ်လို့ ယုံကြည်လိုက်ပါ"

"ရှင်၊ ကျွန်၊ ကျွန်၊ ကျွန်မ နားမလည် ......."

အသံရှင်က အကာလေးထဲမှထွက်လာခြင်း မရှိသေးဘဲ ဆက်လက်၍ ပြောဆိုနေပြန်သည်။

"မင်းမှာ အန္တရာယ် မရှိတဲ့ အရပ်ဒေသ ပရဂုဏ်အဝန်း အပိုင်းကြီးထဲမှာ ရောက်ရှိနေပါတယ်လို့ ပြောတာကွဲ"

"ရှင်၊ ရှင်၊ ရှင်က ဗမာ စစ်စစ်မဟုတ်လားဟင်"

"ငါ အောက်ပြေအောက်ရွာ၊ ငါးလေ့ငါးမွှားငါးပိရည်များနဲ့ ကြီးပြင်းလာ

ခဲ့တာ၊ ပေါင်မုန့်ကိုလည်း မှိုင်ငါးပိကြော်နဲ့ တရှိုက် မက်မက် ညှပ်စား လာခဲ့တာ"

"ဒါ၊ ဒါ၊ ဒါဆိုရင် ဓာတ်လှေကားထဲမှာတုန်းက ဘာဖြစ်လို့ ဗမာပါ ဆိုပြီး မပြောခဲ့ရတာလဲ"

"အာ မင်းကွာ၊ ဒါ ငါ့သဘောပဲကွ၊ ငါကလိုက်ပြီး ကြေညာ နေရမှာလား။ မင်းကိုလည်း ငါက ရွှေမမလေး ပါဆိုပြီး ဘယ်ကနေ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ မင်းအင်္ဂလိပ် ကလည်း အပျံစားကိုးကွ"

"အဲဒါ ရှင် ညာတာ"

"ဘာကွ၊ မင်းက ဘာအကြောင်းကြောင့်များ ခုလို စွပ်စွဲ နိုင်ရတာလဲ"

"ရှင် ကျွန်မကို အကြာကြီး ကြည့်ကြည့်နေတယ်လေ"

"အာ၊ ဟာ၊ အဟုတ်ဟုတ်၊ အကြာကြီးကြည့်တိုင်း သိရမလားကွ၊ ငါကြည့်နေတာက ငါက မင်းကို ဟဝ့ာဖြစ်လို့ ......."

"ဘာ၊ အဝ့ာလဲ"

"ဘာမှ မဟုတ်ပါဘူးကွာ"

"ရှင် မှန်မှန်ပြောပါ"

"ငါ တစ်ခု သတိထားမိတာလေးတစ်ခုတော့ ရှိသကွဲ၊ ဓာတ်လှေကား ထဲမှာတုန်းက ဥစ္စာစောင့်လိုလို၊ သိုက်နန်းရှင်လိုလို အသံမျိုး ငါကြားလိုက်သလိုလို ဘာသလိုလိုတော့ ရှိသလားလို့"

"ဟင်း၊ ရှင့်ကို နိုင်ငံခြားသားအောက်မေ့လို့ ဒီက လွတ်လွတ် လပ်လပ် ကိုယ့်ဘာသာကိုယ် စကားပြောမိတာရှင့်၊ ရှင် နားလည်ရဲ့သားနဲ့ ရှင်လူလည် ကျလိုက်တာ မဟုတ်လားရှင့်"

"ဘယ်လိုလူကြီးမှန်းလည်း မသိပါဘူး၊ ဟိုဝင်ပါ ဒီဝင်ပါ နဲ့ တစ်ချိန်လုံး လည်း လူကိုပဲ ငမ်းကြောထနေတာပဲ၊ ပိုဆိုးတာက ဒီလူကြီး ဒီတစ်ညလုံး ဒီဓာတ်လှေကားတွေကို တက်လိုက် ဆင်းလိုက်နဲ့ အပျော်လိုက်စီးရင်း ဒွေနေလင်း ကစားကွင်းကိုများ ရောက်နေတယ် လို့များ မှတ်နေသလားမသိဘူး၊ ဘာဘူး ညာဘူးနဲ့ ပြောနေသလား လို့ ငါများအမှုမဲ့အမှတ်မဲ့ ကြားချင်ရာ ကြားလိုက်သလား စိတ်ထဲကပဲလား ....... ထင်တာ"

"သူ့ကိုယ်သူများ ကိုရီးယားမင်းသားလိုလို၊ ယိုးဒယား ဇာတ်လိုက်လိုလို လုပ်နေပြီးတော့များ၊ တကယ်တော့ .......ဟင်း"

"တကယ်တော့ ဗမာ ဖြတ်လျှောက်လို့ မင်းပြောချင်တာ မဟုတ်လား"

*ရယ်မောနေလိုက်တာများ ချစ်စရာကောင်းလှပါဘိ။*

သို့သော် တစ်ခဏအတွင်း သူမလေးဘာကို သတိရသွားသည် မသိ၊

"ကျွန် ကျွန် ကျွန်မ ပြန်ချင်တယ်"

တီရှပ်အဖြူရောင်ဆွတ်ဆွတ်၊ ဦးဂျမ်းပုဆိုးကို ကျကျနန ဝတ်ဆင်ထားသည့် ရင်အုပ်ကျယ်ကျယ် ကိုလူချောကြီးက ခုမှ သူမခုတင်ဘေးသို့ ရောက်လာ၏။ တည်တည်လေးပြုံးနေသော မျက်နှာကို ဆောင်ကျဉ်းထားသလို လက်ထဲတွင်လည်း မိုးပေါ်သို့ ချိန်ထားသည့် ဆေးထိုးအပ်တစ်ချောင်းကိုပါ ဆောင်ကျဉ်းလာ၏။

"ဘယ်ကိုပြန်ချင်တာလဲကွဲ"

"ကျွန်မ အလုပ်ထဲကို"

"မရဘူး၊ လောလောဆယ် ဆေးထိုးရမယ်"

"ဘာရှင့်"

"မင်း လောလောဆယ်၊ အင်မတန်အားနည်းနေတယ်၊ ဒီအားဆေးလေး တစ်လုံး ထပ်ထိုးလိုက်မှ စိတ်ချရမယ်"

"ရှင်က ဆရာဝန်မို့လို့လား"

"အမေးအမြန်းသိပ်မထူနဲ့ကွာ၊ မင်းအခု ဗိုက်အောင့်တဲ့ ဝေဒနာကြီး ပျောက်သွားပြီ မဟုတ်လား၊ အားအင်တွေလည်း တော်တော်လေး ပြည့်ဖြိုးလာပြီ မဟုတ်လား၊ အဲဒါ အဖြေပေါ့"

"ဒီမှန်ခန်းကြီးက ဆေးရုံခွဲစိပ်ခန်းကြီး အတိုင်းပဲနော်၊ ဒါဖြင့် ရှင်က ဒီက တာဝန်ခံဆရာဝန်လား"

"ကဲပါ၊ ဆေးထိုးဖို့ ဒီမှာ နေရာရှာနေတယ်"

"......."

"အား ကျွတ်ကျွတ်၊ အပ်တုံးကြီးလား၊ မသိဘူး"

ညှော်ခံကျွေးမွေးရေး ဝတ်စုံ စကတ်လေးကို သေသေ သပ်သပ်လေး ဆွဲဆက်ဖုံးဖိ ပြန်လည်နေရာချထားပြီး နောက်ဝယ် .......။

"ရှင်ကရော၊ ကျွန်မကို ဖမ်းဦးမှာလား"

"ငါက မင်းကိုဖမ်းရအောင် မင်းက လူဆိုးမလေး မို့လို့လား"

"ရှင်က ကုတ်အင်္ကျီအနက်ဝတ် ဂိုဏ်းသားတွေထဲက တစ်ယောက် မို့လို့လေ"

"အဟားဟားဟား၊ ခက်ပါလား၊ ဒီကလေးရယ်၊ ကျုပ်က သူတို့ထက်

ရာထူးပိုမြင့်တယ်ဗျ။ ကုတ်အင်္ကျီ အနက် မဝတ်ဘူး''

''ဒါဖြင့် ဘာဝတ်တာလဲ''

''ကုတ်အင်္ကျီအဖြူမှ ဝတ်တာ၊ လိုက်ဖမ်းတဲ့ အဆင့် မဟုတ်ဘူး''

''အဟင်းဟင်း၊ ဘာကုတ်အင်္ကျီအဖြူရမှာလဲရှင့်၊ ရှင့်ကုတ်အင်္ကျီအနက်ကြီးနဲ့ ဘောင်းဘီ အနက်ကြီးတွေကို ဒီက မမြင်လိုက်ဖူး ထင်လို့လား''

''အယ်၊ ဟုတ်ပါရဲ့၊ အဝတ်တွေကို မြင်ကုန်တာ အကြောင်း မဟုတ်ပါဘူး။ မင်းတိတ်တိတ်လေး ချောင်းနေတာကို ငါမသိလိုက်တော့ ရှိသမျှ အကုန်ချွတ်ချပြီး နေတုန်းမှာ မြင်များကုန် .......''

''ရှင်နော်၊ ရှင့်ဝတ်စုံပြောင်းဝတ်တာက လွဲလို့ ကျွန်မ ဘာမှ မြင်ရသေးတာ မဟုတ်ဘူး၊ ဟင်း တကတည်း''

''ဩဩ၊ တော်ပါသေးရဲ့ ကလေးမရယ်၊ မင်း အော့အန်ပြီး ဘီရိုထဲကနေ ဖောက်ထိုးကျလာတုန်းက အဲဒီဝေဒနာ ဖြစ်ပေါ်ရခြင်း အကြောင်းရင်းထဲမှာ ငါ့ရဲ့ အဲဒီအချက်တွေကြောင့်များလား ဆိုပြီး စိုးရိမ်တကြီး ထည့်သွင်း စဉ်းစားနေမိ .....''

''သွားပါ၊ ဟင်း၊ ဒါနဲ့ ရှင် ကျွန်မကို လွှတ်တော့လေ''

''လွှတ်လို့ မဖြစ်ဘူး၊ ကလေးရဲ့၊ မင်းအတွက် အပြင်မှာ အန္တရာယ်ရှိနေတယ်၊ ဒီအခန်းထဲမှာပဲ လုံလုံခြုံခြုံ နေပါဦး''

''ဘာအန္တရာယ်တွေလဲဟင်၊ ရှင်သိရင် ကျွန်မကို ပြောပြ ပါလား''

''မင်းအသိဆုံးဖြစ်မှာပဲပေါ့ကွ၊ ဒါကိုပဲ ငါက ငါ့အခန်းထဲကို လိုက်ခဲ့ပါလို့ စေတနာအပြည့်နဲ့ ရိုးသားစွာ ဖိတ်မန္တကပြုတဲ့ဥစ္စာ မင်းကပဲ ငါ့ကို ပါးရှစ်စိတ်ကျိုးသွားမယ်ဆိုပြီး ကောင်းကောင်းကြီး ရန်တွေ့ခဲ့တုန်းက ရန်တွေ့ခဲ့ပြီးတော့ကွာ''

''အဲဒါ ရုတ်တရက်မို့ ....... ဟို ဟိုဒင်း''

''ခုတော့လည်း မလိုက်ချင်ပါဘူးဆိုပြီးသာ နေခဲ့တယ်၊ နောက်တော့လည်း အဲဒီဖိတ်ခေါ်ခဲ့တဲ့ လူရဲ့ အခန်းကိုပဲ အခွင့်မရှိ ခိုးဝင်လို ခိုးဝင်၊ အဝတ်လဲခန်းထဲအထိ လိုက်ပြီးတော့တောင် ချောင်းမြောင်းလို ချောင်း မြောင်း ......''

''ဟဲ့တော့၊ ရှင်နော်''

♛ ♛ ♛

## "ပြေးချင်ပါသည့် ကမ်းခြေဆီ"

"ဘာလဲ ဝပြီလားကွ၊ များများ တုတ်စမ်းပါကွ"

"တော်ပြီ၊ ဝပြီ၊ ဗိုက် မဆန့်တော့ဘူးရှင့်"

သဘော်ကြီး၏ ဟိုတယ် စားသောက်ခန်းမကြီးဆီမှ မှာ ကြားထားသော အဟာရ ဖွယ်ဖွယ် ဟင်းလျာမျိုးစုံ အဖုံဖုံတို့မှာ သူမလို သာမာန် အလုပ်သမလေး တစ်ဦး အဖို့တော့ နတ်ပြည် နတ်နန်းသို့ ရောက်နေဘိသည့် အလား။

"မကြာခင် အစားအသောက်တွေကို ပြန်သိမ်းမယ့် သဘော်ဝန်ထမ်း တစ်ယောက် လာလိမ့်မယ်၊ မင်းကို ဒီအခန်းထဲမှာ ရှိနေပါကြောင်း သိမသွား စေချင်ဘူး၊ အဲသလို သိသွားပြီး သတင်းပြန့်နှံ့ သွားလို့ မဖြစ်ဘူး"

"ဒါဖြင့် စောစောကလိုပဲ ရှင့်ရဲ့ ဟိုတက်က ခေးခန်းကြီးထဲက ခုတင်ကြီး ပေါ်မှာပဲ သွားအိပ်နေရမှာလား၊ ဟင့်အင်း၊ တော်ပြီ ကျွန်မ ဆက်ပြီး မနေချင် တော့ဘူး၊ ကျွန်မ အပြင်ထွက်ချင်ပြီ"

"မင်းအတွက် လုံခြုံမှု မရှိဘူးကွ၊ မသွားပါနဲ့"

"ကျွန်မက ဘာ မကောင်းမှုတွေကိုများ ကျူးလွန်နေလို့ ဘာအတွက်များ လုံခြုံရေး မဲ့နေရတာလဲရှင့်၊ သွားမယ်"

"ကဲ၊ ဒါဖြင့်လည်း သွားဗျာ၊ သွားဗျာ"

"ကျွန်မကို ခုလို စေတနာ အပြည့်နဲ့ ကယ်တင်၊ ပြုစု၊ ကုသ၊ ကျွေးမွေး

စောင့်ရှောက်တဲ့ ဆရာ့ရဲ့ ကျေးဇူးကို အထူးပဲ အလေးအနက် တန်ဖိုးထား ပါတယ်ရှင့်၊ ဆီးယူအဂဲင်း၊ ဘိုင့်ဘိုင်''

စကြ ဟိုဘက်သည်ဘက် အန္တရာယ် အရိပ်အငွေ့ တစ်စေ့မှ မတွေ့။

မွန်းရွှေစင်တစ်ယောက် သူ့အခန်းကြီးထဲမှ ထွက်လာသည်။

ချက်ခြင်းပင် လုံခြုံမှုများ မဲ့သွားသလို အလိုလို ခံစားရလေသည်။

သူ့ အခန်းတံခါးကို လည်ပြန် လှည့်ကြည့်လိုက်တော့ လုံးလုံး လျားလျား ကြီး ပိတ်သွားလေပြီ။

ရင်ထဲမှာ ဖော်ပြမတတ်သော ဝမ်းနည်းမှုလေးများ ဝင်လာသလို၊ မမြင်ရသော ဆုံးရှုံးမှု တစ်ခုခုရလာသလိုလို တနုံ့နုံ့ဖြစ်လာ၏။

ပြီးတော့ သူနှင့်လည်း အဝေးကြီးတစ်နေရာသို့ ခွဲခွာ ထွက်လာရသလို ခံစားနေရသည်။

အချိန်တိုပိုင်းလေးမှာတွေ့ခဲ့ကြရရုံလေးနှင့် သူမကို အဖြစ် သည်းလွန်း သည်ဟု မထင်ကြပါနှင့်။ သည်အစ်ကိုကြီးနှင့် သည်မျှလောက်လေး နေထိုင် ပြောဆို ဆက်ဆံ ထိတွေ့ မိရုံလေးနှင့် အရိုင်း စံပယ် ဆယ်ကျော်သက်မလေး မွန်းရွှေစင်တစ်ယောက် နှလုံးသား ညှို့ချက်များ ငြိသွားခဲ့ရပါပြီထင့်။

သည်အတိုင်းဆို သူမ၏ လုပ်ငန်းခွင်ထဲသို့ ပြန်ဝင်ဖို့ မစဉ်းစားချင် တော့။ အန္တရာယ်များကို မြင်ယောင်နေပြီမဟုတ်လား။

သူမ၏ သက်ဆိုင်ရာ နိုင်ငံကူးလက်မှတ်၊ ဝန်ထမ်းသက်သေခံ မှတ်ပုံတင်များ၊ အလုပ်အကိုင် အထောက်အကူပြု အောင်လက်မှတ် ဆာတီဖိကိတ်များ၊ တတ်မြောက် အောင်မြင်ထားသော ပညာ အရည်အချင်း အောင်လက်မှတ်များကို အဆုံးရှုံး မခံနိုင်ပါ။

ကမ်းခြေလုံခြုံရေးတပ်ဖွဲ့ဆီသို့ အရောက်သွားကာ သူမ ဖြစ်ပျက် ကြုံတွေ့ခဲ့ရသမျှ အဖြစ်အပျက် အားလုံးတို့ကို အစ အဆုံး ဖွင့်ချမည်။

သက်သေ သက္ကာရအနေနှင့် သူမ၏ဌာနအကြီးအကဲမကြီး ဆားဗီးယား အမျိုးသမီးကြီးကို တင်ပြရမည် ဖြစ်သည်။

အကြောင်းစုံရှင်းလို့ ပြန်ပို့လျှင်လည်း အဖေရှိရာ ပြည်မကြီးပိုင် သူမ၏ မွေးရပ်ဌာနေ ကျွန်းကြီးဆီသို့သာ ပြန်တော့မည်။

ထိုကျွန်းနိုင်ငံကြီးမှာလည်း ဟိုတယ်များက မှိုလိုပေါက်ရာ နေရာ၊ စီးပွားရေး အချက်အချာနေရာဒေသကြီးပါ။ သူမအတွက် အလုပ် မရှားပါ။

သည်နေရာတွင် တစ်ခုထူးခြားမှုရှိနေသည်က လုပ်ငန်းခွင်ထဲမှနေ၍ မှုန်းရွှေစင် တစ်ယောက် စုံးစုံးမြုပ် ပျောက်ကွယ်နေခဲ့သည့်မှာအချိန်တွေ အများကြီး ကုန်နေခဲ့ပါပြီ။

ထိုကဲ့သို့ ဝန်ထမ်းပျောက်ဆုံးမှု လူပျောက်ဆုံးမှုတို့အတွက် သက်ဆိုင်ရာ သင်္ဘောကြီးမှ တာဝန်ခံ တာဝန်ရှိသူများ၏ ထိထိ ရောက်ရောက် အရေးတယူ ဆောင်ရွက်ချက် ဟူ၍ တစ်စုံတစ်ရာမျှပင် မတွေ့ကြုံ မကြား မသိရ သေးပါ။

တော်တော် ထူးဆန်းနေပါလား။

သူမ ဟိုးအောက်ဘက် ငါးထပ်ဆီသို့ဆင်းရန် ရိုးရိုး လှေကားထိပ်သို့ ရောက်လာ၏။ ထောင့်ကွေ့ ဆီမှနေ၍ အသာလေး ချောင်းကြည့်လိုက်၏။

ဘုရား၊ ဘုရား။

အောက်ထပ်လှေကားရင်းမှာ ဝတ်စုံဝတ်လူတစ်ယောက် သူမ၏ ဦးခေါင်း အစွန်းလေးထွက်နေရာ နေရာသို့ စူးစူးစိုက်စိုက် ကြည့်နေ၏။

သူမ၏ခေါင်းလေးကို ဆတ်ခနဲ ပြန် ရုတ်လိုက်သည်။

သည်အတိုင်းဆိုလျှင် ဓာတ်လှေကားနှင့် ပြေးလမ်း ပြန် ရှာကြည့်ရန် ကော်ရစ်ဒါစင်္ကြံဟိုမှာဘက်ဆီသို့ အမြန်ပြေးပါမှ ဖြစ်တော့မည်။

စင်္ကြံထောင့်သို့ ရောက်လာသောအခါ စောစောကလို ဦးခေါင်းအစွန်း လေး ထွက်ကာ ချောင်းပြီး ကြည့်လိုက်ရပြန်သည်။

အင်း၊ သူမ ထင်သည့် အတိုင်းပင် ဝတ်စုံအနက်ဝတ် ပုဂ္ဂိုလ်တစ်ဦးက ဓာတ်လှေကား၏ ရှေ့ ပတ်ဝန်းကျင်တစ်ခွင်တွင် လမ်းသလား နေ၏။

ထိုစဉ်မှာပင် ထိုသူက သူမ ရှိရာဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက် သည်။ ပြေးလာတော့မည့်သဏ္ဍာန်ပေါက်နေ၏။

ချောင်းကြည့်နေသော သူမ၏မျက်လုံးလေးများကို အမြန်ဆုံးပြန်ရုတ် လိုက်သည်။ မှုန်းတစ်ယောက် အလွန်တုန်လှုပ် ချောက်ချား လာ၏။

သူမအဖို့ ဤသင်္ဘောကြီးပေါ်မှာ မရအရ ပိတ်မိနေစေရန် ရည်ရွယ်ချက် ရှိရှိ အစီအစဉ်ဖြင့် တမင်သက်သက် လုပ်ဆောင်ခြင်း ခံနေရကြောင်း သူမသိလာ၏။

အားငယ်စိတ်များ အကြီးအကျယ်ဝင်လာသည်။

ဟိုအစ်ကိုကြီး၏အခန်းထဲမှာ လုံလုံခြုံခြုံနေရင်း အခွင့်သာမည့် အချိန် တစ်ချိန်ကို စောင့်နေခဲ့ပါလျှင် ကောင်းသား။

ခုမှတော့ သူ၏အခန်းသို့ ပြန်သွား၍လည်း ဖြစ်နိုင်ပါဦးမလား။

အင်မတန် စိတ်ရင်းစိတ်ထားကောင်းလှသော ကြေးရေတတ်ကိုယ့်သွေးသား ဗမာလူမျိုး အားကိုးအားထားပြုစရာကြီးကိုမှ အား မကိုးလျှင် ဘယ်သူကိုများ အားကိုးရပါမည်နည်း။

သူမ ဘာအကြောင်းကြောင့်များ ဖွတ်အတင်း ငြင်းဆန် ရက်ခဲ့ပါလိမ့်။

သူ့ကိုလည်း ယုံကြည်မှုထားမရလို့ပဲဖြစ်ပါလိမ့်မည်။

ဩော်၊ ခုလောက်ဆို သည်လူကြီးလည်း စိတ်တွေတိုပြီး အိပ်ပျော်နေရော့ပေါ့။ သူမကို မေ့တောင် မေ့နေလောက်ပါပြီလေ။

"အမေ့"

သူမကို မိသွားပါပြီ။

သွားပြီ။

နောက်ကျောဘက်ဆီမှ ခြေသံ မကြားအောင် ချဉ်းကပ်လာသော လက်မောင်းကြီးတစ်ဖက်က သူမ၏ ပခုန်းနှစ်ဖက်စလုံးကို နောက်ကျောပြင်နှင့် ပြားကပ်နေအောင် သိမ်းကျုံး ဖမ်းချုပ်လိုက်၏။

ကျန်လက်တစ်ဖက်က သူမလေး၏ ပါးစပ်ကို မအော်နိုင်အောင် ညှစ်ပြီး ဖိကပ်ထား၏။

အသက်ရှုပင် ကျပ်သိပ်တက်လာသည်။

ဘယ်လောက်ပဲ ပြေးခဲ့ ပုန်းခဲ့ မောခဲ့ရပါစေဦး ခုတော့ သူမ ဘယ်လိုမှ မတတ်နိုင်တော့ပါပြီ။

သူမထံမှ သူတို့ဘာကိုများ သည်းကြီး မည်းကြီး လိုချင်နေကြပါသနည်း။

မရုန်းမကန် မတုန်မလှုပ် အရုပ်လေး တစ်ရုပ်ပမာ။

သူမကို လုပ်ချင်သလိုသာ လုပ်ကြပါတော့။

ပြုချင်သလိုသာ ပြုကြပါတော့။

"အခန်းထဲမှာ နေပါလို့ ပြောထားပါလျက်နဲ့၊ နားမထောင်ချင်ဘဲ လျှောက်သွားချင်နေဦး၊ ကဲလာ၊ ပြန်လိုက်ခဲ့"

မှုန်း တအားကြီးအံ့ဩသွားသလို အလွန်အမင်းကြီးလည်း ဝမ်းသာ ပျော်ရွှင်သွားလေသည်။ ရင်ထဲမှာလည်း တဒိုင်းဒိုင်း။

သူ၏ နားဝင်ချိုလှသည့် အလွန်လှပသော ဩဇာသံ။

♛ ♛ ♛

## "အလုပ်အသစ်နှင့် ဘဝသစ်"

"ကျွန်မ ရှင့်ကို ကျေးဇူးတွေ တင်ပါတယ်ရှင်"

"တင်စရာ မလိုသေးပါဘူး"

"လိုတာပေါ့ရှင်၊ ဒါနဲ့ တင်လက်စနဲ့ ကျွန်မကို အကူအညီ နည်းနည်းလောက် ထပ်ပေးပါဦးရှင့်"

"ပြော"

"ကျွန်မ သက်ဆိုင်ရာလုံခြုံရေးဌာနသို့ ဖုန်းဆက် တိုင်ကြားချင်လို့ပါ၊ ဒါ့ကြောင့် ကျွန်မကို ဖုန်းဆက်ခွင့်လေး ပေးဖို့ ကူညီပါရှင့်"

"မင်းနောက်ကို တောက်လျှောက်ကြီး လိုက်ဖမ်းနေတဲ့ လူတွေကြောင့်လား၊ သူတို့ကို တိုင်ချင်တာလား"

"ဟုတ်ကဲ့၊ ဒါတင်မက ကျွန်မရဲ့ဌာနအကြီးအကဲ ကိုယ်တိုင် ကပါ အဲဒီလူတွေနဲ့ တစ်ဖွဲ့တည်းသားတွေဖြစ် . . . . . . "

"ဩော်၊ ဒါလား။ ဒါတွေ အတွက်တော့ ပုလိပ်တိုင်ဖို့အထိ မလိုပါဘူးကွဲ၊ ငါ့တာဝန် ထားလိုက်ပါ၊ မင်းစိတ်မပူပါနဲ့၊ အင်း၊ ဒါနဲ့ ငါ့မှာ အချိန်သိပ်မရှိတော့လို့ လာလာချင်း ဆောက်နဲ့ထွင်း၊ ဖြုန်းစားကြီးပဲပြောလိုက်ပါရစေတော့၊ မင်းနဲ့ ငါနဲ့ အလုပ်ကိစ္စတစ်ခု အတွက် ဆွေးနွေးစရာလေးရှိတယ်"

"ဘာ၊ ရှင်၊ ဘယ် ဘယ်လို"

"အလုပ်ကိစ္စတစ်ခု အတွက် ဆွေးနွေးစရာလေးရှိတယ်လို့ ပြောတာ"

"ရှင်နဲ့ ကျွန်မနဲ့၊ ဘယ်၊ ဘယ်လို ကျွန်မ၊ ကျွန်မ ဘာမှ နားမလည်၊ ဘာအလုပ်ကိစ္စ"

"မင်း ငါ့ကို အလကားမတ်တင်း အလုပ်လုပ်ပေးရမှာ မဟုတ်ဘူး၊ မင်းအတွက် အလုပ် ကန်ထရိုက်စာချုပ်တစ်ခု ချုပ်ဆို ပေးမယ်၊ မင်း ခုရနေတဲ့ လစာရဲ့ အဆ ငါးဆယ် သာမယ်"

"ရှင်၊ ဒါပေမယ့်၊ ကျွန်မဟာ ဒီသင်္ဘောကြီးပေါ်က စားသောက် တည်ခင်းရေးရာဌာန ဝန်ထမ်း ....."

"မင်း မူလအလုပ်က နုတ်ထွက်ပြီး ငါခိုင်းတဲ့ အလုပ်ကို လက်ခံမယ် မဟုတ်လား"

"ရှင် ကျွန်မကို ကလိန် ကလယ်တွေ ကျမလို့ လား ....."

"တော်စမ်းပါကွယ်၊ ကဲ၊ မင်းဘာမှ ငြင်းဆန် မနေနဲ့၊ မင်းရဲ့မူလ အလုပ်က သက်ဆိုင်သူတွေနဲ့ အဆင်ပြေအောင် အားလုံး ညှိနှိုင်း စီစဉ်ပြီး ထားပြီပြီ သက်ဆိုင်ရာဌာန အချင်းချင်းလည်း သဘောတူညီချက်တွေ တရားဝင် နိုင်နိုင်မာမာ ဖြစ်အောင် ကြံဖန်ပြီးသွားပြီ"

"ရှင် ကျွန်မကို ဖွတ် မဖြီးပါနဲ့"

"ကဲ၊ ရှင်းပြလို့ကို မဆုံးနိုင်ဘူး၊ အချိန်တွေ ကုန်ပါတယ်ကွယ်၊ ဒါဖြင့် လည်း မင်းကို သက်သေလေးတစ်ခုတော့ ပြရဦးမှနဲ့ တူတယ်၊ ခုဆိုရင် မင်းရဲ့အလုပ်ခွင်ထဲကနေ မင်းပျောက်နေတာ ဘယ်လောက်တောင်ကြာနေပြီလဲ၊ သက်ဆိုင်ရာ ဌာနတာဝန်ရှိ သင်္ဘောဝန်ထမ်းတွေက ဘာဖြစ်လို့များ မင်းကို မရှာကြသလဲ"

"ရှင်၊ ကျွန်မ အလုပ်၊ ကျွန်မ အလုပ် ဘယ်လိုဖြစ် ....."

"မင်း ငါ့ကို အပြည့်အဝ ယုံကြည်စေချင်တယ်၊ လောလောဆယ် ငါ့မှာ အချိန်မရှိဘူး၊ မင်းကို တိုတိုပဲ ရှင်းပြနိုင်လိမ့်မယ်"

"ရော့၊ မင်းရဲ့ စာရွက်စာတမ်းတွေနဲ့ ခရီးဆောင်အိတ်"

"ဟယ်၊ ဒါတွေ၊ ကျွန်မရဲ့ဟာတွေ၊ ဘယ်ကနေ ဘယ်လိုရလာ ...."

"မင်းကို ခုနကပဲ ပြောပြီးပါပကော၊ ကိုယ့်ရဲ့ စာရွက်စာတမ်းတွေကို မှန် မမှန်၊ စစ် မစစ်သာ သေသေချာချာကြည့်"

"ဒါဆို ကျွန်မ မူလအလုပ်က ကျွန်မရဲ့ သဘောမပါဘဲ ပြုတ်သွားပြီပေါ့"

"အလုပ် ကန့်ထရိုက် အသစ်ရသွားလို့ မူလအလုပ်ကို စွန့်လွှတ်လိုက်တဲ့ သဘောပါ။ ကဲ ရော့ ဒါ မင်းအတွက် လစာ ကြိုတင်ငွေ ကက်ရှ် အက်ဒ်ဗန့်စ်"

"ရှင်၊ ဘာတွေလဲရှင်၊ ပိုက်ဆံတွေ အများကြီးပါလား၊ ဘယ်လိုတွေ များဖြစ်ကုန်ရတာလဲရှင့်၊ ဒါဆို ရှင်ကရော အဲဒီဟာတွေနဲ့ တစ်ဖွဲ့သားထဲ မဟုတ်လား"

"ဒါတွေ အရေးမကြီးပါဘူးလေ၊ နောင်တော့ မင်းသိလာမှာပါ၊ မင်း ငါနဲ့ ပတ်သက်နေသရွေ့ ကာလပတ်လုံး ဘာအန္တရာယ်မှ မရှိဘူးဆိုတာ ယုံကြည်ထားစေချင်တယ်"

"ကျွန်မသဘောတူညီချက်မပါဘဲနဲ့ ကျွန်မကို ဘယ်လို အနေအထားနဲ့မှ တစ်ဖက်သတ် အနိုင်ကျင့်ယူလို့မရဘူး။ တရား ဥပဒေစိုးမိုးမှုကို လစ်လျူရှုထားလို့ ရမလားရှင့်၊ ကျွန်မ ဒါတွေကို လုံးဝလက်မခံနိုင်ဘူး"

"ကောင်းပြီလေ၊ မင်းပြောတာတွေ မမှားပါဘူး၊ ဒါပေမယ့် ခုပစ္စုပ္ပန် တည့်တည့်အခိုက်မှာ ဘယ်လိုအခြေအနေ ဘယ်လိုအနေအထားတွေ ဖြစ်နေရ၊ ကြုံနေရသလဲဆိုတာ မင်း အသိဆုံးပါနော်၊ ဟုတ်တယ် ဟုတ်"

"ဒါတွေ ရှင်လုပ်နေတာလား"

"ငါမလုပ်ဘူး"

"ရှင့်ကြည့်ရတာ ရိုးပုံရိုးလက်နဲ့ ဒုစရိုက်သမား ဖြစ်နေတာကိုး၊ ဖြစ်မှ ဖြစ်ရလေ၊ ကျွတ် ကျွတ် ကျွတ်"

"ငါ့မှာ အဲဒီစကားအတွက် ဖြေရှင်းဖို့ အချိန်မရှိဘူး။ ခုလည်း မင်းနဲ့ငါ အလုပ်တစ်ခု အတူတူလုပ်ဖို့ အရေးကြီးနေတယ်"

"ဒီက မလုပ်ရင်ရော"

"လစာငွေကို ကြည့်ပါ"

"မကြိုက်ရင်ရော"

"ကြိုက်ပါလိမ့်မယ်"

"မလုပ်ချင်ဘူး"

"ဒီမယ် အမိ၊ လောကမှာ သစ္စာ၊ မေတ္တာ၊ မုဒိတာ၊ ဥပက္ခာအစရှိတဲ့ မြဟ္မစိုရ်တရားများမှ တပါး ငွေဟာ ငါတို့ ဘဝတွေ အတွက် အင်မတန့် အင်မတန်ကို အရေးကြီး လှပါတယ် ကလေး"

"အယ်၊ အလဲ့၊ ဒါမျိုးလည်းပြောတတ်တယ်နော်၊ ဒါနဲ့ ခုလုပ်ရမယ့်

ဒီအလုပ်က ဥပဒေနဲ့ရော ကင်းရဲ့လား''

''ကြိုးတန်းပေါ်မှာ''

''အယ်၊ ဒါမျိုးတွေဆိုရင် ကျွန်မကြောက်တယ်၊ မလုပ်ချင်ဘူး၊ ကျွန်မ မလုပ်ပါရစေနဲ့''

''မနက်ဖြန် မနက်မှာ ဒီအခန်းထဲမှာ ငါ အလုပ်လုပ်စရာတွေရှိတယ်၊ မင်း ဆီက ငါ အကူအညီတွေ အထူး လိုအပ်နေတယ်''

''ရှင်''

''ဟုတ်တယ်၊ မင်းဆီက''

''ကျွန်မကမှ ကူညီနိုင်သတဲ့လား၊ ဘယ်ကနေ ဘယ်လို လုပ် ပြီး ကူညီ .......''

''မင်းရဲ့အလုပ်က ငါ့အလုပ်လုပ်နေစဉ် အချိန်အတွင်းမှာ ငြိမ် ငြိမ်လေး ထိုင်ကြည့်ပေးနေရုံလေးပဲ''

''ရှင်''

''ရှင်းပါတယ်နော်''

''အို၊ ကျွန်မရဲ့ ကိုယ်ပိုင် အခွင့်အရေးတွေကို ရှင်က လုပ် ချင်သလိုများ လုပ်နိုင်ခွင့် ရနေရအောင် ရှင်က ဘာမို့လို့လဲ၊ ဟင်း''

''လုပ်နိုင်လို့ လုပ်ရတာပေါ့ကွာ၊ မင်း မကျေနပ်လို့ တိုင်ချင် တောချင် သပဆိုလည်း သဘောပဲ''

''တိုင်မယ်၊ တိုင်မယ်''

''ဒါဖြင့်လည်း ကြွ''

သူမ တံခါးပေါက်မှ ခေါင်းပြူလိုက်သည်နှင့် ကော်ရစ်ဒါစင်္ကြံ ဘယ် ဘက် တွင်လည်းကောင်း၊ ညာဘက်တွင် လည်းကောင်း ထုံးစံအတိုင်း ဝတ်စုံနက်ဝတ် ပုဂ္ဂိုလ်များ မတ်တတ်၊ မတ်တတ် လုပ်နေကြ၏။

သူမ တံခါးကို ချက်ခြင်း ပြန်ပိတ်လိုက်ရသည်။

''အဟားဟားဟား၊ သွားလေ၊ သွားလိုက်လေ''

''အဲဒါ ရှင့် အကောင်တွေ မဟုတ်လား၊ ဟင်း''

''မှန်ရာကိုပြောချင်ပါတယ်၊ ငါ့အကောင်တွေတော့ မဟုတ်ဘူး၊ ဒါပေမယ့် ငါနဲ့လည်း မကင်းဘူး၊ တစ်ခုတော့ရှိတယ်၊ မင်းသာ ငါ့ရဲ့အရိပ်အောက်မှာ ရှိ မနေဘူးဆိုရင်တော့ ဟောဒီ ရောမ သင်္ဘောကြီးပေါ်က ဘယ်နေရာမှာပဲ ပုန်းနေ

ပုန်းနေ သူတို့ လက်ထဲကတော့ မင်း ဘယ်လိုမှ မလွတ်မြောက်နိုင်ပါဘူး''

''အံမာ၊ ရှင်ကဘာမို့လို့လဲ၊ သူတို့ကရော ဘာကောင် တွေလဲ''

''လူသားစစ်စစ် စက်ရုပ်မလေးတွေကို အထူးမှာကြားချက် အော်ဒါတွေအရ အကောင်းဆုံး ရှာဖွေပေးကြရတဲ့ ကျွမ်းကျင် ပုဂ္ဂိုလ်တွေပေါ့''

''ဟင်၊ ပြောင်ပြောင်ပြောစမ်းပါရှင့်၊ ဒါ လူ၊ လူကုန်ကူးတဲ့ အဖွဲ့တွေ မဟုတ်လား၊ ဒါဆို သက်ဆိုင်ရာကိုတိုင် ....... ''

''မင်းက ကလေးပဲ ရှိသေးတော့ ကလေးအတွေးပဲ တွေး ပေမပေါ့၊ ဒီသင်္ဘောကြီးပေါ်မှာ ရောက်ရှိ အနားယူ ပျော်ပွဲစား နေကြတဲ့ပုဂ္ဂိုလ်ကြီးတွေဟာ နတ်ပြည်စည်းစိမ်တွေ အထိခံစားနိုင်ကြတဲ့ ရောမပုဂ္ဂိုလ်ကြီးတွေပါ၊ ခုလည်း ဒီအတွက် ဒီကို တကူးတကန့် ရောက်လာ ....... ''

''သူတို့ဘာသာ ဘယ်လောက်ချမ်းသာပါစေ၊ ဥပဒေကိုတော့ မချိုးဖောက်ရဲ လောက်ပါဘူး ရှင့်''

''ပိုက်ဆံပြိုးပြိုးမြက်မြက်ကြီးသာ ရမယ်ဆိုရင် ကျွန်တော်ကျွန်မတို့သည် ဥပဒေကို ချိုးဖောက်မိပါတယ်လို့ ကြားထဲက ဝန်ခံချင်နေတတ်တဲ့ ငပေါ ကြောင်တွေလည်း ဒုနဲ့ဒေးပါပဲ''

မှုန်းတစ်ယောက် မျက်ရည်များ ကျလာသည်။

သူမ သည်သင်္ဘောကြီးပေါ်ရောက်လာတာ မှားပြီ။

''ဒီလို အပျော်စီးသင်္ဘောကုမ္ပဏီကြီးတွေအတွက် ဒီပုဂ္ဂိုလ်ကြီးတွေဟာ အင်မတန်အဖိုးထိုက်တန်လှတဲ့ ဖောက်သည်ကြီးတွေပေါ့ကွဲ့၊ ဒါကြောင့်လည်း ဥပဒေကို လက်တစ်လုံးခြားကျော် လွှားချင်တဲ့သူတွေကို အစ်ကိုတို့ကလည်း ဥပဒေကို အနည်းဆုံး လက်နှစ်လုံးလောက်တော့ခြားပြီး ကျော်လွှား .......
....... ဟင်၊ ဖြစ်ရလေ၊ ကလေးရယ်၊ မငိုပါနဲ့ကွယ်''

ကလေးမ၏ ပူနွေးမျက်ရည်များကို မြင်ရသောအခါ သူလည်း လူသားစိတ် အပြည့်ရှိသူပီပီ ရင်ထဲမှာ မချိတင်ကဲ ဖြစ်လာရလေသည်။

ဒါတွေကို တင်ကြိုမြင်ယောင်ခဲ့၍လည်း သူ အကြီးအကျယ် စဉ်းစားခဲ့ရပါသည်။ အရင်က သူ၏ အတတ်ပညာရပ်နှင့် ဆောင်ရွက်ပေးခဲ့သမျှတို့သည် ကာယကံရှင်တို့၏ လိုလားချက် ဆန္ဒတို့ အရသာဖြစ်သည်။

သူ စွမ်းဆောင်ပေးပြီးသွားသည့် အခါတိုင်းလည်း ကာယကံရှင်တိုင်း ပျော်ရွှင် ချမ်းမြေ့ ကြည်နူး ပီတိ ဖြာဝေ သွားကြစမြဲသာ။

ဟော၊ ခုကိစ္စကတော့ ဤသို့ မဟုတ်၊
လုံးဝဖီလာ ကွဲလွဲ နေလေသည်ကော။
**ဒေါက်တာ နေနတ်မင်း** တစ်ယောက် အတော်ကြီး စဉ်းစားနေခဲ့ပြီးပြီ၊
အရိုးခံ အပြစ်မဲ့ ကလေးမလေး တစ်ယောက်။

သူတို့၏ လောဘ လိုဘ တရားများအတွက် သည်ချစ်စရာ ကောင်မလေးကို ငွေနှင့်ပေါက်ပြီး အစွမ အသုံးချဖို့ သင့် ပါ၏လော။

သူသည် တိုက်တိုက်ဆိုင်ဆိုင်ပင် သည်ကောင်မလေးကို ကယ်တင်ခွင့် ရခဲ့ပါသည်။

သို့သော် သူသည်လည်း အကျဉ်းသားတစ်ဦးပမာ ဘဝပဲမို့ သည်ကောင်မ လေးကို သည်အတိုင်းချည်း လွတ်ငြိမ်းခွင့်တော့ ပေးနိုင်စွမ်းအား မရှိပါ။

တစ်ဖက်ကစဉ်းစားကြည့်ပြန်တော့လည်း သူ တာဝန်ယူရာအပိုင်းကို သူ့အထက်မှ ညွှန်ကြားသည့် အတိုင်းသာ သူပြုမှု လုပ်ဆောင်ရမည်ဆိုပါက အပြစ်မဲ့ သည်ကလေးမလေးတစ်ယောက် အလွန်ပင် နစ်နာရရှာပါလိမ့်မည်။

ထိုရောအခါ ဒေါက်တာနေနတ်မင်း ခမျာ သူ၏ သက်ဆိုင်ရာ လုပ်ငန်းခွင်ထဲမှာ သူမလေးကို မသုံးမဖြစ်၊ အသုံးပြု ပြမှသာ ရပါလိမ့်မည်။

သူ၏လုပ်ငန်းလိုအပ်ချက်အရ ကလေးမလေးသည် သူ့အတွက် မရှိမဖြစ် သဘောကို ဆောင်ပြရပါလိမ့်မည်။

သည်နေရာတွင် သူ၏ဉာဏ်ပညာကိုလွှာပြီး လိမ်မာတတ်ဖို့ သိပ်ကို အရေးကြီးလာပြီဖြစ်ကြောင်း သူသိလိုက်သည်။

သူ ဆုံးဖြတ်ချက် ချထားသည်။

ကလေးမလေးတစ်ယောက် ဘယ်နည်းနှင့်မှ မနစ်နာစေရ။

ခုထိတော့ ကောင်မလေးကို စည်းရုံးထားနိုင်သည်ဟု သူထင်သည်။

♛ ♛ ♛

## "ရှုပါရုံ မူပိုင်ခွင့်"

ကိုလူချောကြီး ချိန်းဆိုထားသော အထူးညှော်သည်ဆိုသည်ကား အမျိုးသားတော့ မဟုတ်။

အလွန်သားနား ထည်ဝါသော မိန်းမပျိုလေးတစ်ဦး။

အချိန် အလွန်တိကျစွာနှင့် ရောက်ရှိလာသည်။

မှန်းရွှေစင်နှင့် အသက်ချင်း မတိမ်းမယိမ်းခန့် ရှိဟန် တူ၏။

နေကာမျက်မှန်အကြီးကြီးနှင့် အလွန်လှပသော ကြေးရတတ် အမျိုးသမီးတစ်ဦးဖြစ်မှန်း အရေအသား အသွေး အမွေး အဆောင်အယောင်တို့ကို ကြည့်ရခြင်းအားဖြင့် သိသာလှ၏။

ကိုလူချောကြီး၏ ခွဲစိပ်ခန်းကြီးမှာ မနေ့က ညဦး ကတည်းက အဆင်သင့်ဖြစ်နေပါပြီ၊ နည်းနည်းလေး ပြသပေးရုံနှင့် မှန်းတစ်ယောက် ချက်ခြင်း အဆင်ပြေအောင် ခဏအတွင်း ကူညီပေးနိုင်စွမ်းရှိသဖြင့် ကိုလူချောကြီးက အလွန်သဘောကျနေ၏။

ခုတော့ အဆင်သင့် စတင်းဘိုင်အဆင့်မှာ သူမ ရှိနေပါပြီ။

ခွဲစိတ်ခန်းကြီး၏ အတွင်းဘက်ခန်းထဲတွင် မှန်းရွှေစင် တစ်ယောက် တိတ်တိတ်လေး ထိုင်လျက် စောင့်ကြည့်နေခြင်းသာ။

ထိုအခန်း၏ မျက်နှာစာရှိ မှန်ချပ်ကြီးနောက်မှနေ၍ ငြိမ်ငြိမ်လေး ထိုင်ရင်း ရင်တွေ အလိုလို ခုန်နေခြင်းဖြစ်ပါ၏။

ထိုမှန်ကြီးမှာအတွင်းဘက်ကသာမြင်ရပြီး အပြင်ဘက်မှနေ၍ ကြည့်လျှင် ရိုးရိုးကြည့်မှန်ကြီး တစ်ချပ်အနေနှင့်သာ မြင်ရသော ကြေးမုံပြင်ကြီး သာဖြစ်လေသည်။ ညွှန့်သည်ကို ဒေးကြည့်နေဖြစ်သည်။

ဪ၊ အလှူပယ် ချမ်းသာကြွယ်ဝကြသူများအဖို့ ဘဝပေးသော ရုပ်ရည်ကိုပင် ပြင်စွမ်းနိုင်ကြပါဘိ။

ပြီးတော့လည်း မိမိရုပ်ရည် ပြင်ဆင်သည်ကိုပင် လူသိ မခံချင်ကြတော့။

ကိုယ်ချင်းသာသိမှ လာရောက်နိုင်သော မျက်နှာနှင့် အသားအရေ ခွဲစိပ် ပြုပြင်မွမ်းမံ ချောမွတ်ပေးနိုင်ရာ ဆရာဝန် ပညာရှင်များထံ တိတ်တိတ်လေး ချဉ်းကပ်ကြလေသည်ကိုး။

အထူးသဖြင့် ဆေးပညာရပ်မှာသာမက အနုပညာရပ်မှာပါ ပါရဂူ လက်ရာ မြောက်သော ကိုလူချောလို ဆရာဝန်များအဖို့ ပိုမိုပြီး ကျော်ကြားပုံရလေသည်။

ညွှန့်သည် အမျိုးသမီးက ဆိုဖာအိအိကြီးပေါ်ထိုင် အချ မျက်မှန်ကြီးကို ချွတ်လိုက်သည်။ မှုန်းရွှေစင် မျက်လုံးလေးများ ဝိုင်းစက်ကာ အလွန် အံ့သြသွားလေသည်။

ဆင်ယဉ်ထုံးဖွဲ့ပုံမှလွဲလျှင် မျက်နှာကျ မျက်နှာပေါက် နှာတန် မျက်လုံး နှုတ်ခမ်းတို့၏ ပုံပန်းသဏ္ဌာန်နှင့် တည်နေရာ အချိုးအစားတို့က မှုန်းရွှေစင်နှင့် အတော်ကြီးကို တူနေပါတကား။

မနွေညဦးတုန်းက ကိုလူချောတစ်ယောက် မှုန်းကို ခွေးခြေ တစ်လုံး ပေါ်မှာ အကြာကြီး ငုတ်တုတ်ထိုင်ခိုင်း၏။

ဒါကိုလည်း သူ့မအလုပ်ဟုဆိုသည်။

ရာဘာရွှံ့တု အတုံးတစ်တုံးကို လက်ထဲမှာ တောလှည့် တောင်လှည့် ဟိုဖြတ်သည်တောက် ဟိုဖဲ့ သည်လှီးဖြင့် ခဏချင်း အလုပ်ရှုပ်လိုက်ရုံမျှဖြင့် မှုန်းရွှေစင် သူ့ကိုအံ့သြဝမ်းသာ လက်ဖျားခါခဲ့ရသည်။

သူ့မနှင့် တထေရာတည်းတူလှသော သူမ၏ မျက်နှာပုံ ရုပ်ထုလေး။

မှုန်းက ပျော်နေသလောက် သူကဖြင့် စိတ်ရှုပ်နေ သလိုပုံစံနှင့် နောက်ထပ်ရာဘာတုံးများကိုထပ်ယူကာ မှုန်း၏ ရယ်နေသော ပုံ၊ မဲ့နေသောပုံ၊ မှိုင်နေသောပုံ၊ ငိုနေသောပုံများကိုမျက်လှည့်ပြသလို တစ်ပုံပြီးတစ်ပုံ ထုတ်လုပ်နေ၏။ စိတ်တိုင်းမကျဟန်ပေါက်နေ၏။

တစ်ခါတစ်ခါ စိတ်ကူးပေါက်လာသောအခါများတွင် ကွန်ပျူတာ ဂရပ်ဖစ် ပုံဆွဲနည်း ဆော့(ဖ်)ဝဲများဖြင့် မော်နီတာမြင်ကွင်းတွင် ပုံကြမ်းများ ခြစ်၏။

ထိုကွန်ပျူတာ စခရင်မြင်ကွင်းပေါ်တွင် သူမ၏ ပုံတူ ပန်းချီများမှာ လှပစွာ ပလူ ပျံနေ၏။

သူ့ကို သာမာန် မျက်နှာအလှအပဆိုင်ရာ ခွဲစိပ် ဆရာဝန်တစ်ယောက် ဟုသာ သူမ သိထား၊ ထင်မြင် ထားခဲ့မိပါသည်။ ခုတော့ ပန်းချီ ပန်းပု အနုပညာရပ်များကိုပါ တစ်ဖက်ကမ်းခတ် တတ်မြောက်နေသူ ပါရမီရှင်ပါလား။

သူမ သဘောတူ အလုပ် လက်ခံလိုက်ပြီ ဆိုကတည်းက သူသည် ဆရာသမားရာထူးကို ချက်ခြင်းချည်း ယူပြီး စကားဟာဟာပင် မပြောချင်တော့သလို မျက်ခုံးထူထူကြီးတွေကိုသာ တွင်တွင် ရှုံ့ နေလေ၏။

သူမ အပေါ်အဖက်တလုပ် အရေးတယူ ရှင်းပြဖို့ဆိုသည် ဝေး။

ကြီးကျယ်နေဟန် ပြနေ၏။

ဒါပေသည့် သူ လွှတ်ခနဲ ပြောလိုက်သော စကားတစ်ချို့ကို တော့ သူမ တစ်သက်လုံး မေ့ပျောက်သွားတော့မည် မထင်။

"မင်း ရုပ်လေးက တအား ချောမော လှပ ပြေပြစ်တာကွ၊ ဆွဲဆောင်မှုတွေ အများကြီးရှိသလို ကျက်သရေလည်းရှိသကွဲ၊ ငါလေ မင်းရုပ်လေးကို သဘောကျလွန်း စွဲလမ်းလွန်းလို့ အမြဲတမ်း ငေးကြည့်နေမိတယ်"

သူက တကယ့်ကို လေးလေးနက်နက် ပြောနေသည့်ဟန်။

မှန်း သူ၏ သည်လို စကားမျိုးတွေကို အယုံအကြည် မရှိပါ။

အတည်ပေါက်နှင့် သူမကို ကလိတတ်သည် မဟုတ်ပါလား။

သို့သော် ထိုသူဌေးမကိုတော့ အတော်တလေးတစား ဆက်ဆံနေ၏။

ခုလည်း သူမနှင့် တော်တော် နီးနီးစပ်စပ်ကြီး ရုပ်တူနေသော သည်ကြေးရေတတ် မမလေးကို တဟဲဟဲ တဖြဲဖြဲနှင့် လောကဝတ်များ သည်းလွန်း နေသည်ဟု မှန်းရွှေစင် ထင်မိလေသည်။

သူတို့နှစ်ဦးကို ကြည့်ရသည်မှာ ယခင်ကတည်းက အလွန် ခင်မင် ရင်းနှီး ပြီး ဖြစ်ကြပုံရသည်။

ထိုမမလေး၏ ဘိုလိုပြောလိုက်သံ ဝဲဝဲတို့က ဂန္ဓာလရာဇ်သံ ပေါက်နေ သဖြင့် ပြည်မကြီးပိုင် ကျွန်းကြီး တစ်ကျွန်းမှ ဖြစ်ကြောင်း သိနိုင်လေသည်။

မဟာတ္တာက ကိုလူချောကြီးကိုပင် တို့လိုက် ထိလိုက် ရိုက်လိုက် ပုတ်လိုက်

တွန်းလိုက်နှင့် စကားပြောရမှ အားရ ဟန်ရှိပုံ ရသည်။

သူမ၏ အလုပ်ရှင်သစ်ကြီးက ဒါကိုပဲ သဘောအကျလွန်ပြီး အလုပ်စခန်းဆီသို့ တော်တော်နှင့်ပင် ရောက်မလာနိုင်ကြသေးတာ များလား။

မနက်တုန်းကတော့ ထိုဆရာသမားက အရေးကြီးသော ဧည့်သည်တစ်ယောက်နှင့် အရေးကြီးသော အလုပ် လုပ်စရာ ရှိသည် ဟူ၏။

မှုန်း ရွှေစင် သည်အခန်းထဲမှာပဲ စောင့်နေပါဟု မိန့်ခွန်း ချွေခဲ့သည်။

ခုတော့ သူမလည်း အထဲထဲမှာ ညောင်းလှပါပြီ။

ထိုမမလေးကို သူမ သေသေချာချာကြည့်ဖြစ်လာသည်။

မျက်လုံးလေးများက မဆိုစလောက် မှေးတေးတေးလေးဖြစ်နေသည်။

မျက်ရစ်လေးက ခပ်သဲ့သဲ့သာရှိသည်။

ဒါကိုပဲ မမလေးက အမျက်တောင်အတုနှင့် အိုင်းလိုင်နာတို့၏ အကူအညီဖြင့်အလှအပလေးကို လိမ်လိမ်မာမာလေး အားဖြည့်ထား၏။

နဂိုနေ သဘာဝမျက်ရစ် ကြည်ကြည် လဲ့လဲ့ ရွဲရွဲလေး သာဆိုလျှင် မှုန်းနှင့် ရာခိုင်နှုန်းပြည့်နီးနီး တူသွားနိုင်လေသည်။

ဒါတင်မက မမ၏ နှာတံလေးမှာ မဆိုစလောက်လေးနိမ့်ပြီး ထိပ်ဖျားမသိမသာ ပွတတလေး ဖြစ်နေမှုတို့ကိုတော့ အကောင်းစား မိတ်ကပ် တံခိုးနှင့် အပြစ်ကင်း သယောင် တင့်တယ် နေပြန်စေလေ၏။

မဟော်ဂနီရောင်ပြေး ခြယ်သ ပြောင်လက်ရှန်းစိုနေသော ဆံပင်နွဲ့နွဲ့အိအိလေးများပေါ် ဆံနွယ်အချို့ကို ရွှေရောင်ဟိုက်လိုက် လေးများ ဖောက်ထားသည်။

ထိုရွှေရောင်ဆံနွယ်စ အစုအဖွဲ့ လက်လက်လေးများက ဝေ့ဝဲသွဲ့ညွတ်နေကြပြီး မျက်နှာချောချောလေး၏ ပသာဒကို ပိုမိုရှင်းသန့် တောက်ပနေစေလေသည်။

ကွန်ပျူတာတင် စားပွဲမှာ အလုပ်များနေသော ကိုလူချောကြီး၏ ကျောပြင်အနီးရှိ ကုလားထိုင် ကျောမှီပေါ် မမကြေးရေ တတ်လေးက လက်လှလှလေးကိုထောက်ရင်း

"ကျွန်မအတွက် ရှင် ထုတ်လုပ်ထားတဲ့ မျက်နှာ နမူနာပုံစံ ဒီဇိုင်းတွေကို ပြမယ်ဆို၊ အပြောကောင်းတဲ့ ရှင့်စကားကို ယုံကြည်ပြီး ကျွန်မရဲ့ ရုပ်ရည်ကို အမွှန်းတင်ဖို့ သိပ်ကြီးကို စိတ်ဝင်စားနေပြီ ရှင့်"

ကိုလူချောကြီး ဖွင့်လိုက်သော ကွန်ပျူတာ မော်နီတာ ဖန်သားပြင်

ပေါ်တွင် ပန်းချီ ခဲခြစ် စကက်ချ် မြောက်မြားစွာ ပေါ်လာသည်။

ညည့်သည်မမကို အနုစိတ် ပြင်ဆင် ဖြတ်တောက် တည်းဖြတ်ပြီးနောက် ရရှိလာမည့် အလှဆုံး မျက်နှာလေးများ။

ကောင်းကောင်းကြီး အချောသပ် အမွှန်းတင်ထားသော မျက်နှာပုံစံလေးများ။

ဒါတွေသည် တကယ်တော့ မနှေညက အကြမ်းကောက်ထားသော မှုန်းရွှေစင်၏ ပန်းချီပုံလေးများသာ မဟုတ်ပါလား။

ဒါကိုပဲ သရီးဒိုင်မင်းရှင်း ဆော့(ဖ်)ဝဲ နည်းပညာသုံးပြီး ရုပ်လုံးကြွ သုံးဖက်မြင်ပုံများအဖြစ်ပြောင်းကာ တစ်ပုံပြီး တစ်ပုံ ဖွင့်ပြနေလေ၏။

မမချောကတော့ ခွဲစိတ်ပြီးနောက် ဖြစ်ပေါ်ရရှိလာမည့် ရလဒ် မျက်နှာလေးများ အဖြစ် ဝမ်းသာ ပျော်ရွှင် အားရစွာ ကြည့်ရှုနေလေသည်။

ထို့အပြင် မနှေညက ထုဆစ် ဖွဲ့ထုတ် ဖြတ်တောက် ပုံဖော်ခဲ့လေသော ပလတ်စတစ် ရွှံ့တု ပန်းပု ပုံလေးများကိုပါ ပြသ ပြန်၏။

ဒါလေးတွေကလည်း ဘယ်သူ၏ပုံလေးတွေပဲ ဖြစ်နေမည်နည်း။

မှုန်းရွှေစင်၏ ပုံတူလေးများသာ မဟုတ်လော။

ထိုအခါ အို။ အိပ်ဆဲလန့်၊ ဟောင်းအမေ့ဖင်။ ဖဲရီးနိုက်စ် အစရှိသည့် ထိုမမ၏ အာမေဋိတ်သံများက အခန်းတွင်းမှာ လွင့်ပျံ့ နေ၏။

သည်ပန်းချီပန်းပုမျက်နှာသွင်ပြင်ပုံတွေ၏ မူရင်းပိုင်ရှင် စစ်စစ်မှာကား မှန်ချပ်ကြီးနောက်ကွယ်မှ ဗမာမလေး မှုန်းရွှေစင် ဆိုသော ကောင်မလေး ဖြစ်နေပါသည် ဆိုသည်ကိုသာ မမချော သိသွားပါလျှင် .......

ဘာတွေများ ဖြစ်လာနိုင်ပါမလဲ။

ထို့ပြင် မှုန်း ဘက်ကလည်း မျက်နှာသွင်ပြင်မူပိုင်ခွင့်သာ ရှိမည်ဆိုလျှင် ထိုဆရာကြီးကို သူမ၏ မျက်နှာရုပ်ပါရုံ မူပိုင်ခွင့်ဖိုး တောင်းလိုပါသည်လေ။

♛ ♛ ♛

## "နေရာလပ်မကျန် စစ်ဆေးရန်"

"ကဲ၊ ဟိုအခန်းထဲက မမလေး ထွက်လာခဲ့တော့"

ယခုတော့ မမကြေးရေတတ်လေးက ခွဲစိတ်ခုတင်ပေါ်ဝယ် အိပ်ပျော်နေသည်လား၊ မေ့မျောနေသည်လား မသိ၊ မျက်လုံးလေးမှိတ်ပြီး တုတ်တုတ်လေးမှ လှုပ်သည်ကို မတွေ့ရ။

"မြန်မြန်လာ ကောင်မလေး၊ ဝတ်စုံဝတ်ပြီးတာနဲ့ ဟောဒီ ခုံပေါ်မှာ ငြိမ်ငြိမ်လေး လာထိုင်နေ"

စောစောတုန်းက မိနစ်ပိုင်းများမှာပဲ ထိုမမကြေးရေတတ်လေးနှင့် အလုပ်ရှင် ထိုဆရာကြီးတို့နှစ်ဦးသား ဤအော်ပရေးရှင်းအတွက် နှစ်ဦးသဘောတူ စာချုပ် တစ်ခုကို လုပ်ငန်း သဘောအရ လက်မှတ် ရေးထိုးနေခဲ့ကြသေး၏။

အမှားအယွင်းတစ်ခုခု ရှိခဲ့လျှင် ပြန်လည် ပေးလျော်ရမည့် လျော်ကြေးကလည်း နည်းမည်ပင် မထင်၊ ခုရမည့် ငွေ ပမာဏကလည်း သောက်သောက်လဲ မဟုတ်ပါလေလားလေ။

သူမအတွက် ပေးသော လစာကိုပဲကြည့်ပါလား။

မည်သို့ပင်ဆိုဆို တစ်ကယ်တော့ ငွေရေးကြေးရေးထက် ယုံကြည်မှု၊ ကျေနပ်မှုတို့က သူတို့နှစ်ဦးကို ခေါင်းတငြိမ့်ငြိမ့် ပါးတပြုံးပြုံး ဖြစ်နေစေလေသည်။

ခုတော့ ကိုလူချောကြီးသည် ပိုးသတ် ခွဲစိတ်ခန်းသုံး အင်္ကျီရှည်ကြီးကို ဝတ်ဆင်ပြီးနောက် ခွဲစိတ် လက်အိတ်များကို အကျအန စွပ်နေပါပြီ။

တစ်ကိုယ်တော် လှုပ်ရှားမည့်သဘောပါတကား။

**စိန်စာပေ**

လျှမ်းလျှမ်းတောက် ကြွယ်ဝသူများ၏ လို့ဂုက် ခွဲစိတ်ရခြင်း သဘော ဖြစ်၍ လုပ်ငန်းထဲတွင် ပါဝင်ပတ်သက်ကြသူ နည်းလေလေ လုံခြုံမှုရှိလေလေ မဟုတ်ပါလား။

ထို့ကြောင့်လည်း ကိုလူချောကြီး တစ်ဦးတည်းက ဟောသည့် အော်ပရေးရှင်းကြီးကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်အောင် ဘာသာရပ်အစုံကို ဆည်းပူး ကြိုးစား အားထုတ်ထားသည့် သဘောမျိုးကို မြင်တွေ့နေရသည်။

ခွဲစိတ်ခန်းသုံး အသုံးအဆောင် ပစ္စည်းပစ္စယ၊ အကူအပံ့ကိရိယာ များကား ပြည့်စုံလှပါ၏။ သူသည် ဤလုပ်ငန်းမျိုးကို ထမင်းစားရေသောက် အရည်ကျိုသောက် ထားသည့်အလား စိတ်အေးလက်အေး လုပ်ဆောင်နေ၏။

သူ၏ဟန်ပန်အရ သူသည် ဤလုပ်ငန်းများတွင် အတွေ့အကြုံများစွာရှိ နေသည့် ဝါရင့် လုပ်သက်ရ သဘောမျိုးကို တွေ့ရသည်။

သူမ ဗဟုသုတရှိထားသည်က သူ့အနီးတွင် မေ့ဆေး ဆရာဝန်တစ်ဦး၊ အကူသူနာပြုနှစ်ဦးတို့ အနည်းဆုံး ရှိကြရမည်သာ။

ခုတော့ အတွေ့အကြုံမဲ့ မှုန်းရွှေစင်မှတစ်ပါး ဘယ်သူမှ မရှိ။

သူ တစ်ဦးတည်းက ကျွမ်းကျင် ပိုင်နိုင် ပိရိစွာ ဆောင်ရွက်နေသလို အာရုံတို့ပါ သတိဝီရိယ အပြည့်နှင့် စူးစူး စိုက်စိုက် နစ်မြုပ် ဈာန်ဝင် နေဟန်ရှိသည်။

ဆေးပညာရပ် လုပ်ငန်း တစ်ခုအတွက် လှုပ်ရှား ဟန်ပန်များ သာမက အနုပညာရပ် တစ်ခုကို ဈာန်ဝင်စား လှုပ်ရှားနေဟန်များပါ ပေါက်နေသည်။

ထို့ထက်ပိုမိုပြောရလျှင် မျက်နှာအလှပြင် ပလတ်စတစ် ဆာဂျရီ ခွဲစိတ် ဆရာဝန်တစ်ဦး အနုပညာ စိတ်ကူး စိတ်သန်း လက်ရာများနှင့် ပေါင်းစပ် လှုပ်ရှားနေခြင်းရယ် ပါတကား။

ဤဆေးရုံခန်းကြီးမှာ ဤရောမအပျော်စီး ဗီမ်ခံ သင်္ဘောကြီးပေါ်တွင် တရားဝင် ဖွင့်လှစ်ခွင့်ရထားသည်ကတော့ သေချာပါလိမ့်မည်။

သို့သော်လည်း အခြားသောကုသရေးဆိုင်ရာကိစ္စ များကိုတော့ ဆောင်ရွက်မည့်ပုံ နည်းနည်းမှ မတွေ့ရ။ လူဂုဏ်တန် ကျိုကျိုတက်များအတွက် လိုအပ်သော အနု အလှ အပ ပသာဒ ဥဥ ရွှရွ တို့ကို တိတ်တိတ်လေး ဖြည့်ဆီး ပံ့ပိုး ပေးရာအဖြစ်သာ ရပ်တည်နေပုံရသည်။

ထိုနေရာကြီးအတွက် အထူး တာဝန်ယူ ဆောင်ရွက်မည့် ပညာရှင်

ဆရာဝန်ကြီးကတော့ ကိုလူချောကြီးပဲ ဖြစ်လိမ့်မည်။

ခွဲစိတ်ခုတင်ကြီး၏ဘေး ခုံမြင့်မြင့်လေးပေါ်တွင် ပန်းချီ မော်ဒယ်မ လိုလို၊ ဓာတ်ပုံ စံပြမယ်လိုလိုနှင့် မှုန်းရွှေစင်တစ်ယောက် ငြိမ်ငြိမ်လေး ထိုင်ပြ နေရသည်မှာ ခါးများပင် ညောင်းချိကာ ဖက်ကြောလေးများပင် တက်လာသည်။

ပညာရှင်ကြီးကတော့ မှုန်း၏မျက်နှာလေးကို ဟိုဘက်က ကြည့်လိုက် အောက်မှလူကိုခွဲစိတ်လိုက်၊ သည်ဘက်က ကြည့်လိုက် ဖြတ်တောက်လိုက်၊ အောက်ဘက်က ပင့်ကြည့်လိုက် ဓားပါးလေးနှင့် လှီးလိုက်နှင့် ဖယ်ဆက်သလို အလုပ်ရှုပ်နေလေသည်။

တော်တော်ကြာတော့မှ အပ်လေးနှင့် ချုပ်ရိုးပျောက်လိုက် ချုပ်နေရင်း စကား စတင် ပြောရှာလေသည်။

"ငါက အချုပ်အလုပ် ပညာရပ်ကိုလည်း သေသေချာချာ လေ့လာ ထားသေးသကွဲ၊ နောင်အားတဲ့အခါကျတော့မှ မင်းအတွက် အင်္ကျီလှလှလေး တစ်ထည် ချုပ်ပေးမယ်"

သည်လောက် အလုပ်များနေရသည့်ကြားထဲ သူပဲ ကျီစား နိုင်သေးသည်။

နည်းနည်းလေးမှ မလှုပ်ပါနှင့်ဟု ပြောထားသဖြင့် မှုန်းရွှေစင်ခမျာ မပြုံးရဲဘဲ မျက်စောင်းလေးသာ အမြင်ကတ်ကတ်နှင့် ထိုးဖြစ်လိုက်လေသည်။

မှုန်းသည် ကိုလူချောကြီးကို တစထက်တစ်စ အထင်ကြီးလာသလို သွေးသားရင်းလိုယုံကြည် စိတ်ချစွာ ခင်မင်ချင်စိတ်များ ပေါ်ပေါက်လာလေ တော့သည်။

သည်သောအခါ သူပြောလာသော စကားများကို မှန်မှန်၊ မမှန်မှန် နားထောင် သာယာ ချင်လာလေသည်။

နောက်ထပ် သုံးလေးမိနစ်လောက်ကြာသောအခါ . . . . . . .

"ငါက မင်းရဲ့မျက်နှာလေးကို မြင်လျှင် မြင်ခြင်းမှာပဲ သိပ်သဘောကျ သွားတာကွ၊ လက်ဦး မဆွတုန်းကတော့ ဟောဒီ လိုင်လာဆိုတဲ့ကောင်မလေးနဲ့ တော်တော်လေး ဆင်တူလို့ စိတ်ဝင်စားမိတယ်လို့ပဲ ကိုယ့်ကိုယ်ကို ထင်မိခဲ့ သေးတာ၊ ဒါပေမယ့် နောက်တော့ ငါ့ရဲ့ ရင်ထဲကကို . . . . . . ."

စကားကို ဟိုမရောက်သည်မရောက် ရပ်ထားပြီး အလုပ်ထဲသို့ အာရုံ ရောက်သွားပြန်၏။ နောက်ထပ် သုံးလေးမိနစ်ခန့်တွင် . . . . . . .

"တစ်ကယ်ကျတော့ မင်းရဲ့ မျက်နှာလေးဟာ ငါ့ရဲ့ မျက်စိထဲမှာ

ဘယ်လိုမှ ဖျောက် မရအောင် စွဲစွဲလမ်းလမ်း ရှိလှသကွာ၊ ပြစ်မျိုးမှည့်မထင် အလှဘုရင်မလေးအနေနဲ့ ငါ့အမြင်လွှာထဲမှာ နေရာယူလာသကွ၊ ငါအမြဲတမ်း ကြည့်နေချင်၊ မြင်နေချင်နေတဲ့ အမြတ်နိုးဆုံး မျက်နှာလေး ဖြစ်လို့လာတယ်၊ ဘယ်နေရာကိုပဲကြည့် ကြည့်၊ မင်းရဲ့ မျက်နှာလေးပဲ ဖြစ်နေတယ်''

မိမ္မန်းတစ်ယောက် သူ့အပြောရေယဉ်ကျောမှာ နိုမ့်မြင့် တက်ကျ သွဲ့အိ မျောပါနေလျက် ရှိလေသည်။

သူကတော့ သူ့အလုပ်ကို အပြီးသတ်ပြီးသွားဟန်ရှိသည်။

စိတ်ဖိအားများ လျှော့ပါး သွားသဖြင့် လေဖောနေပုံရသည်။

သူ့ကိရိယာလေးများကို သေသပ်သပ်လေး ဟိုကိုင်သည်ရွှေ့ လုပ်နေ၏။

သို့သော် မလှုပ်တမ်း မကုတ်တမ်းလေး ထိုင်နေရသူကိုပင် တန်းဖြုတ် ပေးဖို့ မေ့နေသလိုလိုနှင့် အားမနာတမ်း မသိကျိုးကျွံပြုသလို လုပ်နေသည်။

စိတ်မရှည်ဖြစ်လာလေသော မှန်းရွှေစင်လေးထံမှ ညစ်စွာစွာအသံလေး ထွက်လာ၏။

''မပြီးသေးဘူးလားရှင့်၊ ဒီမှာလည်း ညောင်းလွန်လွန်းလို့ လမ်းကြိတ် စက်နဲ့တောင် အနင်းခံရတော့မယ်၊ ဟင်း''

''ဩော်၊ ဟုတ်သားပဲ၊ မေ့သွားလို့ကွယ်၊ မင်းက တစ်ချိန်လုံး ဇိမ်လေးနဲ့ ထိုင်ရုံလေးဘဲ ထိုင်နေရတာဆိုတော့ မပင်ပန်းဘူး အောက်မေ့နေမိ . . . . . . .''

''ဘာရှင့်၊ မပင်ပန်းဘူး ဟုတ်လား၊ ဟင်း၊ တော်ပြီ၊ ဆိုဖာပေါ်မှာ သွားလှဲတော့မယ်''

''ဟော့၊ ငါ့အလုပ်ပြီးသွားပေမယ့် မင်းအလုပ်က မပြီးသေးဘူး''

''အင်၊ ကျွန်မ အလုပ်က ဒါပဲ မဟုတ်ဘူးလား''

''မဟုတ်ဘူး၊ ငါခေတ္တအနားယူနေတုန်း မင်းဟာ လိုင်လာ ရဲ့ ကိုယ်ခန္ဓာ အတွင်းပိုင်းနေရာအားလုံးကို စစ်ဆေးပေးရဖို့ရှိတယ်''

''အင်၊ ဘယ်လို''

တစ် စတုရန်းစင်တီမီတာဧရိယာ မလပ် နေရာလွတ် မကျန်အောင် စစ်ဆေးပေးရဦးမယ်''

''ရှင်''

♛ ♛ ♛

စိန်စာပေ

## "ရှာဖွေရေး"

"ဘယ်နေရာမှာ အမှတ် အစက် အပြောက်ရှိတယ်၊
ဘယ်ချောင်မှာ အမာရွတ်ရှိတယ်၊
ဘယ်နေရာမှာ အလှအပ တက်တူး ထိုးထားတယ်

ဆိုတဲ့ အရေပြားတွေပေါ်က ထူးခြားတဲ့အချက် အလက်တွေကို တိတိကျကျ ရှာဖွေပေးပါ"

"ဘာလို့"

"ပြန်မေး မနေပါနဲ့ကွာ၊ လိုအပ်လို့ပေါ့"

"အင်၊ ဒါ ကောင်းတဲ့အလုပ်ဟုတ်လို့လားရှင့်၊ လူနာရဲ့ တစ်ကိုယ်ရေ လွတ်လပ်မှုနဲ့ လုံခြုံမှုကို ထိပါးရုံမက ယုံကြည်လို့ အပ်နှံထားမှုကိုပါ ကျူးလွန် ဖောက်ဖျက် စော်ကား ......."

"တော်တော်၊ ဒီမှာ မင်းက ဆရာလား၊ ငါကဆရာလား၊ မင်းက အလုပ်ရှင်လား၊ ငါကအလုပ်ရှင်လား"

"ဟယ်တော့၊ အလုပ်ရှင်ဆိုတိုင်း ဒီလိုလုပ်လို့ ရရိုးလား၊ ဟင်း၊ ဒီသဘောမျိုးဆိုရင်တော့ ကျွန်မ မလုပ်ချင့်ဘူး၊ ကျွန်မ အလုပ်ထွက်မယ်"

"အဟား၊ ဘာရမလဲကွ၊ မင်းလည်း ခုဆို တစ်စိတ်တစ်ပိုင်း သာမက အများကြီး ပါဝင်ပတ်သက်နေကြောင်း စာချုပ်စာတမ်း ခိုင်ခိုင်မာမာကြီးနဲ့ ဥစ္စာ၊

ဒီမယ် မဟုတ္တာ၊ ကျုပ်က ဆရာဝန်စစ်စစ်ပါကွ၊ ဆရာဝန်တို့၏ထားရှိအပ်သော ကျင့်ဝတ်တွေကို မင်းထက်ပင် ပိုသိပါတယ်''

''ဒါဖြင့်ရင် ဘာဖြစ်လို့ ဒီလိုကြံရသေးလဲ''

''အင်း၊ ဒါပေမယ့် ဒီနေ့ဒီအချိန် ဒီအခြေအနေမှာတော့ဖြင့် ငါ့ရဲ့ ကျင့်ဝတ်တစ်ခုကို ချွင်းချက် အနေနဲ့ ထားမှ ဖြစ်လိမ့်မယ်''

''သားရေကွင်းလို လိုသလို ဆန့်လိုက် ကျုံ့လိုက်ပေါ့''

''တော်စမ်း၊ ငါနဲ့ မင်းအတွက် သိပ်အရေးကြီးနေလို့ကွ၊ ခုတောင် ဟိုကောင်မလေး မကြာခင် သတိရလာတော့မယ်''

''ရှင်''

မိနစ်ပိုင်းအတွင်းမှာပင် မင်းသားဆရာဝန်ကြီးမှာ အပြတ်သားဆုံး ပြောသွားပြီးနောက် ဟိုးရှေ့ညှော်ခန်း ဟုမ်းသီရေတာရုပ်ရှင်ရုံ မှန်ပြားပြင်ရှေ့တွင် ရောက်ရှိ အနားယူနေပါပြီ။

မှူန်းရွှေစင်ကတော့ လိုင်လာ၏ ခုတင် နံဘေးသို့ မရောက်ချင်ပါဘဲ ခပ်သုတ်သုတ်လေး ရောက်ရှိသွားခဲ့ရလေသည်။

ကိုမင်းသားက မှူန်းနှင့်ပါ ရောယှက်ပြီး ဘာတွေများ သိပ်ပြီး အရေးကြီး ထားသလဲတော့မသိ၊ လောလောဆယ်တော့ နီးရာအား သည်အစ်ကိုကြီးကို ခဏ ကြောက်လိုက်တာ သင့်မြတ်လိမ့်မည် ထင်သည်။

သူ ခိုင်းသလိုသာ လုပ်လိုက်။

မိန်းကလေးချင်းပဲဟာ။

ထို့ကြောင့် မေ့မျောနေဆဲ ကြေးရေတတ် မမလေး၏ မမြင်ရသော လျှို့ဝှက်ချက်များကို ရှာဖွေသမှု ပြုရပါတော့မည်။

ဆရာဝန် ပေးထားသော ကတ်ထူစက္ကူ ပုံပြဖယားချပ်ထဲတွင် နေရာမလွဲ ဖြည့်သွင်းနိုင်ရန် နမူနာ ပုံစံကွက်လေးများ ပါဝင်၏။

တူးဒိုင်မင်းရှင်းခေါ် အိပ်က်စ်ပိုင် ကိုညဒိနိတ်အမှတ် အသားနှစ်ဖက်ပြ နေရာများတွင် အဆင်သင့် ဖြည့်သွင်းလိုက်ရုံသာ။

ထို့နောက် ဒစ်ဂျစ်တယ် ကင်မရာ ပေါက်စလေးနှင့်ပါ မှတ်တမ်းပြု ရပြန်သေး၏။

''တက်တူး ပုံတွေကို ကျွန်မ ရေးဆွဲပြီး မဖြည့်တတ်ဘူးရှင့်''

''ဟေ''

"ဘာပုံမို့လို့လဲ"

"သိဘူး"

"ကဲ၊ ကဲ၊ ဒါဖြင့်လည်း ခတ်ပုံပဲ ရိုက်ထားလိုက်တော့ဟာ"

"ပြီးရော"

"ဒါနဲ့ နေပါဦး၊ ဘယ်နေရာမှာ မို့လို့လဲ"

"သိဘူး"

"ဟော့၊ ငါ မေးနေတယ်လေကွာ"

ဒေါက်တာနေနတ်မင်းက ထိုင်နေရာမှ ထလာဟန်ပြင်လိုက်သည်။

"သိဘူး၊ လာမကြည့်နဲ့နော်"

"ဟော"

သူ နောက်တော့မှ ဘာကို သဘောပေါက်သွားသည် မသိ၊ ပြုံးစေ့စေ့လေးဖြစ်သွားပြီး ပြန်ထိုင်ချလိုက်တော့သည်။

"ဩ၊ ဩ၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊
ခတ်ပုံရရင် ပြီးတာပါပဲ"

♛ ♛ ♛

## "မျက်နှာကို ပန်းပုထုဆစ်ခြင်း"

လိုင်လာ တစ်ယောက် ကြည်လင်စွာနှင့် နိုးလာသည်။
နေပါဦး၊ သူမ ဘယ်ကိုများ ရောက်နေတာပါလိမ့်။
မျက်နှာပြင်ပေါ်မှာ နာကျင်မှု နည်းနည်းခံစားရသည်။
ဩော်၊ ခုမှ သူမ မှတ်မိ သတိရလာသည်။
နေနတ်မင်း ဆေးရုံခန်းကြီးထဲမှာ သူမ မျက်နှာပြုပြင် ခွဲစိတ် နေခဲ့သည်ပဲ။
အပျော်စီးဖိမ်ခံသင်္ဘောကြီးပေါ်က ဆေးရုံခန်းကြီးပေါ့။
သူမ၏ ယခုအသစ်ဖြစ်ပေါ်လာမည့် မျက်နှာသွင်ပြင်လေးကို သူမ သိပ် မြင်ချင်နေမိပါပြီ။

မပြုပြင်မီက မြင်ထားခဲ့ရသော နမူနာ မျက်နှာ ပုံစံလေးများကို သူမ အလွန် ကြိုက်နှစ်သက်လှပါသည်။ သူမ ထိုအတိုင်းပဲ မြင်ယောင်နေသည်။

မျက်ဝန်းရွဲရွဲ မည်းမည်း လဲ့လဲ့ ရီရီ ညို့ဓာတ် အပြည့်။
ဖူးဖူး ထွေးထွေး ရွှန်းရွှန်း စိုစို ချိုချိုအိအိ နှုတ်ခမ်းလေး။
ဖောင်းဖောင်း ဝန်းဝန်း မွေးမွေး ပေးချင်စရာ ပါးမို့မို့လေး။
သေသေသပ်သပ် စင်းစင်း ခန့်ခန့် နှာတံ လှလှလေး။
အနေအထားတကျ မျက်ခုံးထူထူလှလှ နက်နက်လေး။
ဒါတွေကို သူမ ပိုင်ဆိုင်တော့မှာပါလား။

မူလနဂိုအလှဓာတ်ခံများစွာရှိပြီးသော သူမအဖို့ ဒေါက်တာ နေနတ်မင်း ၏ ဆေးသိပ္ပံပညာနှင့် အနုပညာ လက်ရာ အချိုးအစား တကျ တတ်ကျွမ်း

ပိုင်နိုင်မှု တို့ကြောင့် သေသပ် သားနားသော ထပ်ဆောင်း အလုပ်များကို ပိုင်ပိုင်ရွှီး တော့မှာ ပါလားလေ။

တကယ်တော့ သည်ပညာရပ်တွင် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်မှုကြောင့် ကြေးရေတတ်များ၏ကြား အထူး ထင်ရှားကျော်ကြားနေသည့် ဒေါက်တာ နေနတ်မင်း၏ တကူးတကန့်သော ဆွယ်တရားများနှင့် အာမခံချက်များကြောင့် သူမ ခုလို ပြုပြင်ဖြစ်သွားရခြင်းပါ။

သူမအပေါ် အရင်တုန်းကလို လေးလေးနက်နက် ဟက်ဟက်ပက်ပက် မရှိဘဲ ဟိုလိုလို သည်လိုလို မှိုလိုလို မှန်လာဥလိုလို ဖြစ်နေသော ရွှေလင်တော် မောင်မစွတာမိုက်ကယ်ဒိုင်းမွန်း အမည်ရ ဘီလုံးနာကြီးကိုလည်း အမြင်သစ်သစ်နှင့် စိတ်ဝင်စားမှု ရွက်သစ်နုတွေ ဉဉ ဝေဖြာ သွားစေလိမ့်မည် ထင်ပါသည်။

တရှုပ်ရှုပ်နှင့် တံမြက်စည်း လှည်းသံ တရှပ်ရှပ်လေး ကြားနေရသည်။

လူနာရှိနေသဖြင့် အသံဆူညံမှုရှိသည့်ဖက်ကျူမ်းကလင်နာဟူသော လျှပ်စစ် ဖုန်စုတ်စက်ကို မသုံးခြင်းဖြစ်လိမ့်မည်။

နံနက်လင်းတိုင်း ဆေးခန်းကြီး၏ သူနာပြုဆရာမလေးက ပုံမှန်အလုပ် လုပ်စမြဲ။ သူမ၏ နံဘေး ဆေးကြော သုတ်သင် လှဲကျင်း စသော ကလင်းနင်း သန့်ရှင်းခြင်း အလုပ်များကို တလှုပ် လှုပ်နှင့် ဆောင်ရွက်နေ၏။

မကြာမီ သူမကိုပါ တစ်ကိုယ်ရေ သန့်ရှင်းရေး ဆောင်ရွက်ရန် လိုအပ်သည်များကို ကူညီမည်ဖြစ်လေသည်။ ဆံပင်မွမွ ကောက်ကောက် အသား မည်းမည်း နှုတ်ခမ်းတွဲတွဲ ဗိုက်ပူပူနှင့် ထိုသူနာပြုလူမည်းမလေးကား အလုပ်ကို တွင်တွင် လုပ်သလောက် စကားကတော့ တိုရေရှားရေနိုင်လှပါတကား။

ဆရာဝန်ကလည်း ခွဲစိတ်ပြီးကတည်းက ဘယ်ရောက် နေမှန်းမသိ၊

ထို သာလိကာ မမအာဂျလားအမည်းမ ကလည်း ကျောက်ရုပ်မှာ အာစေးမိထားသည်ဆိုတော့ လိုင်လာခမျာ စကားပြောဖော် မရှိဘဲ ပတ်တီး ဖြည်ရက်သို့ ပျင်းရိ ငြီးငွေ့စွာနှင့် ရောက်ရှိ လာလေသည်။

မကြာမီသော ကာလတစ်ရပ်တွင်ကား ဘဝ၏ထူးခြားမှုတို့ကို ရရှိ ခံစားရပါတော့မည်။

ရင်တွေ ခုန်လိုက်သည့်ဖြစ်ခြင်း။

အမှန်တကယ် ပတ်တီးဖြည်သောနေ့တွင်ကား နမူနာ ပုံစံလေးများနှင့် တစ်သဝေမတိမ်း တူညီ လှပချောမောသောမျက်နှာလေးကို ပိုင်ပိုင်ကြီး ရရှိခဲ့သည်။

"လိုင်လာ့ရဲ့မျက်နှာလေးကို မှုရင်းမပျက်စေဘဲ အခုလို အသေသပ်ဆုံး၊ အသပ်ယပ်ဆုံး အသားနားဆုံး အတိကျဆုံး အလှပဆုံး အချောကိုင် မွမ်းမံပေးတဲ့ ဟောဒီက ဒေါက်တာ နေနတ်မင်းကို အရမ်းအရမ်းကို ကျေးဇူးတင်ပါသတဲ့ရှင်"

လိုင်လာက ဒေါက်တာကြီး၏ပါးကို လက်နှစ်ဖက်နှင့် ညှပ်ကာ ဖျတ်ခနဲ လှမ်းဖမ်းဆွဲလိုက်သည်။ ဘို အာဘွား ခပ်ထွားထွားကြီးတစ်ပွင့်ကို ကောင်း ကောင်း ကြီး ပေးလိုက်သည်။ ဒါကိုပဲအာဖရိကန်မလေး ဖွေးဖွေးက မြင်လိုက်ပါလျက်နှင့် မမြင်ဟန် ဆောင်လိုက်လေ၏။

"ကျသင့်စရိတ်တွေကို ဆုကြေးနဲ့တကွ အွန်လိုင်းပေါ်ကပဲ ရှင်းပေး လိုက်တော့မယ်နော်"

လှမည်းမလေး ဝတ်မှုံရွှေဖြူတစ်ယောက် အရှေ့တိုင်းသူကြေးရေတတ် အချောအလှပဂေးလေး ထွက်သွားရာနောက်သို့ ကြောင်တက်တက်လေး အားကျ ငေးကြည့်နေသည်။

ဒေါက်တာနေနတ်မင်းက ဧည့်ခန်းဘံခါးကို ပိတ်လိုက်သည်။

တစ်မီလီမီတာမက တစ်ဆံချည်မျှပင် နေရာ မလွဲရအောင် လူ့သားပန်းပု ထုဆစ်နိုင်စွမ်းရှိပါပေ့၊ ဒေါက်တာနေနတ်မင်းရယ်။

"ဟဲ့၊ ဘာတွေများ ဒီလောက်တောင်တွေးနေရသလဲ"

"........"

"ဒီမှာ ငါမေးနေတယ်လေကွာ၊ အာဖရိကန်မလေး မမ ဖွေးဖွေးရယ်၊ အဲ၊ အဲ အော်ပရာဝင်းဖွေးရယ်"

"ကျွန်မက နယ်လ်ဆင်မင်ဒဲလားရဲ့ တူမရှင့်၊ ပေါ့သေးသေး ထင်ပြီး မျက်နှာကို အိုးမည်း မသုတ်ပါနဲ့ရှင့်၊ အဲလေ၊ မနောက်ပါနဲ့ ရှင့်"

"အဟားဟားဟား၊ ဟုတ်ပါပြီဗျာ၊ ကဲ၊ ကဲ၊ မျက်နှာပေါ်က မိတ်ကပ် အမည်းတွေကို သန့်ရှင်းပစ်လို့ ရပါပြီကွယ်၊ ဒီကိစ္စကြီး ပြီးဆုံးသွားပြီပဲ"

"ဟောဒီက ကျွန်မ ရာဘာ နှုတ်ခမ်းအတုကြီးကို စွပ်ထားရတာလည်း နာလှပြီ၊ ဟင်း၊ ပြီးတော့ ကပ္ပလီမ ဆံပင်အုံပွပွကြီးကလည်း ပူအိုက်ပြီး ယားလိုက်တာဆို အို၊ လွန်ပါရော"

"ကဲပါ၊ အစ်မရယ်၊ ခင်ဗျားရဲ့ မျက်နှာလှလှလေးကိုမြင်စမ်းချင် လှပါပြီဗျာ၊ ရေချိုးခန်းထဲ မြန်မြန်သာ ကြွပါခင်ဗျာ"

♛ ♛ ♛

စိန်စာပေ

## "ဆရာကြီး ဦးကျားကြီး"

"ဂျလောက်"

"ဒုန်း"

"အား"

ညော့ခန်းတံခါးကြီး အနီးမှ ပြင်းထန်စွာ ရိုက်ပုတ်သည့်အသံများကို ကြားလိုက်ရသဖြင့် ရေချိုးခန်းဆီသို့ လှမ်းအုံ့ဆဲဆဲ ခြေလှမ်းလေးများ တုန့်သွားလေသည်။

တစ်ခုခုတော့ တစ်ခုခုပဲ။

သူမ၏ ဦးနှောက်ထဲသို့ သတိပေးချက် အသံများ အလိုလို ဝင်ရောက်လာကြ၏။

မှန်းရွှေစင် စက္ကန့်မဆိုင်း စကြံအတွင်းဘက်ရှိ ကန့်လန့်ကာကြီးထဲ အမြန် တိုးဝင်လိုက်သည်။

သူမ ရင်ခုန်လွန်းလှစွာနှင့် မျက်လုံးလေးကို ကန့်လန့်ကာ အကွယ်လေးကြားမှ ပြူကြည့်လိုက်သည်။

ဘုရား၊ ဘုရား။

ကြမ်းပြင်ပေါ်တွင် သူမ၏ အလုပ်ရှင် ဆရာဝန်ကြီး ဒေါက်တာ နေနတ်မင်း ပက်လက်ကြီးလန်ကာ ဖုတ်လှိုက် ဖုတ်လှိုက်နှင့်လဲကျနေပါကလား။

ဖြစ်ရလေ အစ်ကိုရယ်။

အစ်ကိုရှေ့ဘက်မှာ လူတစ်ယောက် မားမားကြီးရပ်နေ၏။

ဝဲယာဘေးတစ်ဖက်တစ်ချက်တွင် အနက်ရောင် ကုတ်အင်္ကျီဆင်တူများ ဝတ်ဆင်ထားကြသော မျက်နှာထားဆိုးဆိုးနှင့် ဂန္ဓာလရာဇ်နွယ်ဝင် ပုဂ္ဂိုလ်နှစ်ဦး။

ဟောင်ကောင်သိုင်းဇာတ်ကားများထဲက လူဆိုး လူမိုက် များ၏ ပုံပန်းသဏ္ဍာန်များ အတိုင်း။

တိုက်ရန်ခိုက်ရန် အသင့် အနေအထား။

ဝုန်းဒိုင်းကျဲကာ ဖွင့်ဝင်လာခဲ့သည့် ညော့ခန်းဝ တံခါးကို တစ်ဦးက အမြန်ပြန်လည် ပိတ်နေ၏။

မားမားကြီးရပ်နေသော သူက ခေါင်းဆောင် ဖြစ်ဟန် တူသည်။

အသက်လေးဆယ်ခန့်ရှိပြီး ကိုယ်လုံးကိုယ်ထည် အရပ်အမောင်း ကောင်းကောင်း ဩဇာတိက္ကမကြီးသည့် ပုံပေါ်သည်။

အစ်ကိုခမျာ ပြန်ထဖို့ ကြိုးစားနေဆဲမှာပင် အစ်ကို၏ နံစောင်း တစ်ဖက်ဆီသို့ ထိုလူကြီးက ပြင်းထန်စွာ ပိတ် ကန်ပြန်၏။

"အား"

"မင်း ငါ့အမိန့်ကို မနာခံဘူး"

အစ်ကိုတစ်ယောက် ကော်ဇောကြမ်းပြင်ထက်မှာ မချိ မဆန့် လူးလှိမ့် နေရှာပါကလား။ ဖြစ်ရလေအစ်ကိုရယ်၊ သနားလိုက်တာ အစ်ကိုရယ်၊ သူမပြေး ပြီး ပွေ့ထားချင်ရလျှင် ရင်ခွင်ထဲမှာ ဆွဲသွင်း ပွေ့ပိုက် ထားလိုက်ချင်ပါသည်။

ထိုလူကြီး၏ အင်္ဂလိပ်စကားသံက ဂျက်ကီချန်းတို့၏ လေထုတ် လေသံများအတိုင်း။

သူမ၏ နောက်သို့ တောက်လျှောက်လိုက်နေကြသော လူအုပ်စု၏ ခေါင်းဆောင်ကြီး ဖြစ်နေသည်နှင့် တူသည်။

လက်စသတ်တော့ ဒေါက်တာနေမင်းသည်လည်း . . . . . . .။

"မင်းလုပ်ချင်တိုင်းလုပ်နေတာ ဘာသဘောလဲကွ"

"ဘုတ်၊ ဘုန်း၊ ဘုန်း"

"အား၊ အီး၊ အမလေး"

တဟုန်းဟုန်းတောက်လောင်နေသော ဒေါသကို ထိုလူကြီးက မျက်နှာ ခွင်ထဲမှာ မပေါ်အောင် ဖုံးဖိထားဟန် ရှိသော်လည်း သူ၏ခြေထောက်များကမူ

မဖုံးကွယ်နိုင်ရှာကြ။

ဒေါက်တာ နေနတ်မင်း၏ နံစောင်းနှစ်ဖက်ဆီသို့ ဘယ်ပြန် ညာပြန် ဖွင့်ဟ လွှင့်ထုတ် ပေးနေကြလေသည်။

"ခု ဘယ်လို လုပ်ကြမလဲ၊ ဟိုက ရောက်လာတော့မယ်၊ မင်းက တစ်လွဲတွေလုပ်၊ ငါ့ရဲ့အစီအစဉ်တွေ အားလုံး ကမောက်ကမတွေ ဖြစ်ကုန်လို့ကတော့ မင်းကို ငါးကျွေး ပစ်မယ်"

နေနတ်မင်းခမျာ နာကျင် ခံစားရလွန်းအားကြီးသဖြင့် ကြမ်းပြင်ပေါ်တွင် ကော့ကန် ကောက်ကွေး လူးလွန့် နေရှာသည်။

"အား၊ ကျွတ် ကျွတ်၊ ကျုပ်၊ ကျုပ်၊ ဒီကောင်မလေးရဲ့မျက်နှာလေးကို လိုချင်လွန်းလွန်း ....... လို့ ....... ပါ"

"ဘာကွ၊ မင်း ဘာကြောင် နေတာလဲ"

"ကျုပ်၊ အဲဒီကောင်မလေးကို သိပ်ချစ်သွား ......."

"ဘာကွ၊ မင်းရူးလှချေလား၊ မိုက်လှချေလား၊ ပေါကြောင် လှချေလား၊ မင်း နေနတ်မင်းမှ ဟုတ်ပါလေစ၊ ကဲကွာ၊ ကဲကွာ"

"အား၊ အား"

"ဒီကောင်မလေးကို ကျုပ်လိုချင် ......."

"ဘာကွ၊ အဲဒီကောင်မလေးကို မင်းကို ဘယ်သူက အပိုင်ခေါ်ခွင့် ပေးလိုက်လို့လဲ၊ ဟောဒီ ရောမ သင်္ဘောကြီးပေါ်မှာ အဲဒီဟာမလေး ရုပ်မျိုးနဲ့ ခပ်ဆင်ဆင် ကောင်မတွေကို ရှာမယ်ဆိုရင် အများကြီးရှိနိုင်တယ်၊

မင်းပညာရပ်နဲ့ဆိုရင် အဲဒီဟာမတွေရဲ့မျက်နှာတွေကို မင်းကောင်း ကောင်းကြီး ပြုပြင် ဆောင်ရွက်နိုင်စွမ်းရှိတာကိုလည်း ငါသိတယ်၊

ဒါတွေ အများကြီးရှိပါလျက်နဲ့ အရေးကြီးတဲ့ ဒီဟာမလေးကိုမှ မင်းက လာပြီး ပတ်သက် နေရတယ်လို့ကွာ၊ တောက် .......

ဒီဟာမလေးဟာ အထူး အမှာရှိထားတဲ့ ဟာမလေးဆိုတာ မင်းကို ငါ မပြောခဲ့လို့လား၊ ဖြေစမ်း ဟိတ်ကောင်၊ ငါ့ကို အာခံတာလား ပြောစမ်း"

"သူမ အပေါ် ကျုပ် ဘဝမှာ တစ်ခါမှ မဖြစ်ဖူးတဲ့ စိတ်ဆန္ဒတွေကြောင့် ကျုပ် သူမကို လိုချင် ......."

"တောက်၊ ငါစီစဉ်ထားသမျှ အစီအစဉ်တွေကို မင်းက တစ်လွဲတွေ လျှောက် လုပ်ပစ်နေတယ်ပေါ့၊ ဟုတ်လား"

"ကျုပ် တောင်းပန်ပါတယ်၊ ဒီကောင်မလေးကို ကျုပ် လိုချင်လွန်းလွန်း လို့ပါ၊ ဒီသဘာဝ မျက်နှာလေးကို ချစ်လွန်း . . . . . . . ကျွတ် ကျွတ်"

"ဘာကွ၊ တိုက်တိုက်ဆိုင်ဆိုင်ကွာ၊ ဒီဟာမလေးဟာ အလွန် အင်မတန်ကြီးကျယ်လှတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးက အမှာရှိထားလို့ ငါတို့ အသည်းအသန် လိုအပ်နေတဲ့ ဟာမလေးမှန်း မင်းသိလျက်သားနဲ့

မင်းကိုငါနိုင်းထားတဲ့လုပ်ငန်းထဲ ဒီဟာမလေးကို ဆွဲသွင်းပြီး အတင်းဝင်လိုင်းဖူးတယ်၊ ဒီဟာမလေးကိုဖွတ်ဝင်လုတယ်၊ ဒီအတွက်လည်း ငါမင်းကို သည်းခံလိုက်လျော ပေးခဲ့တယ်၊

ခုဒီတစ်ခါ မင်းဟာ ငါ့ရဲ့ ယုံကြည်မှုနဲ့ လုပ်ပိုင်ခွင့်တွေကို အလွဲသုံးစားလုပ်ပြီး မင်းဒီကောင်မလေးကို လွှတ်ပစ်ဖို့ လုပ်နေတယ်"

ထိုလူကြီးက သူ့ကိုယ်ရံတော်နှစ်ဦးစလုံးဘက်သို့ လက်ညှိုးကို ဘယ်ညာရမ်းခါထိုးကာ လှည့်ကြည့်လိုက်သည်။

"ခုကစပြီး နောက်ပိုင်း ဒီဆရာဝန်ပြောတိုင်း ဘာကိုမှ မင်းတို့ နာခံစရာမလိုတော့ဘူး၊ ကြားလား၊ အမိန့်ကို ငါ့ဆီက ဒါရိုက်ယူ၊ ကျန်တဲ့ကောင်တွေကိုလည်း ပြောလိုက်၊ ကြားလား"

"အားကျွတ်ကျွတ်၊ ကျုပ်၊ ကျုပ် ပြောပါရစေ၊ ကျုပ်ကို နောက်ထပ်လေးရက်လောက်ပေးပါ၊ ကျုပ် ခင်ဗျားရဲ့ အစီအစဉ်တွေ အားလုံး အဆင်ပြေအောင် ဆောင်ရွက် ပေးနိုင်ပါတယ်"

"အံမာ၊ မင်းက ဘယ်လိုလုပ်ဦးမှာမို့လို့လဲ၊ ဒီဟာမလေးကို လွှတ်ပစ်ပြီးနောက်ထပ် မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကို ထပ်ပြီး လက်ဆော့ဦး မလို့မဟုတ်လား၊ ဟေ့ကောင်၊ လက်တွေ မကျတာတွေနဲ့ မင်းဘာမှထပ်ပြီးကွန့်လို့မရတော့ဘူး၊ နောက်နာရီ ပိုင်းလောက်ဆိုရင် အမ်စတာဒမ်ကိုရောက်ပြီ၊ အဲဒီမှာငါတို့ ပစ်မှတ်ကြီးက တက်လာလိမ့်မယ်"

"မူလသတင်းရထားတဲ့ ဂိုသမ်တတ်ကျမှ တက်လာမှာ မဟုတ်ဘူးလား"

"မဟုတ်လို့ပြောနေတာပေါ့၊ ကဲ ဒါပဲ၊ ငါတို့အစီအစဉ်စဖို့ မင်းမှာအချိန်လေးဆယ့်ရှစ်နာရီပဲ ကျန်တော့တယ်၊ မင်းပညာတတ် တစ်ယောက်ပဲကွ၊ နောက်တစ်ခါ ငါကန်တာ ခံဖို့ မသင့်တော့ဘူးလို့ ထင်တယ်"

♛ ♛ ♛

## "ကြင်နာခြင်း၊ စာနာခြင်း၊ ညှာတာခြင်း"

နေနတ်မင်းကို လူဆိုးနှစ်ဦးက တစ်ဖက်တစ်ချက်မှ ထူမ ပေးနေစဉ် ဆရာကြီး မစ္စတာတိုက်ဂါး စကားတိုးတိုးလေး ကပ်ပြောနေသည်။

နေနတ်မင်း ခေါင်းတညိတ်ညိတ် လုပ်နေသည်။

မကြာမီ သူတို့ အခန်းထဲမှ ထွက်ခွာသွားကြလေသည်။

"ဖြစ်ရလေ အစ်ကိုရယ်၊ ဘာတွေများဖြစ်နေကြတာလဲ၊ ဟင်၊ ကျွန်မ အကြောင်းစုံကို သိချင်တယ်၊ ပြောပြပါ"

မှုန်းရွှေစင်က ဒေါက်တာနေနတ်မင်း၏ ဒဏ်ရာများစွာကို ရေခဲထုပ် လေးနှင့် လိုက်ကပ်ပေးနေ၏။

"အင်း၊ ကျွတ်ကျွတ်၊ အေးလေ၊ မင်းနဲ့မဆိုင်ပါဘူးကွာ၊ မင်း ဂိုသမ်ဘတ် ရောက်ရင်သာ မင်းမြို့ရွာကို ပြန်နိုင်အောင် ငါစီစဉ်ပေးထားပါတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာသာ မင်းနဲ့ ငါပြန်ဆုံချင် ဆုံ . . . . . . .'

"ကျွန်မ ဒါတွေ မသိချင်တော့ဘူး၊ ခုသိချင်တာ ခုကိစ္စကြီးထဲမှာ ကျွန်မ ဘာကြောင့် ဝင်ပါနေရသလဲ ဆိုတာရယ်၊ ရှင်က ကျွန်မကို ဘာဖြစ်လို့ ကယ်ထုတ် နေရသလဲဆိုတာတွေပဲ"

"မသိချင်ပါနဲ့တော့ကွာ၊ ငါဆုံးဖြတ်ပြီးသွားပါပြီ"

"အို၊ မရဘူး၊ မရဘူးကွာ"

"မင်းကို လစာအပြည့်နဲ့ အလုပ်က နှုတ်ထွက်ခွင့်ပြု . . . . . . ."

"ဒါပေါ့၊ ရှင့်မှာဒဏ်ရာတွေနဲ့မို့ သနားလို့ ဒီက ကောင်မက သည်းခံနေတာ၊ ရှင်လည်း လူဆိုးဂိုဏ်းဝင်ကြီး တစ်ယောက်ဖြစ်နေပါလျက်နဲ့ မဟုတ်ပါဘူးလို့ ကျွန်မကို လိမ်တယ်၊ ကျွန်မကို ရှင်းပြပါ"

"ငါ မလိမ်ခဲ့ပါဘူး၊ ငါဟာ သူတို့ အနက်ဝတ် သမား တွေထက်ရာထူး ပိုပြီးမြင့်တဲ့အဖြူဝတ်လို့ မင်းကို ဝန်ခံခဲ့ပါတယ်ကွာ၊ ငါ့ဆရာဝန်ဂျူတီကုတ်ကိုကြည့်ပါလား"

"အံမယ်၊ ရှင်က မပီကလာ ပီကလာ ဖြေသွားတာကိုး"

ခေါင်းငိုက်စိုက်ချကာ သက်ပြင်းကြီးများ မှုတ်ထုတ်လိုက်၊ ဆံပင်များကိုတဖျင်းဖျင်းကုတ်လိုက် နှင့် ဒေါက်တာနေနတ်မင်းတစ်ယောက် တော်တော်ကြီးအကြံရခက်နေရှာပါလား။

သူ၏မျက်နှာပေါ်မှချောက်ချားမှုတစ်ခုကိုပါ မှုန်းရွှေစင် တွေ့နေရသည်။

သူမ တတ်နိုင်သည့်ဘက်မှ သူ့ကို ကူညီချင်စိတ်များပင် အလိုလိုပေါ်လာကြောင်း ကိုယ့်ကိုယ်ကို မသိလိုက်ပေ။

"ကဲ၊ ကျွန်မကို ပြောပြဖို့သင့်နေပါပြီ၊ မပြောမချင်းကျွန်မ ဒီအတိုင်းပဲနေနေမယ် "

"အေးလေ၊ ခက်တော့တာပါပဲ၊ မင်းပြန်ဖို့သာ စဉ်းစား ထားပါကွာ၊ ငါနဲ့ ဆက်နေရင် မင်းဒုက္ခတွေ တွေ့လိမ့်တော့မယ်"

"ဟုတ်ပါပြီ၊ ဒါပေမယ့် ကျွန်မလေ ရှင့်အကြောင်းကို တအားကြီးစိတ်ဝင်စားနေမိပါပြီရှင်၊ ပြီးတော့ ရှင်တစ်ယောက်တည်း ကျန်ခဲ့မှာကိုလည်းကျွန်မစိတ်ထဲမှာ စိတ်မချသလို ဖြစ်နေမိပါပြီရှင်"

"ထားလိုက်ပါတော့ကွာ"

"ရှင်က ကျွန်မကို ရှင့်ဘဝနဲ့ ထပ်တူပြုပြီးတောင် သဘောထားသေးတယ်ဆိုရင် ကျွန်မကို ရှင်ရဲ့ ဘဝထဲက ကိုယ်ပွားလေး တစ်ယောက်လို သတ်မှတ်ခံစားပြီး ပြောပြဖို့ သင့်ပါတယ်ရှင်"

"......."

"ပြော လေ လို့"

"အင်း၊ ဒါဆိုရင်လည်း"

"ပြောလေလို့ ဆိုနေ"

"ဟုတ်ပါပြီလေ၊ အင်း၊ ဒီလိုကွ၊ မင်းကို တစ်ယောက်ယောက်က

အလွန်ကို လိုချင်နေတယ်''

''ရှင်၊ ကျွန်မကို''

''ဟုတ်တယ်''

''ဘာဖြစ်လို့''

''သူ ကြိုက်လို့ ဖြစ်မှာပေါ့''

''ရှင်ကလည်း ကျွန်မကိုရွဲ့ပြီး ပေါက်ကရ မပြောပါနဲ့ရှင့်''

''ပေါက်ကရပြောလား မပြောလား၊ မင်းခု ခွေးပြေး ဝက်ပြေး ထွက်ပြေး နေရတာကိုပဲ ကြည့်လေ၊ အဲဒါ ဘာကြောင့်လဲ''

''ဟယ့်တော့ ....... ဟုတ်ပါပြီရှင်၊ ဆက်ပြောပါ''

''မင်းကို ဘာဖြစ်လို့လဲမသိဘူးကွ၊ ငါ အမှန်တွေကိုပဲ ပြောချင် လာတယ်''

''ဟော့တော်၊ အမှန်တွေကို ခုမှပဲ ကြားရဦးတော့မှာလား''

''ငါ ပါဝင်ပတ်သက်နေတဲ့ အစုအဖွဲ့ကြီးဟာ တရားဝင် လုပ်ငန်း အတော်များများကို လူမြင်သူမြင် ဖန်းပြထားပြီး အဲဒါရဲ့နောက်ကွယ်မှာတော့ တရားမဝင် လုပ်ငန်းတွေကို အထူး လုပ်ဆောင်တယ်ကွဲ့''

''ရှင်ဆိုလိုချင်တာ ကျွန်မဟာ လူမှောင်ခို ကုန်ကူးခံရမယ့် သဘော မျိုးကိုပါ ဆိုလိုနေသလား''

''ဟုတ်တယ်''

''ဟင်၊ လုပ်ရဲလှချည်လားရှင့်၊ တရားဥပဒေဆိုတဲ့ လူသား အချင်းချင်း အကာအကွယ် ပေးထားတဲ့ မမြင်ရတဲ့ ဒိုင်းလွှား ချပ်ဝတ်တန်ဆာပလာ အကာအကွယ်တွေက ဒီသဘောကြီးပေါ်မှာ မရှိ လို့လားရှင့်''

''မရှိဘူးတော့ ဘယ်ဟုတ်ပါ့မလဲ၊ ရှိတာပေါ့၊ ဒါပေမယ့် ဘယ်ခေတ် ဘယ်ကာလ ဘယ်နေရာမှာမဆို ပိုက်ဆံတွေ အများကြီး ရှိမယ် .......

မတော်မတရား လောဘဆိုးတွေရှိမယ် .......

ဥပဒေကို လက်တစ်လုံးခြားလေးနဲ့ ဖောက်ဖျက်ချင်တတ် သူတွေရှိ နေသမျှ ကာလ ပတ်လုံး အပြစ်မဲ့တစ်ပါးသူတစ်ချို့ဟာ လုံခြုံမှုမဲ့နေတတ်ကြလေ့ ရှိစမြဲ မဟုတ်လား''

''ကျွန်မကို ဘယ်လိုလူမျိုးက လိုချင်ရတာလဲ''

''ဘယ်လိုလူစားမျိုး ဖြစ်ရမလဲကွယ်၊ ပိုက်ဆံတွေ ဘုံးဘောလအော

သုံး မကုန်အောင်ရှိပြီး စိတ်ထင်ရာ မထိန်းသိမ်းဘဲ လုပ်ချင်တတ်လေ့ရှိကြတဲ့ စိတ်ရောဂါ သမားတွေပေါ့''

''အို၊ ဒီလိုလူစားတွေကြောင့်မို့ ကျွန်မ ဌာနထဲမှာတင် စက်ရုပ်ဖြစ်နေကြတဲ့ သူတွေနဲ့ ကျွန်မဘာမှလုပ်လို့ မရဘဲ အခက်အခဲတွေ အများကြီးကြုံခဲ့ရတာကိုး''

''မင်းကို သိပ်လိုချင်နေတဲ့ အဲဒီလူကလည်း တို့ဆရာကြီးရဲ့အနက်ဝတ်အဖွဲ့ထဲကို အလွန်များပြားတဲ့ငွေပမာဏနဲ့ အမှာတော် ပါးထားလေတော့ မင်းလေးခမျာ အသေအလဲ ပြေးနေခဲ့ရ ပါကောလား။ ငါ ဝင်ပါပေးနေသမျှတော့ မင်းလေး အသက်ရှူပေါက်လေး ချောင် နေသေးတာပေါ့။ နို့မို့ဆိုရင်တော့ အသေ ရရ အရှင်ရရလိုက်နေကြတဲ့ အနက်ဝတ်တွေရဲ့လက်ထဲ ကွိခနဲ ပဲပေါ့လေ''

''ဒါဖြင့် ကျွန်မကို ရှင်က ကယ်တင် ထားရတယ်ဆိုတဲ့ သဘောလား''

''ကယ်ထားတာ မဟုတ်ဘူး။ ဝယ်ထားတာ''

''ရှင်''

''မင်းကို ငါ့ဘဝနဲ့ ချိန်စက်ပြီးကို ဝယ်ထားတာ''

''ရှင်၊ ကျွန်မ နားမလည် ....... ''

''အေး၊ မင်းလေးမှ မဟုတ်ဘူး၊ ငါကိုယ်တိုင်လည်း မင်းလေးကို ငါ့ဘဝနဲ့ ထပ်တူထပ်မျှ ချိန်စက်ပြီး လုံခြုံမှုတွေ နွေးထွေးမှုတွေ ပေးချင်နေမိတာ ဘာကြောင့်မှန်း ငါ့ကိုယ် ငါလည်း မသိဘူး၊ ဘယ်လိုမှလည်း နားမလည်နိုင်ဘူး''

''ရှင်က ကျွန်မကိုများ ဝယ်ရသလေး ဘာသလေးနဲ့ ကျွန်မက သက်မဲ့ပစ္စည်း ဖြစ်နေလို့လားရှင့်''

''ငါက ဒီသဘော မထားပေမယ့် မင်းကို သက်မဲ့ပစ္စည်း ရောင်းကုန်တစ်ခုလို သဘောထား နေကြတဲ့ သူတွေ ရှိနေကြလို့ပေါ့''

''ဟင်း၊ ဒီသဘော်ကြီးကလည်း ကြောက်စရာကြီး''

''ဒီသဘော်ပေါ်မှ မဟုတ်ဘူး၊ လောကကြီးမှာ အကောင်း အဆိုး အဖြူ အမည်း အလင်း အမှောင် နှစ်တန် ရောနှောနွယ်ယှက် နေတတ်တာ သဘာဝ ပဲကွ .......

မင်းလို အပြစ်ပြောစရာ မရှိလောက်အောင် အင်မတန် လှပတဲ့ မိန်းကလေးတွေအဖို့ ကြောက်စရာတွေ ချည်း ပဲ၊ အထူး သတိထားစရာပေါ့''

''ကျွန်မ အဲသလောက်ကြီးလည်း မလှပဲနဲ့''

"ကြည့် ခက်ပြီ၊ ဒီကလေးမကလည်း မထွက်တိုင်ပေါ် တယ်တက်ချင်"

"အဲ၊ နေပါဦး၊ ဒါနဲ့ စောစော က အသက်ကြီးကြီးနဲ့ လူကြီးဟာ ဘယ်သူလဲ ဟင်"

"စောစောကဆရာကြီးဟာ ငါ့ရဲ့ ကျေးဇူးရှင်ဆရာကြီးပဲ၊ မစ္စတာတိုက်ဂါး လို့ခေါ်တယ်၊ တရားဝင် လုပ်ငန်းရှင်ကြီးတစ်ယောက်အဖြစ် အမည်ခံပြီး ပိုက်ဆံ မျိုးမျိုး မြက်မြက်ရတဲ့ တရားမဝင် လုပ်ငန်းဟူသမျှ ဘာမဆို အကုန်လုပ်တယ်"

"ဟယ်၊ ဒါဖြင့်၊ ရှင်၊ ရှင်က ပညာတတ် တစ်ယောက်ဖြစ်ပြီး ဒီလို ဟာတွေနဲ့ အပေါင်းအသင်းဖြစ်နေတာ ကျွန်မ အလွန်အံ့ဩ ....... "

"ဟိုးတစ်ချိန်က သူဟာ ငါ့အဖေရဲ့အသက်၊ ငါ့အမေရဲ့ အသက်တွေကို ကယ်တင်ထားခဲ့ဖူးတယ်၊ ပြီးတော့ ငါ့အဖို့ ဒီလို လူတစ်လုံး သူတစ်လုံး ဘဝကို ရောက်လာအောင်လည်း သူပဲ မြေတောင်မြှောက် ရေလောင်း ပေါင်းသင် ပျိုးနှုတ်ပေးနဲ့ သေသေချာချာ ပြုစု စောင့်ရှောက်ပေးနေခဲ့တာ"

"ရှင့်ကို အသုံးချချင်လို့ အကျိုးလိုလို့ ညောင်ရေလောင်းခဲ့တယ် ဆိုတာ အသိသာကြီးဥစ္စာကို၊ အဲဒါနဲ့ပဲ ရှင်လည်း ပညာတွေလည်း ပြည့်စုံရော သူနိုင်း သမျှ ကျေးဇူးတွေကို ဗန်းတင်ပြီး တရားဝင်တာရော၊ တရား မဝင်တာပါ အကုန်လုပ် ပေးနေရတော့တာပဲ မဟုတ်လား"

"မင်းကွာ၊ အဲသလိုကြီးတော့ မပြောပါနဲ့၊ ငါ့မှာ ပညာသည် စိတ်ဓာတ် တွေ အပြည့် အဝ ရှိပါတယ်ကွ"

"ဆောရီး၊ စိတ်မရှိပါနဲ့ရှင်၊ ကျွန်မလည်း ရှင့်ဘက်ကနေ နာလုံးပေါက်ပြီး ပြောမိသွားရတာပါ၊ ကဲ၊ ရှင် ဘာတွေဖြစ်နေသလဲ ဆိုတာ ကျွန်မသိပြီ၊ ကျွန်မကို ရှင်ဝယ်ထားတဲ့အတွက် ရှင့် ဆရာကြီး မစ္စတာတိုက်ဂါး ဦးကျားကြီးကို ဘဝနဲ့ ရင်းပြီး ဘယ်လောက် ပေးရသလဲ"

"ငါ့ ဘဝတစ်သက်တာလုံး သူခိုင်းတာမှန်သမျှ အလုပ်လုပ် ပေးရမယ်၊ နှုတ်ထွက်ခွင့် မရှိ"

"ဟယ်၊ ဖြစ်ရလေရှင်၊ ကျွန်မအပေါ် ဒီလောက်တောင်တန်ဖိုးထား ရသတဲ့လား"

"ငါလည်း ငါ့ကိုယ်ငါ ဘာဖြစ်လို့မှန်းကို စဉ်းစားလို့ မရဘူး၊ ငါရင်ထဲက မင်းလေးကို နည်းနည်းမှ ဒုက္ခ မရောက်စေချင်ဘူး"

"ဟင်း၊ အပိုတွေ၊ ဒီက ကောင်မလို သာမာန် မိန်းကလေး တစ်ယောက်

အတွက်နဲ့များ ရှင့်ရဲ့ အဖိုးတန်လှတဲ့ ဘဝကြီးနဲ့ ချိရသတဲ့လားရှင်၊ ကျွန်မကို တမင်သက်သက် လုပ်ကြံပြီး ဒီလိုပြောနေလို့ ရှင့်အဖို့လည်း သိပ်ပြီး အကျိုး ရှိလာမယ် မထင်ပါဘူး''

''ငါ့ရင်ထဲက အမှန်ပြောနေကြောင်းကို ပြောပြတာပဲလေ၊ အချိန်တန် တော့ သိလာရမှာပေါ့လေ၊ ကဲ ထားပါတော့လေ၊ မင်း ကိုငါ လွှတ်ပေးပါမယ် ကံ မကုန်ရင် ပြန်ဆုံကြသေးတာပေါ့ကွယ်''

''ရှင်ပါ တစ်ခါထဲ ပြေးပါလားလို့''

''ငါ့ကို မေ့ထားလိုက်ပါကွာ''

''ဒါဆို ကျွန်မလည်း ရှင့် နားကနေ တစ်ဖဝါးမှ မခွာဘူး''

''ရော်၊ ခက်ပါရောလားကလေးမရယ်၊ ကဲ၊ မင်း နားလည့်အောင် ငါပြောပြပါ့မယ်၊ မင်းလေးကို အနက်ဝတ်တွေ ကြားက ရောင်းအစား မခံရအောင် ဖွတ်ဆွဲထုတ်လာပြီး ငါ့အလုပ်ထဲ အတင်း အလုပ်ခန့်ခဲ့တာ မှတ်မိသေးလား''

''ဟုတ်ကဲ့''

''တကယ်တော့ မင်းလေးရဲ့ အလုပ်က ဒါလေးနဲ့တင် ပြီး သွားတာ မဟုတ်သေးဘူးကွ၊ အဓိက အလုပ်ကြီးက ခုမှလာမှာ''

''ရှင်''

''ဒီထက် ခက်ခဲတဲ့ ဒီထက် အများကြီး ရင်းနှီးရမယ့် ဘေးအန္တရာယ် အင့်မတန်ကြီးမားတဲ့ ဒီထက် စွန့်စား ရုန်းကန်ရမယ့် အလုပ်ကြီး တစ်ရပ် ရှိနေသေးတယ်''

''ရှိသေးတယ်၊ ဟုတ်လား''

''ငါ့ဆရာကြီးရဲ့ အလွန်အရေးကြီးတဲ့ အလုပ်တွေထဲက အလုပ် တစ်ခု လို့ ဆိုနိုင်တယ်''

''ရှင်''

''အဲဒါကိုပဲ ငါက မင်းကို ရှေ့ဆက်ပြီး အလုပ်လုပ်ခိုင်းဖို့ရာ မူလ ကတည်းက ရည်ရွယ်ချက် မရှိဘူး၊ ရုတ်တရက်ဖြစ်လာတဲ့ အခြေအနေနဲ့ ဆန္ဒကြောင့် မင်းကို ငါ့ရဲ့ အလုပ်ထဲကို ယာယီ ဆွဲသွင်းလိုက်တာ၊ ခုတော့ မင်းကို ဒီသင်္ဘောကြီးဆီက အမြန်ဆုံး လွှတ်မြောက်ဖို့ အချိန် ရောက်လာပြီ၊ မင်းလေး အဲသလို လွှတ်မြောက်သွားတဲ့အခါ. မင်းနေရာမှာ တို့အဖွဲ့သားထဲက ဒီအလုပ်လုပ်ဖို့ ဆန္ဒရှိသူ မိန်းကလေးတစ်ဦးဦးနဲ့ အမြန်ဆုံး အစားထိုးအသုံးပြုဖို့

ကိုယ့်ဘာသာ ကိုယ်စီစဉ် နေမိတယ်''

''ဒါကိုပဲ ရှင့်ဆရာကြီးက စိတ်ဆိုးပြီး ရှင့်ကို လာချတာ မဟုတ်လား၊ အချိန်လည်း မရှိတော့ဘူးလို့ ပြောတယ်''

''ဟုတ်တယ်၊ သူနဲ့ငါ သဘောတူညီမှု ယူထားခဲ့စဉ်က မင်းကိုတဏှာရှူး မဟာသူဌေးကြီးထံသို့ ရောင်းစားမယ့် အစီအစဉ်ကိုသာ ဖျက်သိမ်းလိုက်တာပါ၊ ငါ့လက်ထဲမှာတော့ မင်း ဆက်လက်ပြီး ရှိနေရမယ်လေ၊ ရှင်းရှင်းထပ်ပြောရရင် ငါနဲ့သက်ဆိုင်တဲ့ ငါ့ရဲ့အလုပ်ထဲမှာ မင်း အလုပ်လုပ်ဖို့ ဆက်လက်ရှိနေစေရမယ်ပေါ့၊ ခုတော့ ငါက လွှတ်ပစ်မယ်ဆိုရင်''

''လူတွေကိုများ ဝယ်လိုက်၊ ရောင်းလိုက်နဲ့ ကျွန်ခေတ် ကိုများ ရောက်နေကြတဲ့ အတိုင်းပဲ၊ ရိုင်းလိုက်လေရှင်''

'' ငါအလွန်လိုချင်နေတဲ့ ကောင်မလေးကိုမှ အမှာ အော်ဒါ က တိုက်တိုက်ဆိုင်ဆိုင်ကြီးပဲ လာကျနေရတယ်လို့ကွာ၊ ဒါ့ကြောင့် မင်းကို ရောင်းစားခံရမှာစိုးလို့ မစွတာတိုက်ဂါးနိုင်းထားတဲ့ ငါ့အလုပ်ထဲ ဖွတ်ဆွဲသွင်းလိုက်တာ၊ ခုတော့ ရှေ့တိုးလည်းထမ်းပိုး၊ နောက်ဆုတ်လည်း လှည်းကျိုး မဖြစ်ရအောင် မင်းလေး လွတ်ရာ ကင်းရာ မြန်မြန်သာ ပြေးပါတော့''

''ဒါနဲ့ ကျွန်မက ဘာအလုပ်တွေကိုများ ဆက်ပြီး လုပ်ရဦး မှာမို့လို့လဲ''

''အင်း''

''ပြောလေလို့''

''........''

''ပြောလေ''

''မယားတွေ မှိုလိုပေါက်နေတဲ့ ဘီလျံနာကြီးတစ်ဦးရဲ့ မယား အတု''

''ရှင်''

♛ ♛ ♛

"အစီအစဉ်ပြောင်းသွားသောဘီလျှံနာကြီး"

မနေ့ညက ဝင်လာသော သတင်းကို ကြားရပြီးကတည်းက ဘီလျှံနာကြီး မစ္စတာမိုက်ကယ်ဒိုင်းမွန်းခမျာ အလွန်အမင်း စိတ် ထိခိုက်ခဲ့ရသည်။

ချစ်ဖနီးလိုင်လာမှာ အချစ်ရေယဉ်ကြောတစ်ခုကြား စီးမျော နေသတဲ့။

ဟိုးအရင် တော်တော်ကြာကြာတုန်း ကတည်းကလည်း သည်လိုရှုရှုသည့် ခံစားချက်များကို နစ်နစ်နဲနဲ ထိရှခဲ့ရသည်မှာ အကြိမ်ပေါင်း မနည်းတော့ပါ။

ခုတော့ သူ့ရင်ထဲမှ ထိထိရှရှ မျက်မျက် စူးစူး ခံစား ချက်များ ပေးနေလေသော သည်အချစ်ဆူးကို သည်အတိုင်းထားလို့ မဖြစ်ချေတော့။

အပြီးတိုင်နုတ်ပစ်လိုက်ဖို့သာ ရှိတော့သည်။

ထို့ကြောင့်လည်း သူ၏ မူလ ရည်မှန်းထားသော ဂိုသမ်တာတ်ဆိပ်ကမ်းမှ သင်္ဘောတက်ရမည့် အစီအစဉ်ကို ဖျက်သိမ်း လိုက်သည်။

ပေါင်ခမီး လေး ငါးနာရီ စီးပြီး ရှေ့ဆိပ်ကမ်း ဆီသို့ကြိုတင် ဦးအောင် သွားမည်။

မြန်မြန်လေး ပွဲသိမ်းလိုက်တာ ကောင်းမည်။

♛ ♛ ♛

## လိုင်လာ အဆွဲခံရခြင်း

ခွေးကလေးပေါက်စ ဟောင်သံလေးများကို စူးစူးရှရှလေး ကြားလိုက်ရသည်။ ဒါ ဖုန်းခေါ်သံ ရင်းတုန်းလေးပါ။

ကြားလိုက်ရတိုင်း လိုင်လာ ကြည်နူးသွားရစမြဲ။

ဂျာပူလာနီနှင့် ပူပူဇီလာ။

တောင်အာဖရိကနိုင်ငံ ကမ္ဘာ့ဖလားဘောလုံးပွဲကြီး သင်နွှဲခဲ့ကြစဉ်အခါက ပေါက်ဖွား မွေးဖွားခဲ့လေသော ခွေးလေး နှစ်ကောင်။

အကြီး တစ်ကောင်၏အမည်က ထိုပွဲများမှာ သုံးခဲ့သော နာမည်ကျော် ဘောလုံး၏ နာမည်။

အငယ်တစ်ကောင်၏အမည်ကတော့ ဘောလုံးသမားတွေ သာမက ငြည့်သည် ပရိသတ်များ၏ကြား ထိုစဉ်က အင်မတန် တံခိုးထွားခဲ့သော ရိုးရာ နဲ့၏ အမည်။

ထို ခွေးကောင်လေးကလည်း နဲ့ အမည်နှင့်လိုက်အောင် အလွန် အဟောင် ကောင်းလှသည့် ခွေးကောင်။ ခုတော့ ကြီးလာကြပြီ။

ထိုကောင်ကြီးနှစ်ကောင် ပေါက်ခါစ သေးသေးလေးတုန်းက လိုင်လာ ချစ်မြတ်နိုးလွန်းလှသဖြင့် အသံဖမ်းထားပြီး အမှတ်တရ တခုတ်တရ လုပ်ခါ ဖုန်းထဲ ထည့်ထားသော ကိုယ်ပိုင် ရင်းတုန်း ဖုန်းခေါ်သံလေးပါ။

"လိုင်လာ ဖုန်းလာ နေတယ်ဟေ့"

စိန်စာပေ

"ဟုတ်ကဲ့ ဒါလင်"

ချုပ်ထားသောဖိနပ်ရပြီ ဖြစ်ကြောင်း အသိပေးခြင်းပါ။

လိုင်လာ ဖုန်းကို ပိတ်လိုက်ပြီး ဂါဝန်အိတ်လေးထဲသို့ ပျင်းရိစွာ ထိုးထည့်လိုက်သည်။

ယောက်ျားရှိနေသေးသခိုက် အပြင်ထွက်နေ၍ မဖြစ်သေး။

ယောက်ျားဖြစ်သူ ဘီလျံနာကြီး မစ္စတာ မိုက်ကယ် ဒိုင်းမွန်းကတော့ ခရီးရောက် မဆိုက် သင်္ဘောကြီး၏ ရုံးခန်းဆီသို့ သွားရန် ပြင်နေသည်။

သင်္ဘောအကြီးအကဲ ကပ္ပတိန်ကြီးက ပတ်စ်ပို့ ကိစ္စနှင့် ပတ်သက်ပြီး ရုံးခန်းကြီးထဲတွင် ဆွေးနွေးစရာ အချက်အလက်များ ရှိနေသဖြင့် ဖိတ်ခေါ်ထားခြင်း ဖြစ်၏။

လိုင်လာက အိပ်စက်ရင်း ကျန်ရစ်နေခဲ့သည်။

သူမ၏ ယောက်ျားကြီးက သူမကို အတော်ကြီး စိတ်ဝင်တစားရှိနေသေးဆဲဖြစ်ကြောင်းကို ခရီးရောက်မဆိုက် ထိထိခိုက်ခိုက် သိလိုက်ရသဖြင့် သူမ စိတ် နည်းနည်း အေးသွား၏။

ဒါဖြင့် သူမ ကတော့ရော သည်လူကြီး ဒိုင်းမွန်း အပေါ် စိတ်ဝင်စားပါသေး၏ လော။

အင်း။

အမှန်တကယ် ပြောရလျှင်တော့ ပျင်းနေပါသည်။

သူ့အပေါ်ဝယ် ငွေမှတစ်ပါး ဘာကိုမှ စိတ်ဝင်စား၍ မရပါ။

ရှင်းရှင်းပြောရလျှင် သူ၏နေဂုဏ်သိမ် စည်းစိမ် ချမ်းသာမှုတို့ကိုသာ သူမ အလွန် မက်မော သာယာလှပါသည်။

ထို့ကြောင့်လည်း ထိုစည်းစိမ်တို့ကို နည်းနည်းလေးမှ အပျက်မခံချင်ပါ။

သို့သော်လည်း လောကီယစ်မူး ရသာထူးကိုတော့ မက်မော စွဲမက်တမ်းတ ငတ်မွတ် ဆာလောင် နေပါသေးသည်။

ဒါကတော့ ပြည့်စုံကြွယ်ဝလာပြီဆိုသူတိုင်း အနည်းနှင့်အများ ဖြစ်မြဲ ဓမ္မတာသဘာဝဟု ထင်သည်။

ဒါကို သူမက ဦးနှောက်ထဲ မသွင်းချင်။

ပြောရလျှင် သူမက ယဉ်ကျေးမှု အဆုံးအမနှင့် အထိန်းအသိမ်း ပြုချင်သူ မဟုတ်။ ဤသို့ မဟုတ်ဘူးဆိုတာကိုလည်း သူမ ကိုယ် သူမ သိသည်။

ပျော်ပျော်လေးနေရင်း သည်ဘဝမှာ နေ ပျော်အောင် လုပ်ချင်နေသူပါ။

စည်းစိမ်လည်း မထိခိုက် အပျော်လေးများလည်းလိုချင်။

ချစ်သူ ပတ်လည်ဝိုင်းကာ လှည့်ပတ် နေချင်သည်။

အကြာကြီးတော့ မဟုတ်။

ဝမ်းအာဖတာ အနားသား။

တစ်ယောက်ညောင်းလျှင် တစ်ယောက်ပြောင်းမည်။

သရက်သီးတောင်မှ ရိုးရိုးတန်းတန်း ပြောင်မစားဘဲ တိတ်တိတ်လေး နိုးစားရပါမှ ပိုချိုသည်ဟူသော ဆိုက်ကို စိတ္တဇ ရှိသူ။

ဩော်၊ တိုက်တိုက်ဆိုင်ဆိုင်ရယ်။

ဖြစ်ချင်တော့ သူမ အလွန်ချစ်ခင် စွဲလမ်းလွန်းရသည့် ငယ်ချစ်ဦးကလည်း သည်သင်္ဘောကြီးပေါ်ဝယ် တိုက်တိုက်ဆိုင် ဆိုင်ကြီး ပါလာလေတော့ ရင်ခုန် မောလျ ဆူဝေမူးမူး ငယ်ချစ်ဦးနှင့် ချစ်ရည်ရွှင်လူး မြူးပျော်ချင်လိုက်ပါပေ့။

ခုလည်း ဘာကိစ္စနှင့်များ ဖုန်းဆက် အခေါ်ရှိလေသည် မသိ။

ခုချက်ခြင်း ဆေးခန်းကြီးဆီသို့ အရောက်လာပါ ဟူ၏။

သူ နေမကောင်းများ ဖြစ်နေလေလို့လားမသိ၊ ချိုမြပိုပိ သူ့အသံကောင်းကောင်း ကြည်ကြည်က မကောင်းဘဲ အက်ရှရှနှင့်။

ဓာတ်လှေကားက အပေါ်ဘက်သုံးထပ်မှ ဆင်းလာပါပြီ။

ဓာတ်လှေကားထဲသို့ ဝင်လိုက်သည်။

ဓာတ်လှေကားထဲမှာ ကုတ်အင်္ကျီ အနက်နှင့် မျက်နှာ ပေါက်ဆိုးဆိုး လူတစ်ယောက် ပါလာသည်။

ဓာတ်လှေကားတံခါး ပြန်၍ပိတ်သွားသည်နှင့်

"အမလေး၊ အိုးမိုင်ဂေါ့"

လိုင်လာတစ်ယောက် သူမ၏မျက်နှာလှလှလေးကို အဝတ်တစ်ခုဖြင့် နောက်ကျောမှ သိုင်းဖက် အုပ်ခြင်း ခံလိုက်ရသည်။ ချက်ခြင်းပင် မူးခနဲ မိုက်ခနဲ ဖြစ်သွားရလေသည်။ သူမကို လဲကျမသွားရန် တစ်ဦးဦးက ထိန်းကိုင် ထားကြောင်းသာ သိလိုက်ရသည်။ စက္ကန့်များ မကြာမီ လောကကြီးနှင့် ခေတ္တ အဆက်အသွယ် ပြတ် တောက်သွားလေသည်။

♛ ♛ ♛

စိန်စာပေ

## "ဘီလျံနာကြီး ကတော်"

မှုန်းရွှေစင်တစ်ယောက် အိပ်မောကျနေရာမှ တဖြည်းဖြည်းလေး နိုးလာသည်။ အိစက်ညက်ညောနေသော ခုတင်ကြီး တစ်ခုကို သူမ လှမ်းမြင်လိုက်ရသည်။ ထို့ကြောင့် ခုတင်ထက်ပေါ်တွင် သူမ အိပ်မောကျနေခဲ့တာ မဟုတ်သည်မှာ သေချာသွား၏။

ထိုခုတင်ကြီး၏ ခြေရင်း ခပ်ယွန်းယွန်းရှိ နှစ်ယောက်ထိုင် ဆိုဖာရှည်ကြီးထက်ပေါ်တွင် သူမ အိပ်မောကျသွားခြင်းရယ် ပါတကား။

"မောနင်း ဘေဘီ၊ ဘယ်လိုလဲ လိုင်လာ၊ နိုးပြီလားကွ"

ရုတ်တရက်မို့ မှုန်းတစ်ယောက် ခေါင်းနပမ်းကြီး သွားရ၏။

သူမ၏ ရှေ့ခပ်ယွန်းယွန်းတွင် ယောက်ျားကြီးတစ်ယောက် ရပ်နေသည်။

အသံကြီးက မာမာ ဩဩ ဟိန်းဟိန်း၊ သူပြောလိုက်သော အင်္ဂလိပ်စကား၏ လေယူ လေသိမ်းမျိုးကို သူမ ကောင်းကောင်းချည်း မကြားဖူး။

အစားအသောက်ပြုပြင် တည်ခင်းမှုဆိုင်ရာ သင်တန်းတစ်ခုတွင် လာရောက် သင်ကြား ပို့ချသော သင်တန်းဆရာတစ်ဦး၏ လေယူလေသိမ်းမျိုးဟု ထင်သည်။

စကော့ဒီနေးဗီးယားဟုခေါ်သော အနောက်ဥရောပ မြောက်ပိုင်းသားတို့၏ အသံဝဲပုံမျိုး။ သူမ နှာစေးနေသံလေးမျိုးဟန်ဆောင်ပြီး ပြန်လည် နှုတ်ဆက်

လိုက်လေသည်။

မှုန်းရွှေစင်ခမျာ သူမ၏ဘိုလို ပြောလိုက်သံ ဝဲဝဲ တို့ကို လိုင်လာ၏ ဂန္ဓာလရာဇ်သံ ပေါက်နေအောင် ကြိုးစား ပြောချ လိုက်ရသည်။

"မောနင်း ဒါလင်၊ အင်း ကျွတ်ကျွတ် ကျွတ်"

"မင်း အခု သက်သာပြီလားကွ"

ဘီလျံနာသူဌေးကြီးတစ်ဦးဖြစ်သော်လည်း ဝဖောင်း ဖောသွပ် ပွယောင်း တုတ်ပေါ်နေခြင်းမျိုး လုံးဝမရှိ။

ထို့အတူ လှီပိန် ကိုင်းညွတ် နေခြင်းမျိုးလည်း မရှိ။

တတိယ အရွယ်ထဲသို့ အနည်းငယ် ဝင်ခါစ ဖြစ်နေပြီ။

မစွတာ မိုက်ကယ် ဒိုင်းမွန်း။

သို့သော် နဖူးမှ ခံပင်များကတော့ တာ့တာ ပြသွားခဲ့သည်မှာ ကြာမြင့် ခဲ့ပုံရလေသည်။

ဖရိန်လက်စ်မျက်မှန်ကြည်ကြည်များ နောက်ဘက်မှ မျက်လုံးများကမူ အိုမင်းလာခြင်းမျိုး မရှိဘဲ သိန်းငှက်တစ်ကောင်ကဲ့သို့ တလက်လက် စူးရှ တောက်ပြောင် နေ၏။

"ဗိုက်ထဲကတော့ နည်းနည်း အောင့်နေသေးတယ်၊ ပြီးတော့ ခါးကလည်း အကိုက်အခဲ မသက်သာသေးဘူး"

မှုန်းရွှေစင်က နှာသံကိုပေး တိုတိုတုတ်တုတ်လေး ပြန်ဖြေသည်ကိုပင် လင်တော်မောင် ဘီလျံနာကြီးက စိုးရိမ်ဟန် လုံးဝ မပြဘဲ ခပ်အေးအေး မျက်နှာထားနှင့် ခပ်ပါးပါးလေး ပြုံးနေသည်။

"ဆရာဝန်ခေါ်ပါလို့ ညဦးကတည်းက ငါပြောသားနဲ့ မင်းကမှ မခေါ်ချင် တော့ မင်းရဲ့ဒုက္ခက မပျောက်သေးဘဲ ကျန်နေတာပေ့ါ၊ ခုလိုအပ်ရင် ခေါ်ထား"

မှုန်းရွှေစင် နားထဲမှာ ဆူညံတက်လာသော သတိပေးချက် ခေါင်းလောင်း သံများ မနားတမ်း ပေါ်လာလေသည်။

သူ့ကို ကြောက်လွန်း၍လည်း အရေပြားများထက်မှာ ချွေးစေးလေးများ ပွက်လာသလို ခံစားရလေသည်။

ဘီလျံနာ သူဌေးမင်းက ဘာမှ ဆက် မပြောတော့ဘဲ သူ၏ လက်ပ်တော့ ပြားလေးကို ဖွင့်ကာ အာရုံစိုက် နေလေတော့သည်။

အမလေး၊ တော်ပါသေးရဲ့၊ လူကိုလာပြီး ဟိုကိုင် သည်ကိုင်

မလုပ်သေးလို့။

ပြီးတော့ .......။

ဩော်၊ ခက်၊ ဒါကလည်း အဲသလို လာလုပ်ပါ့မလား လို့။

မနှေညက သူမ၏ အဖြစ်အပျက်ကြီးက ချစ်ဇနီးအပေါ် မြတ်နိုးလှပါသည်ဆိုသော သူတို့ ကိုရွှေသကောင့်သား လင်ယောကျ်ားသားများအတွက် တီကိုဆားနှင့် တို့သလို အဖြစ်အပျက်ကြီးရယ် ဥစ္စာကို။

ဖျတ်ခနဲဆို စိတ်က အစ်ကို့ဆီသို့ ရောက်သွားသည်။

အစ်ကို နေနတ်မင်းကြီးရယ်။

အစ်ကို့အတွက် မှုန်းရွှေစင်တစ်ယောက် သူဌေးကတော် ဘဝသို့ တစ်မဟုတ်ချင်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေပါပြီလေ။

သူဌေးကတော် အစစ် လိုင်လာကိုတော့ အစ်ကို့ဆရာကြီးတိုက်ဂါးက တာဝန်ယူ စောင့်သိမ်း ထားလိုက်သည်ဟု သိရသည်။

တရားဝင်တော့ ဟုတ်မည် မထင်။

ခုရက်ပိုင်းကာလလေးများ အတွင်း စိတ်တူကိုယ်တူ ဖြစ်လာခဲ့သော သူမအဖို့ အစ်ကို၏ အခက်အခဲ အကျပ်အတည်းကြီး တစ်ခုအတွက် နစ်နာသည် မဟူ၊ ဆုံးရှုံးသည် မဟူ တစ်စက်လေးမှပင် မငြူစူဘဲ ချက်ခြင်းပင် ခေါင်းလေး ငြိမ့်မိသွား၏။

နှစ်နှစ်ကာကာပါ။

တစ်သက်လုံးမလုပ်ဖူးသော သည်လို စပိုင်အလုပ်မျိုးကို ရဲရဲရင့်ရင့်ကြီးကို လုပ်ဖြစ်နေပါပြီ။ အစ်ကို့အတွက် အသက်ကိုပင် စတေး ဝံ့ နေပါပြီ။

ဒါမျိုးဆိုလျှင် ဖါရင့်နေသော ဆရာဝန် ဒေါက်တာနေနတ်မင်း အမည်ခံ အစ်ကို၏ အနီးကပ် အချိန်တို သေချာပေါက် သင်တန်းပို့ချချက်များအပေါ် လုံးဝဥသုံ အကြွင်းမဲ့ ယုံကြည်နေသောကြောင့်လည်း အပီအကြည် စိတ်ပိုင်း ဖြတ် ဖြစ်သွားခြင်း ဖြစ်ပါလိမ့်မည်။

အခုပဲ ကြည့်လေ။ ကိုယ့်ကိုယ်ကိုပင် အံ့တွေ ဩ မိပါပေ့။

ဆင်ယဉ်ထုံးဖွဲ့ ဝတ်စားပုံများမှအစ ပြောဆိုနေထိုင် ဆက်ဆံပုံများအထိ သူဌေးကတော်မလေး လိုင်လာ အတိုင်း မှုန်း တစ်ယောက် သဏ္ဍာန်လုပ် သရုပ်တူ မှုမကွဲ အံ့ဩစရာ ကောင်း လောက်အောင် ဆင်နွှဲ လှုပ်ရှားနိုင်နေသည် မဟုတ်ပါလော။

အလွန်တိုတောင်းလှသော အချိန်ပိုင်းလေး အတွင်းမှာပင် ရေကူး သင်မည့်သူကို ရေထဲ ဖွတ်တွန်းချသလို ကြောက်အား လန့်အားနှင့် ကဗျာကညစ် စွပ်စက် တတ်မြောက်သွားအောင် စွမ်းဆောင်နိုင်ပါပေ့။

ထိုသူဌေးမမလေးလိုင်လာ၏ ဓာတ်ပုံ အချက်အလက်များ၊ ဗွီဒီယို လွှပ်ရှားမှု ပုံရိပ်များစွာကိုလည်း ဘယ်အချိန်ကတည်းက စုဆောင်း ရှာဖွေ စပ်စုထားသည်မသိ၊ ကွန်ပျူတာ အင်နီမေးရှင်း လှုပ်ရှားမှု ဆော့ဖ်ဝဲ များစွာ၏ အကူအပံ့များဖြင့် ဒါရိုက်တာကြီးက သင်တန်းသူလေး မှုန်းရွှေစင်တစ်ယောက်ကို ချက်ခြင်းဆိုသလို ပေါက်ပေါက်မြောက်မြောက် ဖြစ်သွားစေလေသည်။

ထို့ကြောင့်လည်း နေနတ်မင်းတည်း ဟူသော ဆရာဝန် တစ်ဖြစ်လဲ ဒါရိုက်တာ ဆရာကြီး တစ်ဦး၏ လက်ထပ် ဖဝါးအပ် သင်ကြား ပြသနိုင်သော အစွမ်းကိုများကို ဘယ်တော့မှမေ့လို့ရမည် မထင်တော့ပါပေ။

အထူးသဖြင့်တော့ ......။

သူ တိုးတိုးလေးပြော၍ ပွပွပျာပျာလေး အမှာတော် ပါးရှာသော ဟိုက်ကိစ္စ။

သူမကို သူ အလွန်ကို နမျော တသ တန်ဖိုးထား သည့်သဘော၊

အသေးစိတ် စောင့်ရှောက် စိုးရိမ်တတ်သည့် သဘောပါလား။

ဒါကို သိလိုက်ရသဖြင့် မှုန်းရွှေစင် တိတ်တိတ်လေး ကျိတ်ပြီး အရေထဲ ကြည်နူးမိရသေး၏။ စိမ်ချက်ကြီး စ တင်သည့် ထိုနေ့ညကပေါ့။

ကုတ်အင်္ကျီအနက်ဝတ်တစ်ဦး အစ်ကိုထံလာ၍ ပေးပို့သော အဝတ် အစား များကို အမြန်ဝတ်ဆင်ရလေသည်။

ဒါ လိုင်လာ၏ ရေမွှေးနံ့။

လိုင်လာ့ထံမှ သူတို့ ဘယ်ပုံဘယ်နည်း ယူဆောင် လာသည်တော့ မသိပါပေ။ အရေးထဲ ကျီစားဖြစ်အောင် ကျီစားလိုက်သော အစ်ကို့ကိုလည်း စိတ်တိုမိသေး၏။

ဘီလျံနာကတော်ကြီးဘဝမှာ သူ့ကို မမေ့ပါနဲ့နော် ဟူ၏။

လိုင်လာ၏ လင်ယောက်ျား ဘီလျံနာကြီးရှိရာ ဒိတ်ဒိတ်ကျဲ အခန်းကြီး ရှိရာဆီသို့ အရောက်လှမ်းလာ လမ်းတစ်လျှောက်မှာ ရင်တွေများဆို ခုန်လှပါဘိ တောင်း။

အစ်ကို့ဆရာကြီး၏ ကွန်ယက် အဆွယ်အပွားများ ဖြစ်ဟန်တူသော သင်္ဘောသန့်ရှင်းရေး ဝန်ထမ်းတစ်ဦးက စကြံတစ်နေရာမှနေ၍ သန့်ရှင်းရေး

လက်တွန်းလှည်းလေးတစ်စီး တွန်းကာ မသိမသာနှင့် လမ်းပြနေ၏။

တံခါးလာဖွင့်ပေးလာသူက လိုင်လာ၏ လင်တော်မောင် မြို့မြို့မားမား ပြောင်ပြောင်ကြီး။

မစ္စတာ မိုင်ကယ်ဒိုင်းမွန်း။

သူ့ကိုအစ်ကိုသင်ပြစဉ်ကတည်းက ဗီဒီယိုပုံရိပ်တွေထဲ အကြိမ်ပေါင်းများစွာ မြင်ဖူးထားသဖြင့် မစိမ်းသော်လည်း သူ့ အဟန့်တွေကိုတော့ အရမ်းရှိန်နေလေတော့၏။

ချစ်ခင်မြတ်နိုး ရှုစဆတိုး၍ မြတ်နိုးထွေထွေ ချစ်မိုးတွေစွေရန်အလို့ငှာ ဒိုင်းမွန်းဦးစိန်က ရွှေရင်ခွင်ကြီးကို ဖွင့်ကာစွင့်ကာ အပြေးလာ ကြိုဆိုရှာပါသည်။

"ဒါလင်၊ ဖိနပ် ရခဲ့ပြီလား"

ရက်ပေါင်းများစွာ ဝေးကွာနေခဲ့ကြရာမှ ကိန္နရာမောင်နှံ နှစ်ဦး လည်း သည်သဘော်ကြီးမှာ တစ်မြန်နှစ်ရက်လောက်ကမှ ပြန်လည် ဆုံဆည်းခဲ့ကြသည် မဟုတ်လား။

ယခုတိုင် ချစ်၍ မဝနိုင်၊ ကြင်နာ၍ မဆုံး။ မြတ်နိုး၍ မပြီး မညည်းတမ်း အသည်းစခန်းမှာ ရှိနေကြဆဲပါလေ။

ဒါကိုပဲ ရိုင်းရိုင်း အပျိုစင်၊

ရင်နုသစ်သီ၊ ဖူးပွင့်စီစ၊

ပန်းလေးသခင် မှုန်းရွှေစင် အသေအလဲ အကြောက်ဆုံးပါ။

သူ့မလေးကို မြတ်မြတ်နိုးနိုး ချစ်စနိုး ပွေ့ဖက်ထားလေသည့် လင်တော်မောင် ရွှေထိပ်ပြောင် ဘိုဖြူကြီး၏ အလွန် လန့်ဖြန့်သွားသော အသံ ညညကြီးက ရုတ်တရက် ထွက်ပေါ်လာ၏။

"ဟ၊ ဟ၊ ဘာ . . . . ဘာ တွေကျလာတာလဲဟ"

"ဟယ်၊ ဘာပါလိမ့်"

"မင်း၊ မင်းဆီက၊ မင်း . . . ."

"ဟုတ်ပါရဲ့၊ သွေး၊ သွေး တွေ"

"မင်းဆီက . . . ? ? ? . . . . . . ဟုတ်စ"

♛ ♛ ♛

စိန်တာပေ

## "သတ်ဖို့လာခဲ့ပါပြီ"

"ဆရာဝန်ခေါ်ထားတယ်၊ မကြာခင် လာလိမ့်မယ်"

"ရှင်"

မှုန်းရွှေစင် တစ်ယောက် စဉ်းစားခန်း ဝင်နေမိသည်မှာ ဘယ်လောက်ကြာ သွားမှန်းပင်မသိ၊

မိနီအရက် ဘားကောင်တာလေးမှာ လက်ပ်တော့ပ်လေး တစ်ပြားနှင့် ငြိမ်ချက်သားကောင်းစွာ ထိုင်နေသော လင်တော်မောင် ကိုထိပ်ပြောင် ၏ အသံကိုကြားလိုက်ရမှ သတိပြန်ဝင်သွား၏။

အပြင်ဘက်ပင်လယ်ပြင်ကြီးတွင် မုန်တိုင်းရှိနေသဖြင့် သင်္ဘောကြီးမှာ အနည်းငယ် လူးလွန့်နေ၏။

မှုန်းရွှေစင် လှိုင်း မမူးတတ်ပါ။

သို့သော်လည်း ခုတော့ လှိုင်းမူးတတ်ချင်ယောင် ဆောင်ရပါတော့မည်။

ဆရာဝန်လာတော့မည်တဲ့။

မှုန်းရွှေစင်ခမျာ မျက်လုံးလေးများ ဝိုင်းနေလျက်ရှိပါပြီ။

ဆရာဝန်အစစ် တကယ် စစ်ဆေးလိုက်လျှင် သူမ၏ လိမ်ဆင်ကြီးများ ပေါ်သွားရပါ လိမ့်တော့မည်။

မနေ့ညက လင်တော်မောင်နှင့် ချစ်ရေစင် သွန်းလောင်းကာ တူပြိုင်လေ

ကျူမည်လို့ဟန်အပြင်လိုက် အစ်ကို နေနတ်မင်း ပေးထားသော သွေးရေကြည်အိတ်ကို အမိအရ အသုံးချဖြစ်သွားရသည်။

ဉာဏ် အမျှော်အမြင်ကလည်း ကောင်းပါပေ့ အစ်ကိုရယ်။

ဂါဝန်လေးဝတ်ထားသော ပေါင်တံလေး၏ အထက်ပိုင်းလောက်တွင် ထိုအိတ်ကို ခပ်စောစောလေးကတည်းက တိတ် နှင့် ပတ်ထားခဲ့သည် မဟုတ်လော။

လိုအပ်သည့်အချိန်တွင် သူမ ပေါင်ချင်းလိမ်ကာ တိုင်မင် ချိန်သားကိုက် ညှစ်ချလိုက်ခြင်းသာ။

သွေးရည်ကြည်အစစ်များဖြစ်၍ သွေးများထဲမှ သံဓာတ် နှင့်ဟီမိုဂလိုမင် တို့၏ ရနံ့တို့က အရပ်လေးမျက်နှာဆီသို့ ထောင်းထောင်းထအောင် သင်းပျံ့မနိုးခရီးသွားကြပါလေသည်ကော။

သုံးပြီးသွားသော သည်အိတ်များကို သူ့အလစ်မှာ ဘီရိုဒေါင့်ချောင်ထဲ ထိုးထဲ့ ဖုံးဖိပြီး အမြန်ဖွက်ထားရသေးသည်။

မနေ့ညက တော်တော်ကြီးစိတ်ပျက်နေသည့် ဘီလျံနာကြီး သည်နေ့ မနက်တော့ဖြင့် စောစောစီးစီး ဆရာဝန်ခေါ်ထားလေသည် ဆိုပါလား။

လောလောဆယ်တော့ အိပ်ချင်ယောင်ဆောင်နေလိုက်တာ ကောင်းမည်။

♛ ♛ ♛

ဘီလျံနာကြီး သူမကို တစ်ချက်လှည့်ကြည့်လိုက်သည်။

သူ၏ စိတ်ထဲတွင်လည်း နည်းနည်းမှ မကောင်း။

သူ သိပ်ချစ်ခဲ့မိတဲ့ ကောင်မလေးပါလား။

အလိုက်သိ၊ နားလည်တတ်လွန်းလို့လည်း အချစ် တွေပို ခဲ့ရသည်။

ဩော်၊ ဒါတွေ ခုတော့ ပြီးခဲ့ပါပြီလေ။

သူ ဆုံးဖြတ်ချက်ကို မပြင်တော့ပြီ။

သည်ချစ်ရဆုံး ချစ်ဇနီးလေးကိုရော သူမ၏ အချစ်ဖော်ကိုရော လောကကြီးထဲမှာ ဆက်လက်ရှင်သန်ခွင့် မပြုတော့ပြီ။

သဘော်ပေါ်ရောက်လို့မှ ဖင်မနွေးသေး၊ မသက်ာစရာတွေက

ထုတက်လာသည်။

ခုပဲကြည့်လေ၊ မိန်းကလေးတို့၏ ကိစ္စ အာဝေနိက သဘာဝတွေက ကမ္ဘာ့ရာသီဥတုလို ဘာတွေဖြစ်လို့ ဖြစ်နေမှန်း မသိ။

ခုထိ နေမကောင်းချင်သေး တဲ့။

ဒါကိုပဲကြည့်တော့။

ဟုတ်ကော ဟုတ်ရဲ့လား။

ဆိုဖာအိအိကြီးပေါ်မှာ သူမ ငြိမ်ငြိမ်လေး မှေးစင်းနေ၏။

မနေ့တစ်နေ့ကမှ လင်တော်မောင်ကို အလှတရားများ ပြချင်လို့ဟုဆိုပြီး ခွဲစိတ်ပြင်ဆင်ထားပါသည်ဟု ဆိုထားသော သူမ၏ မျက်နှာလေးက ပိုမို ဝင်းမွတ် ချောမွေ့ နုပျိုကာ စွဲမက်ဖွယ် အပြည့် ညှို့အားကြီးမား လှပဲ လှအားနိုင်ရက်ပါပေ့။

♛ ♛ ♛

စိန်စာပေ

## “ဆင်ခြင်စဉ်းစား အသိတရား”

“နေစမ်းပါဦးကွ၊ မင်းနဲ့ ဆရာဝန်နဲ့ သိတာ ဘယ်လောက် ကြာပြီလဲ”

နေ့လည်စာ စားပွဲခန်းမကြီးထဲမှာ ဘီလုံနှာကြီးတို့ လင်မယားနှစ်ဦးအတူ ခန်းခန်းနားနား သုံးဆောင်နေကြစဉ် လင်တော်မောင်ဖြစ်သူကြီးက ရုတ်တရက် ထဖောက်ပြီး မေးလိုက်သည်။ ဘုရား၊ ဘာလို့မေးတာပါလိမ့်။

ရုတ်တရက်ကြီး မေးလိုက်သဖြင့် နဂိုကမှ အလိုလို ကျော မလုံဘဲ ကြောက် နေရရှာသူ မယားအတုလေး မှုန်းရွှေစင်ခမျာ နံဘေးနားမှာ ကားဘီး ပေါက်လိုက်သလို ခံစားလိုက်ရသည်။

“ဟို၊ ဟို၊ သိပ်၊ ဟို၊ မကြာသေးပါဘူး”

ကိုထိပ်ပြောင် စိန်ဒိုင်းမွန်း ကြောင်သွား၏။

ဒါလေး မေးလိုက်ရုံမျှလေး နှင့် လိုင်လာ တစ်ယောက် ဘာဖြစ်လို့ မျက်နှာ အကြီးအကျယ် ပျက်သွားရလေသနည်း။

“သိပ် မကြာသေးဘူး ဟုတ်လား”

မယားအလှအချောလေးဖြစ်သူကို စက္ကန့်တစ်ချက်လေး မျက်တောင် တစ်ချက် အခတ်လေးမှ အလစ် မပေးဘဲ အရိပ်တကြည့်ကြည့် လုပ်နေရသည်မှာ လည်း ဒိုင်းမွန်းအဖို့ မသက်သာလှပါ။

ထို့ကြောင့် သည်းညည်း မခံချင်လှတော့ပါ။ မှုန်းရွှေစင်တစ်ယောက်

လည်း သူမ၏ ကြီးလေးသော တာဝန်များကြားမှာ စိတ်ညစ်လှပါပြီ။

သည်ဘီလျံနာကြီးနှင့် ကြိုတင်ချိန်းဆိုထားသော အထူး ဧည့်သည်တို့၏ ဆွေးနွေးချက် ညှိနှိုင်းချက် သဘောထားကွဲလွဲချက် သဘောတူညီချက် အစရှိသည့် အသေးစိတ် အချက်အလက်များကို မရအရ နိုးယူရမည် ဖြစ်သည်။

ထိုဧည့်သည်ကြီးအလာကို လင်မယားနှစ်ယောက်စလုံး မျှော်နေခဲ့ကြသော်လည်း အချိန်တွေသာ လင့်လာသည် ခုထိပေါ်မလာသေး။ လင်ဖြစ်သူ မစ္စတာ ဒိုင်းမွန်းကတော့ ဧည့်သည်နှင့် အရေးကြီးလှသော ကိစ္စရပ်များ ဆွေးနွေးရန် ချိန်းဆိုထားသည်ဟုသာဆိုသော်လည်း စိတ်အေး လက်အေး ရှိလွန်းနေသည်။

သူတို့ဆွေးနွေးနေကြတုန်း သည်အချက်အလက်တွေကို မှန်းတစ်ယောက် ဘောလ်ပင် ဒစ်ဂျစ်တယ် မှုဗီရုပ်သံ ကင်မရာလေးနှင့် တိတ်တိတ်လေး နိုးပြီး ရိုက်ကူး ရမည့် တာဝန်များကား သူမ၏ ဘဝင်ကို လှိုက် ဆူဝေ နောက်နေစေပါသည်။ အဖိုးတန်လှို့ဝှက်ချက်များကား အလွန် အရေးကြီးပြီး အဖိုးတန်လှမည် ထင်သည်။

သူမသည် ဒါတွေကို ဆရာကြီးတိုက်ဂါးထံ အပ်နှံရမည် ဖြစ်ပါသည်။

သူမအဖို့ ဒါတွေကို အောင်မြင်အောင် ဆောင်ကျဉ်း ယူလာအပ်နှံနိုင်ပါမှ ဒေါက်တာနေနတ်မင်းနှင့် သူမကို ဆရာကြီးဖြစ်သူက ရာသက်ပန် ဖြေလျှော့ လွတ်မြောက်ခွင့် ပေးမည် ဟူ၏။ တကယ်ရော ဟုတ်ပါမည်လား။

အင်မတန်လက်တံရှည်ပြီး ကွန်ယက်များရှုပ်နေသော မစ္စတာ တိုက်ဂါး၏ လက်မှ လွတ်မြောက်ဖို့ဆိုသည်က စဉ်းတောင် မစဉ်းစားရဲဟု အစ်ကိုက ဆိုခဲ့ဖူးသည်။

လှို့ဝှက်ချက်များစွာသိထားသော အစ်ကို့ကို ဆရာကြီးမစ္စတာ တိုက်ဂါးက လွယ်လွယ်လေးနှင့် လက်လွှတ် ခံပါမည်တဲ့လား။

"မင်း ပလတ်စတစ်ဆာဂျရီဆရာဝန်နဲ့ နောက်ထပ်ဆုံစရာ အကြောင်း ရှိသေးလား"

သူမ အာရုံတွေ လွင့်နေပါပြီ။ လင်ဘီလျံနာကလည်း မနားနိုင်။

"ဟင့်၊ ဟင့်အင်း မရှိတော့ပါဘူး"

"မင်း သူနဲ့သိတာ သိပ်မကြာသေးဘူးဆိုတာ သေချာလား။ ပြန်ပြင် ပြောဖို့ ရှိသေးလား"

"ဟို၊ ဟို၊ အဲ ......."

မစ္စတာဒိုင်းမွန်း၏ မျက်နှာကြီးမှာ မည်းခနဲ ဖြစ်သွား၏။

တစ်ခုခု မက မှားသွားပြီမှန်း မှန်း သိလိုက်သည်။

အစ်ကိုတစ်ယောက် သူနှင့်လိုင်လာတို့နှစ်ဦး၏ ပတ်သက် ပုံတို့ကို ရှင်းပြခဲ့ဖို့ လိုနေခဲ့ပါလား။

မစ္စတာဒိုင်းမွန်းကတော့ ဘာမှ ဆက်မပြောတော့ဘဲ ပြုံး ကြည့်နေ၏။

သူ့ အပြုံးက ကြောက်စရာကောင်းလှပါလား။

♛ ♛ ♛

စိန်စာပေ

"ညီမလေး မှန်း၊ အစ်ကိုပါ၊ အရေးကြီးလို့"

သူမ၏ လက်ကိုင်ဖုန်းလေးကို ရင်းတုန်း အသံ မပြည်အောင် အသံတိတ် ဆိုင်းလင့် လုပ်ထားရင်း ဆိုဖာလေးပေါ်မှာ ဆက်၍ မှိန်း နေမိသည်။

သို့သော်ဘိုင်ဘရေးရှင်း အလမ်းဟုခေါ်သော တုန်ခါမှု အားသုံး တယ်လီဖုန်း ခေါ်ဆိုမှုတစ်ခုကြောင့် အသံကိုမကြားရဘဲ သူမ မှေးခနဲဖြစ်နေရာမှ လန့်နိုး သွား၏။

ဖုန်းမြင်ကွင်းလေးကို ကြည့်လိုက်တော့ အစ်ကို အရေးပေါ် ဆက်တာ ဖြစ်နေ၏။

"ဆရာကြီးက မှာလိုက်တယ်၊ ဟိုလူကြီးရဲ့ ဘရိဖ်ကေ့စ် ကိုပဲဖြစ်ဖြစ်၊ လက်ပ်တော့ပ်ကိုပဲဖြစ်ဖြစ် ယူပြီး အစ်ကိုရဲ့ ဆေးခန်းကြီးဆီ အမြန်ဆုံး လာခဲ့ ပါတဲ့၊ မြန်မြန်နော် ညီမလေး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ရှင့်"

"နဂိုမူလ အစီအစဉ်ဖြစ်တဲ့ သူနဲ့ ညှိသည်နဲ့ စီမံချက်မှာ ညီမလေး တာဝန်ကို ဖျက်လိုက်ပြီတဲ့၊ အစီအစဉ်တွေ ပြောင်းသွားပြီတဲ့၊ ကဲ၊ ဒါနဲ့ အခု ဟိုလူကြီး ဘယ်မလဲ"

သူမခမျာ အသံကို တိုးနိုင်သမျှ အတိုးဆုံး အချိန်အခါနှင့် ပြောနေရ၏။

တကယ်တော့လည်း မစ္စတာဒိုင်းမွန်း ကြားသွားဖို့ နေနေသာသာ ဆင် အော်လျှင်တောင် နိုးမည်မထင်။

"အရက်တွေ အရမ်းမူးပြီး မှောက်နေတယ်၊ တုတ်တုတ် တောင် မလှုပ်ဘူး"

"ဟုတ်ပြီ၊ ဒါနဲ့ လွမ်းတယ် ညီမလေးရာ၊ အစ်ကို့ဆီ မြန်မြန်ပြန်ခဲ့နော်"

♛ ♛ ♛

## "အကြံကြီးလှတဲ့ တိုက်ဂါး"

"ကျွန်မ ကျွန်မ ဘယ်ကိုရောက်နေတာလဲ၊ ဒီအခန်းထဲမှာ ဘယ်သူရှိနေသလဲ ဟင်"

လိုင်လာ သတိရလာပြီ။

ခေါင်းထဲမှာ တစစ်စစ် ကိုက်နေသည်။ သူမ ဘာတွေဖြစ်လို့ ဘာတွေဖြစ်ခဲ့မှန်း လုံးဝ မမှတ်မိ။

မျက်စိ နှစ်လုံးဖွင့်လိုက်တော့ ဘာကိုမှ မမြင်ရ။

အခန်း ထဲတွင် တစ်စုံ တစ်ဦး ရှိနေမှန်းတော့ သူမ အလိုလို သိနေသလိုလို ထင်သည်။

အရေးထဲ သဘော်ကြီးက ပင်လယ်ပြင်မျက်နှာပြင် အောက်ရှိ ရေဆွဲလှိုင်းများကြောင့် အနည်းငယ် ဦးစိုက် ဖင်ထောင် ဖြစ် ဖြစ်နေ၏။

"ချစ်လေး၊ ကိုပါ"

"အိုး၊ မိုင်ဂေါ့၊ ရှင်၊ ရှင် ဘယ်သူလဲ"

အမှောင်ထဲမှ ရုတ်တရက် တိုးတိုးလေး ထွက်လာသော ယောက်ျားကြီးတစ်ယောက်၏ အသံကြောင့် လန့်သွား၏။

ထိုသူ၏အင်္ဂလိပ် စကားအသံက သူမ ကဲ့သို့ ပြည်မကြီးပိုင် ကျွန်းတစ်ကျွန်းမှ ပေါက် ဖွားလာသော လူတစ်ယောက်၏ အသံ၊ တရင်းတနှီး ဖြစ်နေသောအသံမျိုး။ ထိုအသံလာရာဘက်သို့ မှန်းပြီးလှည့်လိုက်၏။

"တိုက်ဂါး၊ ရှင်၊ ရှင်၊ ကျွန်မကို ဒီကို ခေါ်ထားပြီး ဘာ၊ ဘာ လုပ် "

"တိုးတိုးလေး ပြောစမ်းပါ အချစ်လေးရယ်၊ မတော်တဆ အခန်း

အပြင်ဘက်ကနေ ကပ်နားထောင်နေခဲ့ရင် သက်သေမကင်းဖြစ်နေပါ့မယ် လိုင်လာရယ်''

''ဘာ၊ ဘာတွေများဖြစ်နေလို့လဲရှင့်၊ ပြီးတော့ တစ်ခန်းလုံးလည်း မှောင်တွေချလို့ ပါလား၊ ကျွန်မရောက်နေတာ ရှင့်အခန်းထဲမှာလား တိုက်ဂါး''

''ကိုယ့်အခန်းတော့ ကိုယ့်အခန်းပဲ၊ ဒါပေမယ့် နေနေကျ အခန်းတော့ မဟုတ်ဘူးကွ၊ ပလတ်စတစ်ဆာဂျရီ ဆေးခန်းကြီးရဲ့ ရှေ့တည့်တည့်က မျက်နှာချင်းဆိုင် အခန်းထဲမှာ ရောက်နေတာ''

''ဘာလုပ်ဖို့ ရောက်နေရတာလဲ ရှင်ရဲ့၊ ကဲ၊ ကဲ မီးလေး ဘာလေးလည်း ဖွင့်စမ်းပါဦး''

''မီးဖွင့်ရင် မလုံခြုံဘူးလို့ ခံစားရလို့ကွ၊ အချစ်ကလည်း ကိုယ် ရှင်းပြပါ့မယ်၊ ဒီလိုကွဲ၊ အချစ်လေးရဲ့ လုပ်ရပ်တွေနဲ့ ခြေလှမ်းတွေကို ချစ်ရဲ့ ယောက်ျားကြီးက ရိပ်မိနေပုံရတယ်''

''ရှင်၊ ဘာရယ် ဘယ်လို၊ ဟုတ်ရဲ့လားရှင်''

''သူ့ကို ကိုယ် အသာလေး လေ့လာကြည့်တော့ အချစ်ရဲ့လှုပ်ရှားမှုတွေကို မသိချင်ယောင်ဆောင်ပြီး ကြိုးရှည်ရှည်နဲ့ လွှတ် ပေးထားတဲ့ သဘောရှိတယ်၊ အချစ်ရဲ့ ချစ်သူ တွဲဖက် ပါတနာ ဘယ်သူဆိုတာ သူ မသိရ မချင်းပေါ့''

''အိုးမိုင်ဂေါ့၊ ဘုရားဘုရား၊ သူ ဘယ်လိုလုပ်ပြီး ကျွန်မ ရဲ့ ခြေလှမ်းတွေကို သိကုန်ရတာလဲ ဟင်''

''မင်းကို သတင်းမှားတွေပေးပြီး သူ့ဘက်ကနေ တန်ပြန် လေ့လာနေခဲ့တာပေါ့၊ ဒါကြောင့်လည်း ခုနောက်ပိုင်း မင်းဆီကရတဲ့ သတင်းအချက် အလက်တွေက ငါတို့အတွက် ဘာအခြေမမြစ်မှ မရှိဘူးဖြစ်နေတာပေါ့''

''သူ့ဘက်က ကျွန်မတို့အပေါ် ဒီလိုသဘောထားတဲ့ အကြောင်းကို ရှင်ကရော ဘယ်လိုလုပ်ပြီး သိရတာလဲ ဟင်''

''အသိသာကြီးပဲကွ၊ အလုပ်တွေသိပ်များနေလို့ မင်းနဲ့အတူ အပျော်ခရီး မလိုက်နိုင်ပါကြောင်း သတင်းလွှင့်ထားခဲ့တယ်လေ၊ အဲသလို သတင်းလည်း လွှင့်ပြီးလို့မှ မကြာခင် သူ မင်း နောက်ကို လိုက်လာခဲ့မယ်ဆိုပြီး မင်းကို တိတ်တိတ်လေး ဆက်သွယ်ခဲ့ပါ ရောလား၊ ထုံးစံအတိုင်းမင်းဆီက အရေးပေါ် အကူအညီလိုလို့ ဆိုပြီးတော့ပေါ့ကွာ''

''ဟုတ်တယ်၊ ဟုတ်တယ်နော်၊ ကျွန်မကတောင် သူ့လိုက်

မလာတော့ဘူးဆိုပြီး ပျော်နေခဲ့သေးတယ်၊ လက်စသတ်တော့ ကျွန်မရဲ့ ကိုယ်ပိုင်အစီအစဉ်တွေ လွတ်လွတ်လပ်လပ်ကြီး ဆွဲပြီးတဲ့ အထိ သူက တမင်သက်သက် စောင့်နေခဲ့တာကိုး''

''နောက်ပြီးတော့ ဒီသဘောကြီးပေါ် လိုက်လာရတဲ့ သူ့ရဲ့အကြောင်းပြ ချက်ကလည်း မင်းတို့ ငါတို့ အကြိုက် အဆီနဲ့ ဝင်းဝင်း သတင်းကြီးတစ်ရပ် ကို အကြောင်းပြလာတယ် မဟုတ်လား၊ ဒီသတင်းကို သူက သူ့လုပ်ငန်း ကွန်ယက် ထဲကနေ တိတ်တိတ်လေး ဖြန့်လိုက်တယ်လေ''

မစ္စတာတိုက်ဂါးက လက်နှိပ်ဓာတ်မီး ပေါက်စလေးနှင့် အခန်းထဲ ဟိုဟိုသည်သည် ထိုးကြည့်နေသည်။

''နိုင်ငံနဲ့ချီပြီး ကြီးမားတဲ့ကိစ္စကြီး တစ်ခုကို အလွန် အရေးကြီးတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်နဲ့ ဒီသဘောကြီးပေါ်မှာ လျှို့ဝှက် ဆွေးနွေးဖို့ ရှိပါတယ်ပေါ့၊ တကယ်တော့လည်း အဲဒီသတင်းကြီးဟာ ကိုယ်တို့ကို ထောင်ဖမ်းတဲ့ ငါးစာပါ၊ ကိုယ့် သတင်း ကွန်ယက်ထဲမှာ ပြန်ဆန်းစစ် ကြည့်ပြီးပါပြီ၊ သတင်းမှား ပေးလိုက်တာပဲ ပေါ့ကွာ''

''အင်းနော်၊ ကျွန်မတို့တော့ သူ့ဆီက လျှို့ဝှက် သတင်းတွေ မရဘဲ သူ့ရဲ့ထောင်ချောက်ထဲမှာကျတော့မယ်၊ ကျွန်မတို့ ဘယ်လို လုပ်ကြမလဲဟင်''

''မပူပါနဲ့ကွယ်၊ ဒါတွေကိုသိလို့ ကိုယ် ကြံစည်ထားပါတယ်၊ မင်း ယောက်ျားရဲ့ ဒေါသတွေအားလုံး တစ်လွဲနေရာ တစ်နေရာဆီကို ရောက် သွားအောင် သေသေချာချာ စီစဉ်ပြီးသွားပါပြီ အဲဒီအခါ မင်းအခု တွဲနေတဲ့သူဟာ ငါမဟုတ်ဘဲ ဘယ်သူဆိုတာ အဖြူအမည်း သဲသဲကွဲကွဲ သူ သိခွင့်ရသွား ပါလိမ့်မယ်''

''ရှင့်က အင်မတန်ဉာဏ်များတဲ့လူ မဟုတ်လား၊ ဆရာကြီးဗိုဗိ အရှောင် အတိမ်း အပုန်းအကွယ် အဖုံးအဖိ ကလည်း ကောင်းလွန်းတော့ မစ္စတာဗိုင်းမွန်း တစ်ယောက်တော့ မျက်စိလည်သွားပြီပေါ့''

''မင်းက ဟောဟိုရှေ့က ဆေးခန်းကြီးကို သေသေချာချာ ကြည့်ထား၊ အဲဒီအခန်းရှေ့ကို မင်းယောက်ျား မစ္စတာဗိုင်းမွန်း ရောက်လာလိမ့်မယ်''

''ရှင်''

♛ ♛ ♛

**စိန်စာပေ**

## "ဝါရင့် စပိုင်မလေး"

မှုးပြပြီး မှောက်လျက်ကြီး ဖြစ်နေရာမှ မစ္စတာဒိုင်းမွန်း ထလာသည်။

ကြည်ကြည်လင်လင် သွက်သွက်လက်လက်။

ချစ်ဖနီး ဟိုကောင်မလေး လိုင်လာ လစ်ထွက်သွားပြီ။

သူ၏ ဘရိဖ်ကေ့စ် လက်ဆွဲအိတ်နှင့် လက်ပ်တော့ပ်ပြားကိုအသာယူပြီး လစ်သွားသည်ကိုး။ သူ ရယ်ချင်လွန်းလှသဖြင့် ဟက်ဟက်ပက်ပက်ကြီး ရယ်ချလိုက်သည်။

ဖြစ်ရလေ လိုင်လာရယ်၊ ခိုးစားလိုက်ချင်သည်မှာလည်း ပျာလို့၊ အသုံးမကျလိုက်ချက် ကျတော့လည်း ချာလို့။ သူ မှုး ပြဲ လဲ နေပြီဟု အပိုင်မှတ်ပြီး သူလင်ငယ်ထံသို့ ဒါတွေကို ပို့ဆောင် ပေးခြင်းပဲ ဖြစ်လိမ့်မည်။

ထို့နောက်တွင် သူ မနိုးသေးမီ၊ အမူးမပြေမီ နေရာတကျ အရောက်ပြန်ထားဖို့ ရည်ရွယ်ထားဟန်ရှိသည်။

တော်တော်လည်း သစ္စာရှိပါပေ့။

အိတ်ထဲက လျှို့ဝှက်ချက်များကိုသော်လည်းကောင်း၊ လက်ပ်တော့ပ်များထဲက အချက်အလက်များကိုသော်လည်းကောင်း။ ဟန်ဘာဂါ စက္ကူပတ်ခွာစားသလို လွယ်လွယ်လေး ခိုးယူ ကူးပွားနိုင်လိမ့်မည်ဟု ထင်ထားပုံရသည်။

ခက်လည်း ခက်လှပါလား၊ လိုင်လာရယ်၊ သူ့မိန်းမကို ဒီလောက်

တုံးလိမ့်၊ ချာလိမ့်၊ ညံ့လိမ့်မည်ဟု ဒိုင်းမွန်း မထင်မိခဲ့။

ခုတော့ ကလေးကလားသာသာ စိတ်အတွေးလေးနဲ့ စပိုင်ဇာတ်လမ်း လုပ်ချင်နေရပါကလား။ အိတ်မှာခတ်ထားသော ဒစ်ဂျစ်တယ်သော့ကို သော့ဝိဇ္ဇာများက ဖွင့်နိုင်ပါသည်ထား၊

လက်ပ်တော့ပ်ကိုတော့ ဘယ်လို လုပ်ပါမည်နည်း။ စကားဝှက် ပွဲစ်ဝို့ဒ်လေးမှ မသိဘဲ ဘာဖိုင်တွေကိုများ ဖွင့်လှစ် ကြည့်ရှုချင် နေရပါသနည်း။

ဒီလောက် အတင့်ရဲလှတဲ့ ဒင်းကလေးတော့ကွာ။

အရေးထဲ သဘော်အခန်းတွင်းသုံး တယ်လီဖုန်း ကလည်း လာနေသေး၏။ ဘယ်သူက ပြောနေမှန်းမသိ။ ဒါပေသည့် တစ်ခွန်းတည်း ပြောလိုက်သည့်စကားက အနှစ်အပြည့်။ မင်း မိန်းမနဲ့ ငနဲ တစ်ကောင်ကို အတူ တွေ့ချင်ရင် ဆာကူရီ ဆေးခန်းဆီသို့ သွားပါဟူ၏။

ရေချိုးခန်းထဲ မြန်မြန်လေးဝင်ပြီး စောစောက ကိုယ်လုံးပေါ် လောင်း ချ ထားခဲ့သော ဂျော်နီဝါ့ကားများကို ဆေးကြော သန့်ရှင်းနေရသေးသည်။

ဟိုတစ်နေ့က သူ၏ အထူးအဆက်အသွယ်လေး လာပို့ပေးထားသော ပန်းသီးခြင်းလေးကို ယူလိုက်သည်။

ပန်းသီးလေးများကို ကြမ်းခင်းပေါ်သို့တစ်လုံးချင်း အသာအယာ ချလိုက်သည်။ အညိုရောင်ဆီစိမ် ကာကီစက္ကူပတ်လေးနှင့်ထုပ်ထားသော အထုပ်လေးတစ်ထုပ် ပေါ်လာ၏။

ဖြည်လိုက်တော့ ဒိုင်းခနဲ မြည်ပြီး ဝုန်းခနဲ ပစ်ကျသွားအောင် စွမ်းဆောင်နိုင်သော ပစ္စည်းလေး။

အသံတိတ်ကိရိယာလေးပါ အဆင်သင့် တပ်ဆင်လျက် ပါလာသည်။

ဒါလေးက လိုင်စင်မဲ့။

စီရင်စရာ ကိစ္စပြီးသည်နှင့် သူတို့နှစ်ဦးအနက် တစ်ဦးဦး၏ လက်ထဲမှာ ဒါလေးကို လက်ဗွေရာ ထင်ထင်လေးဖြစ်အောင် သေသေချာချာ ထိုးထည့် ပေးခဲ့ရုံသာ။ ထိုတစ်ဦးဦးဆိုသူမှာ နောက်ဆုံး မိမိကိုယ်ကို ပြန် ပစ်သတ်သော သူ ဖြစ်ရမည်။

ဒိုင်းမွန်းမြေခွေး ပြုံးလေး ပြုံးလိုက်သည်။

မျက်မြင်သက်သေ ဘယ်သူမှမရှိ နတ္ထိ။

သူ၏ အိတ်ထဲမှာ သူနှင့်သက်ဆိုင်သော အချက်အလက် တစ်ခုမှ

မပါ။ သဘော်ကြီးရှိ ရေကူးကန်ကြီးအနီးမှ ယူလာခဲ့သော ကြေငြာစာရွက်များ။ လက်ကမ်း ပမ်းဖလက်များ အစုလိုက် အထပ်လိုက် ထည့်ထားခြင်းသာ။

တစ်ခုပဲ ပိုသည်။ ဂျီပီအက်စ် ဆစ်ဂနယ် ထရန် စမစ်တာ ဟုခေါ်သော တည်နေရာပြ လျှပ်စစ်ပစ္စည်းလေး။ ဒါလေးက သူ့ ဘရိဖ်ကေ့စ် ချောင်လေး ထဲမှနေ၍ အချက်ပြလှိုင်းများကို လွှင့်ထုတ်ပေးနေလေသည်။

ကိစ္စများပြီးလျှင်တော့ ဒါလေးကို မမေ့ မလျော့ ပြန်သိမ်း ဖို့လိုသည်။

သူက ဟင်းဖုန်း၏ ဂျီပီအက်စ် ဒစ္စပလေးကို ဖွင့်လိုက်သည်။

ကောင်မလေး ဘယ်နေရာသို့ သယ်ဆောင်သွားနေလျက် ရှိကြောင်းကို သူ မျက်ခြေ မပြတ် သိနေပါသည်လေ။ ဖြည်းဖြည်းပေါ့။

သူ၏လက်ကို ခွဲစိတ်ခန်းသုံး လက်အိတ်တို့ကို စွပ် လိုက်သည်။

လောင်းကုတ်အရှည်ကြီးကို ခြုံလွှမ်းလိုက်ပြီး ထိုလက်နှစ်ဖက်တို့ကို အိတ်ထဲ ထိုးထည့်ထားလိုက်သည်။

မြန်လိုက်တဲ့ ကောင်မလေး။

ဆာဂျရီ ဆေးခန်းကြီးရှေ့ကိုပင် ရောက်နေပြီ။

♛ ♛ ♛

ကော်ရစ်ဒါစင်္ကြံမှာတော့ ဘယ်သူမှ မရှိ။

မှုန်းရွှေစင် သုတ်သုတ်လေး ပြေးလာနေပါသည်။

လက်တစ်ဖက်က အိတ်လေးလေးကြီးကို မနိုင်မနင်းဆွဲ၊ တစ်ဖက်က လက်ပ်တော့ပ် ခပ်စီးစီးကြီးကို ပင်ပင်ပန်းပန်းပိုက်နှင့်တော်တော်လေး ဟိုက်သွား၏။

ထို့အတူ သူမ၏ဖြစ်နေကျထုံးစံ သတိပေးသံများကလည်း နားထဲမှာ အလိုလို ဆူညံနေ၏။ တစ်ခုခုတော့မှားနေပါပြီ။

အစ်ကို၏ ဆေးခန်းသို့ရောက်ရန် အတော်ကြီး လှမ်းနေသေးသည်။

အရေးထဲမှာပင် သူမ တွေးတောဖြစ်လိုက်သေးသည်။

သည်အလုပ်ကြီးက ပြောတော့ပဲ အလွန် ခက်သလိုနှင့် ခုတော့လည်း အချဉ်ဖီးယိုထုပ် ဖောက်၍ စားရသည်ကမှ ခက်ဦးတော့မည်။

တကယ်ဆို သည်လိုမျိုးအလုပ်မျိုးကား သည်လောက်လွယ်ပါလိမ့်မလား။

ဘာမဆို ထိုက်တန်သည့် တစ်စုံတစ်ရာရရှိရန်အလို့ငှာ .......

ထိုက်တန်သည့် ရင်းနှီး မြှုပ်နှံမှုဆိုသည်က ရှိရစမြဲ မဟုတ်ပါလား။

ဒါဖြင့် သည်လောက် လွယ်နေပါသည် ဟုဆိုလျှင် ....... ။

♛ ♛ ♛

မစ္စတာဒိုင်းမွန်း ဂေါက်ရိုက်ဦးထုတ်ကို နဖူးရှေ့သို့ ပို၍ငိုက်ပြီး ဆောင်းလိုက်သည်။

ဂျီပီအက်စ်ဒစ္စပလေး မြင်ကွင်းမှာ အထုပ်နှင့်လက်ပ်တော့ပ်တို့ ဂိတ်ဆုံးပြီး ငြိမ်နေကြသလို ဟိုးရှေ့ ကော်ရစ်ဒါ တစ်နေရာမှာလည်း သူ့ပစ္စည်းများ ငြိမ်ငြိမ်လေး ပုံ လျက်ရှိနေကြသည်ကို အတိုင်းသား လှမ်းမြင်နေရသည်။

အခန်း၀အထက်တွင် ကန့်လန့်ဖြတ် အလှဆင်ထားသော ဆိုင်းဘုတ် တစ်ခုရှိသည်။ ပလတ်စတစ်ဆေးဂျရီပြုပြင် ကုသရေးဆေးခန်းတစ်ခန်းဖြစ်သည်ပဲ။

ကဲ၊ ဆရာ၀န်ရေ ငါလာပြီ။ သို့သော် .....။

လိုင်လာ ကရော ဘယ်မှာနည်း။

အပေါက်စပ်မှာ ဒါတွေကို ဘာကိစ္စ ချထားရလေသနည်း။

သည်အနီးအနားမှာ တစ်ယောက်ယောက်တော့ ရှိရမည်။

ထိုစဉ်မှာပင် ဟိုဘက် ကော်ရစ်ဒါဒေါင့်ကွေ့ဆီမှ မိန်းကလေး အသံလေးများ ကြားလိုက်ရသဖြင့် မစ္စတာဒိုင်းမွန်း ဓာတ်လှေကားဘက်သို့ လှည့်လိုက်ပြီး စောင့်ဆိုင်း နေချင်ယောင်ဆောင်လိုက်သည်။

ညှော်သည် အခန်းများကို သန့်ရှင်းရေး ဆောင်ရွက်ရန် တာ၀န်ချိန် ကျလာကြပြီ ထင်သည်။ လက်တွန်းလှည်းလေးများ ကိုယ်စီတွန်းကာဖြင့် ၀န်ထမ်း မလေးများ တပျော်တပါး ထွက်လာကြသည်။

သူတို့ ကျော်ဖြတ်သွားကြသည်အထိ မစ္စတာဒိုင်းမွန်း စောင့်ဆိုင်း

နေလိုက်သည်။ နောက်ပိတ်ဆုံးမှ လိုက်လာသော ဝန်ထမ်းမလေး တစ်ယောက်ကတော့ ဘရိဖ်ကေ့စ်နှင့် လက်ပ်တော့ပ်တို့ ချထားသော အခန်းဝရှေ့တွင် လက်တွန်းလှည်းလေးကို ရပ်လိုက်ကြောင်း တွေ့လိုက်ရသည်။

အခန်းဝတံခါးကိုဖွင့်ပေးရန် လူခေါ်ခေါင်းလောင်းကို နှိပ်နေသည်။ မကြာမီ အခန်းတံခါးပွင့်သွားသည်။ ဝန်ထမ်းမလေးက ဘရိဖ်ကေ့စ်နှင့် လက်ပ်တော့ပ်တို့ကို လက်တွန်းလှည်းလေးပေါ်တင်ပြီး တွန်းဝင်သွား၏။

ခဏအကြာမှာပင် လက်တွန်းလှည်းလေးနှင့် အတူ သန့်ရှင်းရေးဝန်ထမ်းမလေး လာရာလမ်းသို့ ပြန်ပြီး ထွက်သွားလေသည်။

စောစောက ပစ္စည်းများကို ချခဲ့လေသည်ကော။

မစ္စတာဒိုင်းမွန်း နောက်ထပ် အချိန်အနည်းငယ် ထပ်ပြီး စောင့်ဆိုင်းလိုက်သည်။ ခုလောက်ဆို အကောင်နှင့်အကောင်မတို့တော့ ဘယ်မှာရှိနေကြသည်မသိ၊ အခန်းထဲမှာ ရှိနေသည်ကတော့ သူ့ပိုင်ပစ္စည်း နှစ်ခု။

သည်အချက်နဲ့တင် သူ အခန်းထဲဝင်လို့ ရနေပါပြီ။

ခိုးရာပါသူ့ပိုင်ပစ္စည်းများ သည့်အခန်းထဲ ရောက်နေကြလေသည် မဟုတ်လော။

♛ ♛ ♛

''တိုက်ဂါးရေ သန့်ရှင်းရေး ဝန်ထမ်း ကောင်မလေး ပြန်ထွက်သွားပြီးတဲ့နောက် ကျွန်မ ယောက်ျားကြီး ဆေးခန်းအဝ ရှေ့မှာ ရောက်နေပြီတော့''

တံခါးဝ စီစီတီဗွီ အပြင်ဘက်ကြည့် တီဗွီလေးထဲမှ မြင်ရသမျှကို လိုင်လာက မစ္စတာတိုက်ဂါးထံ အချိန်နှင့် တစ်ပြေးညီ သတင်းပို့နေ၏။

''ဟုတ်ပြီ၊ ငါထောင်ထားတဲ့ ထောင်ချောက်ထဲကို ဒါရိုက်ဟာစ်ကို ဝင်သွားတာပဲ၊ လိုင်လာ မင်းဆက်ပြီး စောင့်ကြည့်နေပါဦး''

''ဟယ်၊ ဒါ ရှင့် ထောင်ချောက်တဲ့လား၊ အိုးမိုင်ဂေါ့၊ အဲဒါ ကတော့ဟုတ်ပါပြီ၊ ဆေးခန်းထဲက ဒေါက်တာနေနတ်မင်းကို သွားပြီး ရန်ရှာ နေတော့မှာ ပေါ့ရှင့်''

"ညြ၊ ညြ၊ မင်းက မင်းရဲ့ တစ်ချိန်က ချစ်ခဲ့ရသူကို စိုးရိမ်နေသလား မပူစမ်းပါနဲ့ကွာ၊ ကိစ္စတွေ တစ်ခါတည်း ရှင်းသွားပါလိမ့်မယ်၊ နောက်တော့ စောင့်ကြည့်နေပါ"

"ကျွန်မတော့ နား မလည်နိုင်တော့ဘူး၊ ဒုက္ခပါပဲ"

"အခန်းထဲကနေ အေးအေးသာ စောင့်ကြည့်နေပါကွာ"

ထိုစဉ်မှာပင် မစ္စတာတိုက်ဂါး၏ ဝံဘောင်းဘီအိတ်ထဲမှ ဖုန်း လာသည်။

သူသည်လည်း ဖုန်းကို အသံတိတ် လုပ်ထားပြီး တုန်ခါမှု သက်သက်နှင့်သာ အချက်ပေးစေသည်။

"ဆရာသမား ခင်ဗျားယူခိုင်းတဲ့ ပစ္စည်းတွေ ကျုပ်လက်ထဲကို အကုန်ရောက်နေပြီ၊ လာပြီး ပို့ပေးရမလား"

"မပို့နဲ့၊ မပို့နဲ့၊ နေနတ်မင်း မင်းဆီမှာပဲထား"

လိုင်လာတစ်ယောက် စီစီတီဗွီမြင်ကွင်းထဲမှ မြင်ရသမျှကို ဆက်လက်သတင်းပို့နေပြန်၏။

"ဘာကြောင့်ရယ် မသိဘူး၊ ဟိုလူကြီး ကျွန်မတို့ရဲ့ အခန်းဘက်ကို လှည့်ကြည့်နေတယ်၊ အဲ၊ အဲ၊ ဆေးခန်းထဲက စကားပြောသံကိုလည်း ကြားရလို့နဲ့တူတယ်၊ ဆေးခန်းတံခါးဝကို နားကပ်ပြီး ထောင်နေပြီ"

မစ္စတာတိုက်ဂါးက ဖုန်းကို ဆတ်ခနဲ ပိတ်ချ လိုက်လေသည်။

အရေးထဲ အရာပေါ်လာရမလားဆိုသော သဘောနှင့် စောင်နှင့်အိပ်ရာခင်းကို ဒေါသတစ်ကြီး ဆွဲလွှင့်ပစ်လိုက်သည်။ ခွေးကောင် ဆရာဝန်။

ဘာမှန်းမသိသည့်ပစ္စည်းတစ်ခုခု ကော်ဇောကြမ်းခင်းပေါ်သို့ ဂျလောက်ဂျလက် အသံပေးကာ ပြုတ်ကျ သွားသံကို ကြားလိုက်ကြရသည်။

♛ ♛ ♛

မစ္စတာတိုက်ဂါးတစ်ယောက် ဘာဖြစ်လို့ ရုတ်တရက်ကြီး ဖုန်းချသွားရပါလိမ့်။

ဒေါက်တာနေနတ်မင်းတစ်ယောက် စဉ်းစားရကျပ်သွား၏။

အပြင်ဘက်ကြည့် စီစီတီဗွီ မြင်ကွင်းကို ကြည့်လိုက်တော့ တစ်စုံတစ်ယောက် ရောက်နေသည်ကို တွေ့လိုက်ရသည်။

အလို၊ ဘယ်သူပါလိမ့်။ လက်စသတ်တော့ . . . . . . . ။

မစ္စတာဒိုင်းမွန်းကြီးပါလား။

မြတ်စွာဘုရား။

ဆေးခန်းဝတံခါးကို သည်းကြီးမည်းကြီး ကြည့်နေ၏။

သူ သည်အခန်း ဝသို့ ဘာကြောင့် ရောက်နေရလေသနည်း။

ဘယ်သူက သတင်းပေးလို့ ရောက်နေရ လေသနည်း။

မကြာခင် ဆေးခန်း လူခေါ်ခေါင်းလောင်းခလုပ်ကို နှိပ်ပါတော့မည်။ ဆေးခန်းပိတ်ထားပါသည်ဆိုပြီး ခပ်တည်တည်နှင့် မဖွင့်ဘဲနေလို့လည်း မဖြစ်၊

အဘယ်ကြောင့်ဆိုသော် စောစောက ဝန်ထမ်း ကောင်မလေးက အခန်းဝရှေ့မှာ ပစ္စည်းများ ချထားပါသဖြင့် တာဝန်သိသိ ဝင်ရောက်ပို့ပေးခဲ့လေသည် မဟုတ်လော။

သူ့အခန်းထဲကို ဝင်ခွင့်ပေးလိုက်ပါလျှင်လည်း ထိုလက်ခံ ရယူထားလိုက်မိသော ပစ္စည်းများကို မစ္စတာဒိုင်းမွန်း မြင်တွေ့သွားပေတော့မည်။

ခိုးထုပ်ခိုးထည်နှင့် လက်ပူးလက်ကြပ်မိ နေရပါလိမ့်မည်။

အရေးထဲ ညီမလေး မှုန်းရွှေစင်အတွက်လည်း ပူပန် ရသေးသည်။ သူမကို သယ်ယူလာရန်ခိုင်းထားသည့် ပစ္စည်းများမှာ ဝန်ထမ်းမလေးမှ တစ်ဆင့်ရောက်လာခဲ့ရသည်၊ သူမကတော့ကိုယ်တိုင် လာပို့ခြင်း မရှိပါလား။

သူမလေးက ဘယ်ဆီ ရောက်နေလေသနည်း။

သူမလေးကို ဘယ်သူက ဘာ ဒုက္ခတွေများ ပေးထား လေသနည်း။

ထိုစဉ်မှာပင် နေနတ်မင်း၏မျက်လုံးများက ဘရိုဖ်ကေ့စ်၏ နံဘေး သားတစ်နေရာကို အမှတ်မထင် သတိပြုမိသွား၏။

နှုတ်ခမ်းဆိုးဆေးတောင့်လေးကိုသုံးကာ ဗမာဘာသာ ဗမာစာဖြင့် ခပ်ကြီးကြီးလေး ရေးထားသော စာလုံးလေးများ။

"အစ်ကို ပြေး" ဟူ၏။

♛ ♛ ♛

အခန်းထဲမှ စကားပြောသံ ရုတ်တရက် ရပ်သွားသည်ကို မစ္စတာ ဒိုင်းမွန်း သတိပြုမိလိုက်သည်။ ယောက်ျားတစ်ယောက်ယောက် ဖုန်းပြော နေဟန်ရှိသည်။

ဂျိုးအက်စ် နေရာပြ မြင်ကွင်းကို ကြည့်ပြန်တော့ သူပိုင် ဘရိုဖ်ကေ့စ်နှင့် လက်ပ်တော့ပ်တို့က အခန်းထဲမှာ ရှိနေပါကြောင်း ပြနေသည်။

အခန်းတံခါး၀ လက်ကိုင်ကို အသာအယာလေး ဆွဲဖွင့် လိုက်သည်။

အထဲသို့ရောက်သည်နှင့် တံခါးကို အမြန်ပြန် ပိတ်လိုက်သည်။

အခန်းထဲမှာဘယ်သူမှ မရှိ။

သူ့ပစ္စည်းများကို ဧည့်ခန်းအလယ် စားပွဲလေးရှေ့တွင် ရှင်းရှင်းကြီး မြင်လိုက်ရသည်။ ခန်းနားကြီးကျယ်သောဆေးခန်းကြီးအတွင်းသူ အရောက် သွားချင်ဆုံးသော အခန်းတစ်ခန်းကို အမြန်ဆုံး ရှာဖွေလေတော့သည်။

ထိုအခန်းကို ရောက်ပါပြီ။

အလွန် လှပ သားနားသော အထူးအိပ်ခန်း။

နှစ်ယောက်အိပ် ခုတင်ထက်မှာ ဘယ်သူမှ မရှိ။

ထို့အတူ အိပ်ရာခင်းများကပါ နွေး မနေဘဲ အေးစက်နေ၏။ နှစ်ကောင်လုံး မှုလကတည်းက ဒီပေါ်မှာ ရှိ မနေခဲ့ကြတာ သေချာနေပါ၏။

မစ္စတာဒိုင်းမွန်း အလွန်စိတ်ဝင်စားသွားပါပြီ။

♛ ♛ ♛

"တိုက်ဂါ၊ ကျွန်မယောက်ျား ပြန်ထွက်လာနေပြီ"

စီစီတီဗွီ မှာ အသေထိုင်ရှိုးနေသောလိုင်လာ တိုးတိုးလေး သတင်းပို့လိုက်ပြန်၏။

"ဒါဆို အထဲမှာ ဘာပြဿနာမှ ဖြစ်ပုံမရဘူးကွ၊ ဒါနဲ့ မင်း တစ်ချိန်လုံး ကြည့်နေရဲ့သားနဲ့ ချောချော ငယ်ငယ် ကောင်မလေး တစ်ယောက် မင်းလေးလို ဝတ်ပုံစားပုံမျိုးလေးနဲ့ အဲဒီအခန်းထဲကို ဝင်သွားခဲ့တာများ လုံးဝ မရှိဘူးလား"

"မရှိပါဘူးလို့ ရှင့်ကို ဘယ်နှစ်ခါ ပြောရမလဲ"

"သေပြီ၊ တော်တော်လည်တဲ့ ဟာမလေးပါလား"

"ဘယ်ဟာမလေးလဲ၊ ဘာဖြစ်လို့လဲရှင့်"

"နောက်မှ ငါရှင်းပြပါ့မကွာ၊ ဒီမှာ ငါဆင်တဲ့အကွက်က မဝင်ဘဲ ချော်နေလို့"

"နည်းနည်းတော့ ပြောပါဦးရှင့်"

"ဒီခွင်သာ အောင်မြင်သွားပြီဆိုရင် ငါတို့နှစ်ယောက် ဘဝလွတ်မြောက်သွားပြီကွ၊ မင်းယောက်ျားကြီးကို လူသတ်မှုနဲ့ ထောင်ထဲမှာ တစ်သက်လုံးနေသွားရအောင် ထည့်ထားလို့ရပြီ၊သူ့စည်းစိမ်တွေခံစားရင်း မင်းလည်း တစ်သက်လုံး လွတ်လပ် သွားပြီပေါ့"

"သူက ဘယ်သူတွေကို သတ်ရမှာလဲရှင့်"

"အေး၊ အဲဒါပေါ့ကွ၊ ခု လွဲနေတာ"

"ရှင်"

♛ ♛ ♛

အင်မာကျင်စီ အက်စ်ကိတ်ပ် ဟုခေါ်သည့် အရေးပေါ် ထွက်ပေါက်လှေကားများအတိုင်း နေနတ်မင်း တက်လာနေသည်။

ထိုထွက်ပေါက်လှေကားမှ မစ္စတာဒိုင်းမွန်း တက်လာ၍ မရအောင် အပြင်ဘက်မှ ပိုက်လုံးကြီးတစ်လုံးနှင့် ကန့်လန့် ခံထားခဲ့လေသည်။

သည်အထပ်ရှိ မျက်နှာကျက်ပေါ်တွင် လေးဒေါင့်ပုံစံ လေအေးပေးလေပြွန်ပိုက်ကြီးများ၊ ရေချိုပိုက်ကြီးများ၊ လျှပ်စစ်ဓာတ်ကြိုးများကို သယ်ဆောင်ထားသော ပိုက်ကြီးများ၊ ရေဆိုးထုတ်ပိုက်ကြီးများ၊ ရေနွေးငွေ့ပိုက်ကြီးများ အစရှိသည့် လူနေခန်းများ အတွက် လိုအပ်ချက်များ ထောက်ပံ့ရာ ပိုက်လိုင်းများ ရှိကြ၏။

အောက်ဘက် လှုသွားစကြံဆီမှ အလင်းသဲ့သဲ့လေးများက မျက်နှာကျက် သံပန်းလုလုများကြားမှ ဝင်လာနေကြသဖြင့် စင်္ကြံ လမ်း တစ်မျှော်တစ်ခေါ်ကြီးကို သိသာစွာ မြင်နေရလေသည်။

ဟိုးအပေါ်ဘက်အထိ ဆက်လက်၍ မတက်ဖြစ်သေးဘဲ ဆေးခန်းကြီး ရှေ့ရှိ ကော်ရစ်ဒါစင်္ကြံကြီးထဲမှ အခြေအနေတို့ကို သိချင်သေးသဖြင့် လက်ယာဘက် မျက်နှာကျက်ဆီသို့ ခြေဖွဖွလေးပြုကာ လေးဖက်ထောက်လှမ်းလာခဲ့သည်။

ထိုစဉ်မှာပင် ဆေးခန်းအထက်တည့်တည့်နားရှိ မျက်နှာကျက် သံပန်း အနီးတွင် တစ်စုံတစ်ခုကို တွေ့လိုက်ရသည်။

သူ့ အသားလေး ပုချရင်း ဝမ်းလျား မှောက်လိုက်သည်။

ထိုတစ်စုံတစ်ယောက်က မျက်နှာကျက် သံပန်းလှလှများ ကြားမှ အောက်ဘက်သို့ သည်းကြီးမည်းကြီး ချောင်းမြောင်းကြည့်ရှုနေပါလား။

အို၊ လက်စသတ်တော့ ကောင်မလေး တစ်ယောက်။

ဖုံများ ကျပ်ခိုးများနှင့် ပေပွ မည်းသည်း နေရှာသည်။

မှုလဝတ်ဆင်ထားသော ဂါဝန်တိုတိုနွမ်းနွမ်း လေးမှာလည်း ဘာတွေနှင့် ငြိလို့ငြိပြီး ဖွာလန် စုတ်ပြတ်သတ် နေရသည်မသိ။

တောတွင်းသူ လူရိုင်းမလေးအလား။

အရေးထဲ သူ့မျက်လုံးများထဲမှာ တစ်မျိုးလေး လှနေ၍ ကြည့်မဝ ဖြစ်နေရသေး၏။ ဘယ်လိုကြည့်ကြည့် တကယ်လှတဲ့ ကောင်မလေးရယ်။

သူမလေး ခမျာလည်း ပင်ပန်းလှရောပေါ့။

ဖြစ်ရလေ၊ ကလေးရယ်။

♛ ♛ ♛

မှုန်းတစ်ယောက် ကြောက်လွန်းအားကြီးသဖြင့် လက်ထဲမှာ လေးလံစွာ သယ်ဆောင်လာသော ဘရိဖ်ကေ့စ်နှင့် လက်ပ်တော့ပ်တို့ကို ဆေးခန်းအဝ တံခါးအနီးချပြီးသည်နှင့် အနီးဆုံး အခန်းလေး တစ်ခန်းသို့ အပြေးဝင်ရောက်လိုက်ရသည်။

သန့်ရှင်းရေးဝန်ထမ်း မိန်းကလေးများ၏ နားနေခန်း ဖြစ်သည်။

ရုတ်တရက် ပြေးဝင်လာသောမှုန်းရွှေစင်ကြောင့် လွတ်လပ် ပျော်ရွှင်စွာနှင့် ပြောဆို နောက်ပြောင် နေကြသောမိန်းကလေးတစ်သိုက် လန့်သွားကြ၏။

သို့သော် သူမ၏ ကြွယ်ဝ ထယ်ဝါသည့် အသုံးအဆောင်၊ သားနားတောက်ပြောင် ရှင်းသန့်သော အသွေးအမွေး စတိုင် တို့ကြောင့် အနည်းငယ် ဟန့်သွားကြ၏။

သူမ မှာ မိန်းမတို့၏ အာဝေနိက ဒုက္ခ ရုတ်တရက် ရက်လွဲ ဖြစ်ပေါ်လာပါသဖြင့် ကူညီကြပါရန် တောင်းပန်ရ၏။

စာနာ နားလည်စိတ်ဖြင့် သူမတို့ထံမှာ ရှိကြသော တံဆိပ်မျိုးစုံသည့် အထုပ်ပေါင်းများစွာကို ချက်ခြင်း ထုတ်ပေးကြရှာ၏။

နောက်တစ်ခု ထပ်ပြီး ကူညီပါဦး၊ ဟိုဘက်စကြံကွေ့ ဆေးခန်း အဝရှေ့မှာ ပုံထားခဲ့လေသော ပစ္စည်းလေးများကို အခန်းထဲအရောက် ပို့ဆောင် ထည့်သွင်းပေးပါမည့် အကြောင်း၊ အစရှိ သည်တို့ကို မှုန်းရွှေစင်တစ်ယောက်

မျက်နှာငယ်လေးဖြင့် ပြောရပြန်၏။

ယုတ္တိတန်အောင်လည်း တစ်ဖက်က လုပ်ပြနေရသေး၏။

လိုလိုလားလား ကူညီကြပါ၏။

တာဝန်ချိန်နှင့် အကိုက်မို့ သူတို့ ထွက်ခွာသွားကြပါပြီ။

ကြည်ကြည်ဖြူဖြူ ကူညီကြသည့် ရွယ်တူ ဝန်ထမ်းမလေးများကို ကျေးဇူးတင်စွာဖြင့် နောက်ကျောဘက်ဆီမှ ကြည့်နေရင်း သူမ တို့၏အလစ်မှာ အရေးပေါ် ထွက်ပေါက်ဆီသို့ ဝင်ခဲ့လိုက်လေတော့သည်။

ဘရိဖ်ကေ့စ် လက်ဆွဲအိတ် နံဘေး သားရေပေါ်မှာ သူမ ရေးသား လိုက်သော မိန်းကလေး လက်ရေး သတိပေးချက်လေးကို အစ်ကို တစ်ယောက် ဂရုမမိပါစေဟု ဆုတောင်းနေရသေးသည်။

ခုထက်ထိတော့ ဘာတွေဖြစ်လို့ ဖြစ်နေမှန်းလဲ မသိ၊

အစ်ကိုတစ်ယောက်လည်း ဘာတွေဖြစ်လို့ ဖြစ်နေလဲ မသိ။

ကိုယ့်ကိုယ်ကိုလည်း ဘာဆက်လုပ်ရမှန်းလည်း မသိ။

အစ်ကိုကို မိသွားပြီး သတ်ပစ်လိုက်ကြလျှင် ဘယ့်နဲ့လုပ်ရပါ့။

အစ်ကိုက အတွင်းသိ မဟုတ်ပါလား။

သူ့ကို နှုတ်ပိတ် စတေး ပစ်ချင် ပစ်နိုင်သည်ကော။

ဒါဆို သူမ အကြီးအကျယ် ရင်ကွဲ ရပါလိမ့်မည်။

အစ်ကို သေသွားခဲ့လျှင်ဟူ၍ စဉ်းစားလိုက်မိရုံလေးနှင့် သူမ၏ရင်ထဲ လှိုက်လှိုက်ခါခါ ဖြစ်သွားရသည်။

တကယ်သာဖြစ်ခဲ့လျှင် ....... ။

အို၊ အို၊ တွေးပင် မတွေးရက်နိုင်အောင်ပါပဲလား။

မျက်ရည်ပူလေးများပင် ထိန်း မရအောင် ကျဆင်းလာသဖြင့် ဂါဝန် လက်မောင်းလေးဖြင့်သုတ်ရန် ပြင်လိုက်သည်။

အို၊ လက်မောင်းပြတ်ဥစ္စာကို မေ့သွားလို့၊ ထို့ကြောင့် ရင်ပုံလေးဆီမှ ဂါဝန်စလေးကို မဒီမကာမ်းလေးနှင့် ပွံ၍အသုတ်၊ နောက်ဘက်နားဆီမှ အလွန်နူးညံ့ သိမ်မွေ့ အေးမြလှသည့် ကြားဖူးနေကျ အသံသြဇာကြည်ကြည်ကို ဝမ်းသာ အံ့သြ ကြည်နူးစွာကြားလိုက်ရလေသည်။

"ညီမလေး၊ မှုန်း၊ အစ်ကို အနားမှာ ရှိတယ်လေ"

"ဟယ်၊ အစ်ကို၊ အစ်ကို မသေဘူးနော်"

"မသေပါဘူးကွယ်၊ ကလေးကို ဘယ်တော့မှ ခွဲမသွား ပါဘူးကွယ်"

သူတို့နှစ်ဦး အထူးတင်းကျပ်စွာ ပွေ့ဖက် မိလိုက်ကြလေသည်။

တစ်ရှိုက်မက်မက် မှုးမှုး ဖူးပွင့်မိလိုက်ကြရင်း နေနတ်မင်းက သူမလေး၏ နဖူးဝင်းဝင်းလေးပေါ်မှ ဖွာ ရရာကြဲနေသော ဆံနွယ် စ လေးများကို ယုယ နွေးထွေး အသာလေး သပ်တင်ပေးနေသည်။

"အစ်ကို ညီမကို ဒိုင်လျှိုထားတာလေးတွေ ရှိသေးတယ် နော်၊ ဟင်း။ ဒီမှာ သိလာခဲ့တာတွေ အများကြီး"

"ဟေ၊ ဘာများပါလိမ့်ကွယ်၊ ရင်များတောင် ထိတ်လှပါဘိ"

"အဲဒီအချက်ကို အစ်ကိုကဒိုင်လျှိုလိုက်လို့ ဒီက ကောင်မတောင် ဟောဟိုက ဦးဒိုင်းမွန်းကြီးရဲ့ သံသယဖြစ်မှုကို ကောင်းကောင်းကြီး ခံခဲ့ရပါသေး တောလားရှင်၊ ဟင်း"

"တောင်းပန်ပါတယ်ကွယ်၊ လိုင်လာနဲ့ အစ်ကိုက ချစ်သူဟောင်းတွေ ဖြစ်ခဲ့ပေမယ့်၊ ခုတော့ မိတ်ဆွေတွေလို ဆက်ဆံကြတာမို့ ပြောဖို့ မေ့၊ ဟဲဟဲ၊ နော်၊ ညီမလေး"

"သွားပါ၊ ဟင်း၊ ခုရော ဒီကကောင်မကို မေ့နေတာပဲ မဟုတ်လား၊ နည်းနည်းလေးတောင် ဖုန်းလေးဆက်ပြီး အကြောင်း မကြားဘူး"

"သဘော်ပေါ်သုံးဖုန်းက လုံခြုံမှုရှိချင်မှ ရှိမှာမို့ မဆက်မိတာပါကွယ်၊ ပြီးတော့လည်း အဲဟိုညကတည်းက ညီမကို ဂါဝန်နဲ့ တကွ အသုံး အဆောင်တွေ အားလုံး လဲလှယ်ပေးလိုက်ခဲ့ပေမယ့်၊ လိုင်လာ ကိုင်နေကျ ဖုန်းကိုတော့ မပေးလိုက် ခဲ့မိဘူး၊ အင်း၊ တက်သုတ် ရိုက်ပြီး လုပ်နေရတော့ မတော်တဆ ကျန်ခဲ့တာ ဖြစ်မှာကွဲ၊ ဒီတော့ ဘယ်လိုလုပ်ပြီး ဆက်လို့ရမှာလဲကွယ်"

"ဟ၊ ဒါဆို လိုင်လာဆီမှာပဲ ရှိနေတာပေါ့နော်"

"အင်းပေါ့၊ အို၊ ဒါပေမယ့်ကွယ်၊ ငါ့ညီမလေးဆီမှာ မရှိ တာပဲ ကောင်းပါတယ်၊ ရှိနေလို့ ရှိရင် လိုင်လာရဲ့ လင်ကြီးနဲ့ အဆက် အသွယ်တွေ ရပြီး ငါ့ကောင်မလေးတစ်ယောက် ဟိုဒင်း ......."

"အစ်ကိုနော်၊ ဟင်း"

"အင်း၊ ဒါနဲ့ လိုင်လာနဲ့ဆင်တူ အစ်ကို ရေထိုးပေးလိုက်တဲ့ ညီမလေးရဲ့ တက်တူးပုံ နေရာလေးကိုကော ဒီလူကြီး ခုထက်ထိ မမြင်ခဲ့ရသေးပါဘူးနော်"

"သွား၊ လျှောက်ပြောနေတာပဲ၊ ရှက်စရာတွေကို၊ ဟင်း၊ အစ်ကို့ရဲ့

အစီအစဉ်တွေက ကောင်းလွန်းလွန်းလို့ သူ့ခမျာ ညီမလေး မြန်မြန် နေကောင်းလာအောင် ဆရာဝန်ကိုပဲ နာနာ လိုမ့်ခေါ်နေတာ ကြားရတာပဲ၊ ခစ် ခစ် ခစ်''

''အဟတ်ဟတ်၊ အင်း၊ အစ်ကိုလည်း စောစောတုန်းက ဒီနားလေးမှာ ထိုင်ပြီး တိတ်တိတ်လေး ချောင်းနေတဲ့ ကောင်မလေး တစ်ယောက်ကို တွေ့လိုက်ရတယ်''

''ဟင်း၊ ပြောတော့မယ် သူများကို''

''မည်းမည်း သည်းသည်း ပေပေတူးတူး စုတ်စုတ်ပြတ်ပြတ် ညစ်ညစ်ပတ်ပတ် ဟာမလေးပါလားလို့ ထင်နေတာ၊ နောက် အနီး ရောက်လာလို့ သေသေချာချာ ကြည့်လိုက်မှ .......''

''မှတ်မိသွားတယ်ပေါ့၊ ဟင်း''

''ချက်ခြင်းကြီးတော့ မမှတ်မိဘူး ဟဲ ဟဲ၊ နောက်မှ အစ်ကို့ လက်ရာ တက်တူးပုံလေးကို ကတ်သီးကတ်သတ် ခက်ခက်ခဲခဲ လှမ်းမြင်လိုက်ရတော့မှ အင်း ....... ဟဲ ဟဲ''

''ဟင်း၊ ကိုညစ်စုတ်၊ ဒီမှာ အန္တရာယ်တွေကြား စိတ်ဒုက္ခများနေရတဲ့ကြား၊ သူပဲ နောက်''

♛ ♛ ♛

“တိုက်ဂါး၊ မစ္စတာဒိုင်းမွန်း တအားကြီး ဒေါသ ထွက်နေ ပုံရတယ်၊ အခန်းတံခါးဝနားကို ပြန်ရောက်လာပြန်ပြီ”

“ငါကြံဖန်ပေးပါ့မယ် လိုင်လာရယ်”

မစ္စတာတိုက်ဂါးက သူ၏ ဘောင်းဘီအိတ်ထဲမှ ဟင်းဖုန်းကို ချက်ခြင်း ထုတ်လိုက်ပြီး တစ်နေရာသို့ဆက်လေတော့သည်။

"အစ်ကို အောက်ဘက်ကော်ရစ်ဒါမှာ မစ္စတာဒိုင်းမွန်း ရောက်လာပြန်ပြီ ကြောက်လိုက်တာ အစ်ကိုရယ်"

လေသံသဲ့သဲ့လေးနှင့်တိုးတိုးလေးပြောလာသူ ကလေးမကို နေနတ်မင်းက ရင်ခွင်ထဲထွေးထားရင်း အားပေးနေ၏။

မစ္စတာဒိုင်းမွန်းမှာ ဒေါသကို ပေါက်ကွဲခွင့် မရသေးသဖြင့် ဆေးခန်း အဝ ပတ်ဝန်းကျင်မှာပင် ဝဲလည် လှည့်နေဟန်ရှိသည်။

ထိုစဉ်မှာပင်

"ဟော၊ အစ်ကို့ကို ဖုန်းခေါ်နေပါလား"

နေနတ်မင်း၏ အာမေဍိတ်သံ တိုးတိုးလေး။

ဘုရား၊ ဘုရား၊ တော်သေးတာပေါ့၊ ခုလို ရုတ်ရုတ်သဲသဲတွေ ဖြစ်နေရသည့် ကြားမှာ ဖုန်းသံကို ဖြုတ်ထားပေလို့။

နို့မို့ဆို တယ်လီဖုန်းသံကြောင့် ဒုက္ခတွေ ပွားကုန်နိုင်သည်။

ထို့ကြောင့် ဖုန်းက အသံတော့ မမြည်။

ဘိုင်ဘရေးရှင်း အလမ်း ခေါ် တုန်ခါမှုပြအချက်ပေးစံနစ်က နေနတ်မင်း၏ ခန္ဓာကိုယ်တစ်နေရာကို အချက်ပေးလာသည်။

**စိန်စာပေ**

နေနတ်မင်းက ဘောင်းဘီရှည်အိတ်ထဲမှ ဟင်းဖုန်းလေးကို အသာနှိုက်ယူလိုက်သည်။

နံဘေးမှာ မှောက်လျက်လေးနေရင်း အောက်ဘက်သို့ အတူ ချောင်းနေသော မှုန်းရွှေစင်လေး ခမျာ မျက်လုံးလေးဝိုင်းကာ မော့ကြည့် နေရှာသည်။

နေနတ်မင်းခမျာ ဟင်းဖုန်း၏ ဒစ္စပလေး မြင်ကွင်း ဒိုင်ခွက်ကို ကြည့်လိုက်တော့ ဆရာကြီးတိုက်ဂါးဆီမှ ဖုန်းဖြစ်နေ၏။

နေနတ်မင်း နည်းနည်း တွေဝေ နေစဉ် မှုန်းရွှေစင်၏ နား ထဲမှာတော့ အချက်ပေးသံများ ဆူဝေလာနေသည်။

"အစ်ကို၊ ဘယ်သူ ခေါ်ခေါ် ဖုန်း မဖြေနဲ့၊ ပိတ်ချလိုက်"

မှုန်းက နေနတ်မင်း၏လက်ထဲမှ ဖုန်းကို ဖတ်ခနဲ ဆွဲလုကာ ပြောပြောဆိုဆိုနှင့် ပိတ်ချလိုက်သည်။

"ဘယ်သူ့ ဖုန်းလဲ အစ်ကို"

"ဆရာကြီးတိုက်ဂါး"

"အစ်ကို ညီမမှာ ထူးခြားတဲ့စိတ်ခံစားချက်တစ်ခုရှိတယ်၊ အန္တရာယ်ဆိုတဲ့ အသိတစ်ခုကိုရပြီဆိုရင် ညီမနားထဲမှာ ထူးထူး ခြားခြား အချက်ပေးသံတွေကြားရတတ်တယ်"

"ခု ဖုန်း လာလာချင်းကော ကြားရသလား"

"ကြားရတယ်"

"အဲဒီလူကြီးက အစ်ကိုနဲ့ ညီမကို ဒုက္ခရောက်အောင် ထိုး ကျွေးနေပြီလို့ ခံစားနေရတယ်"

မှုန်းရွှေစင်က စကားပြောရသည်မှာ အားမရ ဖြစ်လာသဖြင့် နေနတ်မင်း၏ လည်ပင်းကို ဆွဲနိုလိုက်ပြီး နားနားသို့ကပ်၍ ပြောပြန်လေသည်။

"ညီမလေးတို့ ဒီအနီးအနားတစ်ဝိုက်မှာ ပုန်းအောင်း နေမှန်းသိလို့ မစွတာဒိုင်းမွန်းကြားသွားအောင် တမင်သက်သက် ဖုန်းသံ ပေးတာ အစ်ကိုရဲ့၊ ဒါဆိုရင် ညီမတို့နဲ့ ဆေးခန်းထဲက အကြောင်းတွေကို သိရအောင် သူတို့လည်း ဒီအနီးအနားတစ်ဝိုက်မှာ စောင့်ကြည့်ကောင်း ကြည့်နေနိုင်တယ်၊ အစ်ကိုရဲ့"

"ဒါဖြစ်နိုင်တာပေါ့၊ အင်း၊ ဒါနဲ့ အစ်ကိုသိချင်တာလေး ရှိသေးလို့ မေးစမ်းပါရစေ၊ အစ်ကိုကို တွေ့စကရော ဒီလိုအချက်ပေးသံတွေကိုကြားရသလား"

"ဟင့်အင်း"

"ဘာဖြစ်လို့"

"မှုန်း အပေါ် ......."

"ပြောလေ"

"ကြင်နာ..... ချစ်ခင် ....စောင့်ရှောက်မယ့် သူမို့ပေါ့"

"သိပ်ချစ်သွားပြီ ကလေးရယ်"

"ဒီတော့ အခု ညီမမှာ အကြံတစ်ခုရတယ်၊ စမ်းသပ် ကြည့်ကြရအောင်နော် အစ်ကို"

"ပြော၊ ကလေး"

♛ ♛ ♛

"ငေါင့်ငေါင့်၊ ဝေါင့်၊ ငေါင့်၊ ကိန့်၊ ငိုင်၊ ငေါင့်"

"လိုင်လာ၊ မင်း၊ ဟင်းဖုန်းမှာ ဖုန်းဝင်နေပါလား"

"ဟယ်၊ ဟုတ်ပါရဲ့၊ ဖုန်းသံကို အပြင်က ကြားကုန်တော့မှာပဲ၊ လုပ်ပါဦး"

"ဒါဆိုလည်း မြန်မြန် ကိုင်လိုက်လေကွာ"

"အာ၊ ကျွန်မ လက်ထဲမှာ ဖုန်းက မရှိဘူး၊ ဘယ်နားမှာ ထားခဲ့မိပါလိမ့်"

"မင်းဂါဝန်ထဲကနေ ဘယ်ကိုများ ထွက်ကျရသလဲကွ၊ မြန်မြန် ရှာစမ်း၊ ဒုက္ခပါပဲ"

"ဒါတော့ ကျွန်မ ဘယ်သိပါ့မလဲရှင့်၊ မြန်မြန် လိုချင်ရင်မီးဖွင့်လိုက်မှ ရမှာပေါ့ရှင့်"

"မီးဖွင့်လိုက်လို့ ဖြစ်မလားကွ၊ အခန်းရှေ့က မင်းလင်ကြီး က လည့်မှ လည်ပါ့ဘိသနဲ့"

ခွေးလေးဟောင်သံ စာစာ အသံများက အဆက်မပြတ် ဆူညံစွာ ထွက်ပေါ်နေဆဲ၊

လုံးဝရပ်တန့်မသွား၊

**စိန်စာပေ**

တစ်ဖက်မှ ဖုန်းလှမ်း ဆက်သူကလည်း ဖုန်းမချတမ်း၊ ဖွဲ့ကပ်ပြီး ဆက်ပဲဆက်နေသည်။

ဖုန်းသံများ မြည်နေရာ နေရာများမှာ ဖုန်းမှ မီးအလင်းရောင်လေး ထွက်ရှိနေရမည်ဖြစ်၍ ထိုအလင်းရောင်ကို လိုက်လံ ရှာဖွေနေပါသော်လည်း အလင်းရောင်ကို မတွေ့။

"ကျွန်မ မှတ်မိပြီ၊ ရှင်စောစောတုန်းက ဒေါသထွက်ထွက်နဲ့ စောင်နဲ့ အိပ်ရာခင်းကို ဆွဲလွှင့် ပစ်လိုက်ခဲ့တယ်မဟုတ်လား၊ အဲဒီတုန်းက ကျွန်မ ဂါဝန် အိတ်ထဲက တစ်ဆင့် အိပ်ရာခင်းပေါ်မှာ ကျနေတဲ့ ကျွန်မရဲ့ ဟင်းဖုန်းကိုပါ ဆွဲလွှင့်ပစ်လိုက်သလို ဖြစ်သွားခဲ့မှာပေါ့"

"ဟေ၊ ဒါဖြင့်ခု အဲဒီဟင်းဖုန်းဟာ ကြမ်းပေါ်က တစ်နေရာရာမှာ တစ်ခုခုနဲ့ အုပ်ရင် အုပ်နေနိုင်တယ်၊ ဒါမှ မဟုတ်ရင်လည်း ဆိုဖာခုံတွေရဲ့ အောက်ဘက် ထဲမှာများ ရောက်နေနိုင် . . . . . . ."

"ဖောက်"

"ဖောက်"

တံခါးရွက်ကြီးဆီ ပစ်ခတ်လိုက်သံ ခပ်အုပ်အုပ်။

အခန်းတံခါးမကြီးရှိ တံခါးသော့ ခလုတ် ရုတ်တရက်ကြီး ပြုတ်ထွက်သွားသည်။

စကြိုမီးရောင်အလင်းအောက်မှာ လိုင်လာနှင့် တိုက်ဂါးက ကြမ်းပြင်များပေါ်မှာ လေးဖက်ထောက် ကိုယ်စီ နှင့် မျက်လုံးများ ကျိန်းနေကြသည်။

ကြောင်တောင်တောင်နှင့် မှင်သက်မိ နေကြသည်။

ဝင်လာသူက တံခါးကို အမြန်ပြန် ပိတ် စေ့လိုက်သည်။

အခန်းဝမှ မီးခလုတ်ကို ဖွင့်လိုက်သည်။

လောင်းကုတ် အကျီဖားဖားကြီးနှင့် အရပ်မြင့်မြင့်လူကြီး။

ဂေါက်ရိုက်ဦးထုပ်ကြီးကို ချွတ်လိုက်သည်။

လင်းပြောင်နေသော ဦးကင်းကြီး ပေါ်လာလေသည်။

အိတ်ထဲထည့်ထားသောလက်ကို ပြန်နှုတ်လိုက်သည်။

ဆေးဘက်ဆိုင်ရာသုံး လက်အိတ်များ စွပ်ထားသည်။

လက်ထဲမှာ ယမ်းငွေ့ မသေသေးသော ပစ္စည်းလေး ပါလာသည်။

မစ္စတာတိုက်ဂါးက မမြင်မကန်း ပိုးတိုးဝါးတားဖြင့် စာရေး စားပွဲပုလေး၏

အံဆွဲကို ကမန်းကတန်း ဆွဲနေ၏။

အံဆွဲတစ်ခုလုံးပြုတ်ကျလာ၏။

ထိပ်ပြောင်ကြီး ကိုင်ဆောင်ထားသော အလားတူ လက်နက်မျိုးလေးပါ ဘွားခနဲ ကျလာသည်။

တိုက်ဂါးက ကောက်ကိုင်ရန်အပြင် ဒိုင်းမွန်း ထိပ်ပြောင်ကြီး၏ လှုပ်ရှားမှုများက မဆုတ်မဆိုင်း၊

ပြတ်ပြတ်သားသား။

ဦးခေါင်းနောက်စေ့ကို ပိတ်ရိုက်လိုက်ရာ တိုက်ဂါး တစ်ချီတည်းနှင့် မှောက်ကျသွားလေသည်။

ပြီးသော် လိုင်လာဘက်သို့ လှည့်လိုက်သည်။

ထိပ်ပြောင်က လုံးဝ တွေဝေနေခြင်းမရှိ။

"ဒါလင်၊ အိုး၊ မလုပ်ပါနဲ့"

"ဖောက်"

"အ အား"

မေ့မျောနေသော တိုက်ဂါး၏ ပါးစပ်ထဲသို့ ပြောင်းကို ထိုးထည့်လိုက်သည်။

ခလုပ်နှိပ်ချလိုက်သည်။

"ဖောက်"

နောက်ဆုံးတွင် တိုက်ဂါး၏ လက်ထဲသို့ ထိုလူသတ် ပစ္စည်းလေးကို ထိုးထည့်လိုက်ပြီး ကျစ်ကျစ်ပါအောင် ကိုင်ခိုင်း လိုက်၏။

"ဝေါင့်၊ ဝေါင့်၊ ဝေါင့်၊ ဝုတ်၊ အောင့်၊ ငိုင့်၊ ငိုင့်"

ဖုန်းက နောက်တစ်ကြိမ်ပင် ထပ်ခေါ်နေပြန်သည်။

အခန်းထောင့် ချောင်ထဲဝင်နေသောဖုန်းကို ရှာဖွေကာ ပိတ်ချလိုက်သည်။

တလက်လက်နှင့် ဝင်းဝင်းတောက်နေသော စိန်တုံး စိန်ခဲစိန်ပွင့်ကြီးများပါသော ကတ္တီပါ ရှုံ့အိတ်လုလုလေးကို လောင်းကုတ်ထဲမှ ထုတ်လိုက်သည်။

နောက် ဖြည်းချ လိုက်သည်။

ကြမ်းခင်းပေါ်မှာ ဖျိုးပြက် ဝင်းပ ပြန့်ကျဲ သွားစေလေသည်။

သူ့ အဖို့ သိပ် များများစားစားကြီးဟု မဆိုသာပါ။

သူတို့နှစ်ဦး အတွက်ကတော့ ဒါအတွက် ဝေစုခွဲရင်း လုကြ ယက်ကြ

ပစ်ကြ ခတ်ကြ သည်ပေါ့။

အံဆွဲထဲမှကျလာသော တိုက်ဂါးဓါလက်နက်လေးကို ကုန်း၍ ကောက်လိုက်သည်။

လောင်းကုတ်အတွင်း အိတ်ထဲသို့ သေသေချာချာ ထည့်လိုက်သည်။

မကြာမီ ဒါလေးလည်း ပင်လယ်နက်ကြမ်းပြင် တစ်နေရာပေါ်မှာ ထာဝရ တည်ရှိနေပါလိမ့်မည်။

## “မောင်မယ် တူယှဉ် လွတ်လပ် ပျော်ရွှင်”

“အစ်ကို အကုန် ရိုက်ယူထားလိုက်နိုင်လား၊ ဟင်”

“ဒီ သံဇကာလေးကနေ မြင်ရသလောက်တော့ ရိုက်ယူလိုက်နိုင်ခဲ့ပါတယ်”

“မစ္စတာဒိုင်းမွန်း အဲဟို အခန်းဝတံခါးကို ပစ်ခတ်လိုက်တဲ့ လှုပ်ရှားမှုတွေရယ်၊ အခန်းထဲ ဝင်သွားပုံရယ်နဲ့ အခန်းထဲမှ ထွက်ခွာသွားပုံတို့ကတော့ အစ်ကိုရဲ့ တွဲလ်ပ္ပိုင့်တူး မက်ဂါပစ်ဖဲလ်တပ် ဟင်းဖုန်း ကင်မရာလေးက အပီအသ အကြည်အမြ ရိုက်ယူ ထားနိုင်ခဲ့ပါတယ်တဲ့ ဗျား”

“အစ်ကို သဘောလုံခြုံရေး ပုလိပ်တွေဆီကို ဖုန်းဆက် လိုက်တော့လေ”

“ဟင့်အင်း၊ နေပါဦးကွယ်၊ အစ်ကိုက ညီမလေးနဲ့ ဟောဒီ မှောင်မှောင်မည်းမည်း ချောင်ဂလောင်လေးထဲမှာပဲ အတူတကွ ပူးပူးကပ်ကပ် နွေးနွေးထွေးထွေးလေး နေချင်သေးတယ်ကွာ၊ မဝ သေးဘူး”

“ကဲ တော်ပါ၊ နောက် မနေပါနဲ့၊ ဟင်း”

“ညည်းလေးကရော ငါနဲ့ မနေချင်ဘူးလား”

**စိန်စာပေ**

"တော်ပြီ မနေချင်တော့ဘူး၊ ချစ်သူရှိခဲ့ဖူးပါတယ်ဆိုတာကို ဒိုင်လျှို တတ်တဲ့ လူကြီးနဲ့ မနေချင်တော့ပါဘူး"

"လုပ်ပါနဲ့ကွာ၊ ဒီအကြောင်းတွေ သိသွားရင် မင်းလေး ငါ့ကို စိတ်ပျက် သွားမှာ စိုးလို့ပါကွာ၊ ပြီးတော့ လိုင်လာနဲ့ အစ်ကိုတို့က မိတ်ဆွေ အဆင့်ထက် မပိုတဲ့ ဘဝမှာ ရှိနေကြတာမို့ ထူးပြီး မပြောဖြစ်တော့တာပါကွာ"

"အင်၊ ဟုတ်လို့လား၊ ဒီကကောင်မကိုလည်း သူ့ရည်းစားဟောင်းနဲ့တူလို့ စိတ်ကစားပြီး မျက်စိလည်လာတာကိုများ အဟုတ်အောက်မေ့ပြီး ပြန်ချစ်နေမိ"

"မင်းရုပ်လေးကိုပဲ ငါက မြင်မြင်ချင်းကို ချစ်မိတာပါကွာ"

"ကျိန်"

"ပေထက် အက္ခရာ နက်ပြီး ကျိန်ဆိုတာထက်တောင် ကျိန်ပြလိုက် ချင်ပါသေးတယ်ကွယ်"

"အံမယ်၊ ဟုတ်လည်းဟုတ်ဖဲနဲ့"

"ဟုတ်ပါတယ်တဲ့ဗျား၊ အသားထက် အက္ခရာစွက်ပြီးတောင် ကျိန်ထား ခဲ့ပြီးပါပြီ"

"ရှင်၊ ဘာပြောတာလဲ၊ ကျွန်မ နားမလည် ......."

"အဟဲဟဲ၊ မင်းလေးကို တက်တူး ဆေးမင်ကြောင်ပုံလေးထိုးပေးစဉ် ကတည်းကပေါ့၊

ငါပိုင်ဆိုင်ရမယ့်၊

ငါ့အသွေးအသားနဲ့ ထပ်တူဖြစ်လာမယ့်၊

ငါနဲ့ တစ်ဘဝတည်းဖြစ်လာမယ့်၊

ငါနဲ့ တစ်ဘ်တစ်သဘောတည်းဖြစ်လာမယ့်၊

ငါ့ဇနီးလောင်းလေးကို အဲဒီတုန်းကတည်းက အသက်ထက်ဆုံး မပျောက်ပျက်စေတဲ့ ငါ့ရဲ့ကတိသစ္စာ အသား တံဆိပ် ခတ်နှိပ် ပေးခဲ့ပါတယ်၊ မင်းကိုယ်မင်းတော့ ပြန်ပြီး မြင်နိုင် ချင်မှ မြင်နိုင် ပါလိမ့်မယ်၊ ဟဲ ဟဲ ဟဲ"

"ကိုနေနတ်မင်း၊ လူညစ်စုတ်၊ သူတစ်ပါးကို အခွင့်မရှိဘဲ ပိုင်စိုးပိုင်နင်းနဲ့ ဆေးပညာကို ခုတုံးလုပ်ပြီး တစ်လွဲသုံးစွဲတယ်"

"အပြည့်ပြည့်ဆိုင်ရာ ဆေးကောင်စီကို တိုင်နိုင်ပါ တယ်ဗျား"

"ဆေးကောင်စီကို တိုင်နေရင်ကြာပါတယ်၊ ကျွန်မက ရှင့်ကို ဟောဒီလို"

"အား အား အား အမလေး နာပါတယ်ဗျ။ အား အား"

"ကဲ မှတ်ပြီလား၊ ကဲ၊ ကဲ"

"ဗိုက်ခေါက်ကို ဆွဲ လိမ်ရတာ ခက်ပါတယ် ကလေးရယ်၊ ဒီဝ
လွယ်လွယ်ကူကူ ဆွဲလို့ရတဲ့နေရာ တစ်နေရာ ရှိပါတယ်၊ဟဲ ဟဲ၊ အ း
အား"

"သိပ်မုန်းဖို့ကောင်းတာပဲ၊ ဟင်း"

♛ ♛ ♛

ဘယာနက

ဖတ်လမ်း စိတ်ကူးရှင် ကျူးရင့်တာ နှင့် ဖူးရွှေတာ

စိန်စာပေ